# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၂၅]


**ဒါနဥ္စ တံမင်္ဂလ မုတ္တမံ**

**စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

## ယနေ့ဖတ်စရာ

**နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ထပ်မံစေလွှတ်မည့် အမည်စာရင်း**

စာမျက်နှာ » ၃

**မြန်မာ့တပ်မတော်မှ တိုင်းရင်းသားများအပေါ် ဖိနှိပ်နေသည်ဟု ပြောဆိုမှုများသည် လွဲမှားသည့် ပြောဆိုမှုများသာဖြစ်**

စာမျက်နှာ » ၄

**နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ငွေရေးကြေးရေး ကဏ္ဍမှာ အဓိကကျ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့် ဘဏ်များ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်**

စာမျက်နှာ » ၅

# ကမ္ဘာလှည့်ခရီးသွားများ မော်တော်ယာဉ်များဖြင့် နယ်စပ်ဝင်ပေါက်များမှ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်

နေပြည်တော် ဩဂုတ် ၂၅

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ မော်တော်ယာဉ်တန်းခရီးစဉ်များဖြင့် စဉ်ဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိသည်။**



မိုးစင်ကြယ်ခရီးသွားကုမ္ပဏီလီမိတက်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တရုတ်နိုင်ငံသား ဧည့်သည်ကိုးဦးသည် မော်တော်ယာဉ်သုံးစီးဖြင့် ဩဂုတ် ၁၂ ရက်က မူဆယ်မြို့မှတစ်ဆင့် မန္တလေး-ပုဂံ-ရန်ကုန်-ကျိုက်ထို-မြဝတီမြို့များသို့ လည်းကောင်း၊ ဩဂုတ် ၁၇ ရက်က Wide View Travels & Tours Co.,Ltd. ၏စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသားဧည့်သည် ၇၈ ဦးသည် မော်တော်ယာဉ် ၂၆ စီးဖြင့် မြဝတီမြို့မှတစ်ဆင့် ဘားအံ-မော်လမြိုင်-ထားဝယ်-မောင်းမကန်-ထီးခီးမြို့များသို့လည်းကောင်း သွားရောက်လည်ပတ်ကာ ထိုင်းနိုင်ငံသို့ ဩဂုတ် ၁၉ ရက်နှင့် ၂၂ ရက်တို့တွင် ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မိုးရာသီကာလဖြစ်သော်လည်း မြန်မာ နိုင်ငံသဘာဝရှုခင်း အလှအပများ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာ လက်ရာနှင့် တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာဓလေ့များကို သိရှိလိုမှုများလာခြင်းတို့ကြောင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့များဖြင့်သော်လည်းကောင်း ပြည်ပမော်တော်ယာဉ်များဖြင့် လာရောက်လည်ပတ်မှုများ တိုးတက်မြင့်မားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောဆင်ရိုင်းအုပ်အား ဒေသခံပြည်သူလူထု အသက်အိုးအိမ်ထိခိုက်မှု မရှိစေဘဲ မူရင်းဒေသပဲခူးရိုးမတစ်ဝိုက်သို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

“ဒေသခံပြည်သူလူထုအနေဖြင့် တောဆင်ရိုင်းများအား ဝိုင်းဝန်းကြည့်ရှုခြင်း၊ ခြောက်လှန့်ခြင်းများ၊ ဓာတ်ပုံရိုက်ခြင်း မပြုလုပ်ကြရန်နှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၏ ဆင်အန္တရာယ် ကင်းရှင်းရေး မေတ္တာရပ်ခံနိုးဆော်”

စာမျက်နှာ ၁၂






# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ကန်ထရိုက်လုပ်ငန်းများနှင့် အိမ်ငှားဘဝ

ရန်ကုန်မြို့၏ ဆင်ခြေဖုံးမြို့နယ်များ၌ ၂၀၁၃၊ ၂၀၁၄ နှစ်နှစ်တာအတွင်း အထပ်မြင့် ကန်ထရိုက်အိမ်ရာများ ဆောက်လုပ်မှုများပြားခဲ့သည်။ ဆင်ခြေဖုံးမြို့နယ်များ၌ အထပ်မြင့်အိမ်ရာ အများအပြားထွက်ပေါ်လာသည်။ ဤသို့ အထပ်မြင့် သန့်ရှင်းသပ်ရပ်သော အိမ်ရာများပေါ်ထွက်လာခြင်းသည် လူနေမှု ရှုထောင့်ကကြည့်လျှင်ကောင်းပါသည်။ သို့သော် မည်သည့် နေရာတွင်မဆို အကောင်းအဆိုးတို့သည် ဒွန်တွဲလျက်ရှိပါသည်။ ကန်ထရိုက်ဆောက်လုပ်သော အိမ်ရှင်အချို့သည် အိမ်ငှားဘဝဖြင့် နှစ်နှင့်ချီ၍ နေထိုင်နေကြရပြီး မရေမရာရှန်းကန်နေကြရသည်ကို တွေ့ရ၏။

ကန်ထရိုက်ဆောက်သော အိမ်ရှင်တစ်ဦးအနေဖြင့် တိုက်ခန်း နှစ်ခန်း၊ အချို့သုံးခန်းနှင့် ပြောင်းရွှေ့စရိတ် ကျပ်သိန်း ၁၀၀ မှ ၂၀၀ အထိရရှိကြပါသည်။ ထိုငွေဖြင့်ပင် အိမ်ငှားကြရပါသည်။ အိမ်ငှားစရိတ်မှာလည်း အလွန်ဈေးမြင့်ပါသည်။ တစ်လကျပ်တစ်သိန်းဝန်းကျင်ရှိပါသည်။ ယင်းမှာ အလယ်အလတ်အဆင့်မျှသာ ဖြစ်ပါသည်။ နေရာကောင်း၊ အကွက်အကွင်းကျသော နေရာများတွင် အိမ်ငှားခမှာ ကျပ်နှစ်သိန်းမှ သုံးသိန်းအထိရှိပါသည်။ နှစ်နှင့်ချီ၍ အိမ်ငှားနေရသော မိသားစုများအဖို့ အိမ်ငှားခနှင့်ပင် ရှန်းကန်နေကြရပါသည်။ ဤသို့ဖြင့် ကန်ထရိုက်အပ်သူများနှစ်နှင့်ချီ၍ အိမ်ငှား ဘဝဖြင့် နေရခြင်းမှာလည်း အကျိုးဆက် အကြောင်းဆက်များ ရှိနေပါသည်။

ကန်ထရိုက်လုပ်ငန်းကို ရိုးရိုးသားသားလုပ်ကိုင်သူများ ရှိသလို မရိုးမသားလုပ်သူများလည်း အများအပြားရှိပါသည်။ အချို့က ကြိုပွိုင့်ငွေများယူပြီးထွက်ပြေးကြသည်။ အချို့က တိုက်ခန်းတစ်ခန်းတည်းကို လူလေးငါးဦး ကြိုပွိုင့်ရောင်းထားသည်။ ကန်ထရိုက်တိုက်ပြီးချိန်တွင် ကြိုပွိုင့်ရောင်းထားသူများ ဆုံနေ၍ တရားရုံးများ၌ ဖြေရှင်းနေကြရသည်။ အချို့မှာ အိမ်များကို ဖျက်ပြီးသော်လည်း ဆောက်လုပ်ခြင်း မရှိဘဲ နှစ်နှင့်ချီ၍ထားသည်။ အချို့မှာ အောက်ခြေ ဖောင်ဒေးရှင်းအဆင့်သာ ပြီးသည်။ ဆက်လက်ဆောက်လုပ်ခြင်းမပြုတော့ဘဲ ပစ်ထားကြသည်။

ကန်ထရိုက်တာများသည် နေရာတစ်နေရာတည်း ဆောက်လုပ်ခြင်း မပြုဘဲ အနည်းဆုံး လေးငါး နေရာဆောက်လုပ်နေကြသည်။ တစ်နေရာတွင် တိုက်ခန်းရောင်း၍ ငွေပေါ်မှ အခြားတစ်နေရာကို ဆောက်လုပ်ပါသည်။ ခြောက်ထပ်တိုက်တစ်လုံးဆောက်လျှင် အနည်းဆုံးကျပ်သိန်းခုနှစ်ရာခန့် ကုန်ကျနိုင်ကြောင်း သိရပါသည်။ တိုက်ခန်းဈေးနှုန်းများမှာလည်း ကျပ်သိန်း ၃၀၀၊ ၄၀၀၊ ၆၀၀၊ ၈၀၀ အစရှိသဖြင့် ဈေးရှိပါသည်။ မြေညီထပ်သည် ဈေးအမြင့်ဆုံးဖြစ်ပါသည်။ သာမန်ဝင်ငွေကောင်းသူအဖို့ တိုက်ခန်းဝယ်ရန်မလွယ်ပါ။ ထို့ကြောင့်လည်း တိုက်ခန်းများ ရောင်းထွက်မှုနှေးကွေးနေ၍ နောက်တစ်နေရာ ဆက်လက်ဆောက်လုပ်ရန် ရှန်းကန်နေကြပါသည်။ နောက်တစ်နေရာ ဆောက်လုပ်ရန် ငွေကြေးလိုအပ်ချက်အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ တစ်ဆက်တည်းမှာပင် အိမ်အဖျက်ခံထားရသူများ အိမ်ငှားဘဝဖြင့် နှစ်နှင့်ချီ၍ နေထိုင်နေကြရပါသည်။ သို့ပါ၍ ကန်ထရိုက်တိုက်ဆောက်မည့် ပြည်သူများအနေဖြင့် အိမ်ငှားဘဝဖြင့် နှစ်ကာလကြာရှည်နေထိုင်ရခြင်းမှ ကင်းဝေးစေရန်မှာမူ မိမိတို့၏ ဆင်ခြင်တုံတရားဖြင့် သတိထားကြရန်ဟူ၍သာ အသိပေးတင်ပြအပ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

"မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ရွေးကောက်ပွဲဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ကြီးမှူး၍ "ရွေးကောက်ပွဲဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးရဲအောင်မြင့်က နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရွေးကောက်ပွဲကို စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိရာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိစွာ ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ နိုင်ငံ၏ ပုံရိပ်ပင်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် အဖွဲ့သစ်များအဖြစ် ပါဝင်ဆောင်ရွက်ကြမည့် ခရိုင်နှင့် မြို့နယ်ဥပဒေရုံးအသီးသီးရှိ ဥပဒေအရာရှိများအနေဖြင့် ဆင့်ကဲဆင့်ကဲသင်တန်းများ ပေးသွားရမည်ဖြစ်ပြီး ကြီးကြပ်ဆောင်ရွက်ရမည်လည်းဖြစ်သဖြင့် ဆွေးနွေးချက်များကို နားလည်သဘောပေါက်အောင် ဆွေးနွေးကြရန် လိုအပ်ကြောင်းနှင့် တရားမျှတသော သန့်ရှင်းသော ရွေးကောက်ပွဲကြီးကျင်းပနိုင်ရန်အတွက် ကဏ္ဍအလိုက်အဘက်ဘက်က ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းစသည်ဖြင့် မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်ဦးဘိုရွှေက မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ကျင်းပရေးဆိုင်ရာ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်တင်မြှောက်ခြင်းကဏ္ဍနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် အမိန့်၊ အမိန့်ကြော်ငြာစာ ညွှန်ကြားချက်များကိုလည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်တွင် အီတလီနိုင်ငံမှ ပညာရှင်ဟောပြော

**ရန်ကုန် ဩဂုတ် ၂၅**

သွားဘက်ဆိုင်ရာဆေးပညာ အဆက်မပြတ်တိုးတက်ပြန့်ပွားရေးအတွက် အီတလီနိုင်ငံ University di Genova Dental School မှ Dr. Claudio Novelli သည် ယနေ့ နံနက်တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၌ Aesthetic Dentistry (Edel- weiss veneers and Occlusions) ခေါင်းစဉ်ဖြင့်ဟောပြောခဲ့ပြီး မွန်းလွဲပိုင်းတွင် ဆေးလက်တွေ့သရုပ်ပြခြင်း (Hand -on) ပြုလုပ်ခဲ့ကြောင်းနှင့် ဆရာ၊ ဆရာမများနှင့် ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၀.၈၄ |

ခင်ရတနာ-စုစည်းသည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၁၇/၂၀၁၅**
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

## ကရင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ်၊ ၉/၂၀၁၁ ဖြင့်ကရင်ပြည်နယ်အစိုးရအဖွဲ့တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့သော ဦးဇော်မင်း ကို တပ်မတော်မှ အငြိမ်းစားပေးခဲ့ပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၁၈/၂၀၁၅**
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ အမိန့်အမှတ်၊ ၁၅/၂၀၁၄ ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့သော ဦးမောင်မောင်အုန်း ကို တပ်မတော်မှအငြိမ်းစားပေးခဲ့ပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်မှ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မနုဿဗေဒပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် မနုဿဗေဒပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ့မြေပေါ်ရှိ လူမျိုးများသည် မွန်ဂိုလွိုက် (Mongoloid)၊ နီဂရိုက် (Negroid)၊ ကော့ကဆွိုက် (Caucasoid)စသည့် လူမျိုးကြီးသုံးမျိုးအနက်မှ မွန်ဂိုလွိုက်လူမျိုးများ၏ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ နီးစပ်မှုရှိကြောင်း၊ တိုင်းရင်းသားများ မည်သို့မည်ပုံဆင်းသက်မှု ပေါက်ဖွားပေါ်ပေါက်လာကြောင်း၊ ၎င်းတို့ကို မနုဿဗေဒရှုထောင့်မှ နက်နက်နဲနဲ လေ့လာသုတေသနပြုမှုများ ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ ရှေးဟောင်းသုတေသနက တူးဖော်သုတေသနပြုခြင်းဖြင့် ရှေးအတိတ်လူသားတို့၏ ဇာစ်မြစ်ကို လေ့လာသုတေသနပြုနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တူးဖော်တွေ့ရှိရသည့် အရိုးစုများအား DNA နှင့် မျိုးရိုးဗီဇ စစ်ဆေးမှုများ ပြုလုပ်နိုင်မည်ဆိုပါက ပိုမိုတိကျခိုင်မာသည့် အထောက်အထားများရရှိနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် နောက်နောင်တွင်လည်း မြန်မာတိုင်းရင်းသားများနှင့် သက်ဆိုင်သည့် မနုဿဗေဒရှုထောင့်စုံမှပါဝင်သော သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ထပ်မံစေလွှတ်မည့် အမည်စာရင်း

| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့်ရရှိသောတက္ကသိုလ် | နိုင်ငံ |
|---|---|---|---|---|---|---|
| ၁ | မပိုးနန္ဒာကျော် | Mdy-PGP-0521 | ပါရဂူဘွဲ့ | Horticulture | Curtin University | ဩစတြေးလျ |
| ၂ | မဆုမွန်အေး | Ygn-PGP-0605 | ပါရဂူဘွဲ့ | Pharmacy and Pharmaceutical Sciences | Monash University | ဩစတြေးလျ |
| ၃ | ဒေါက်တာ ဝင်းမင်းဦး | Mdy-PGP-0777 | ပါရဂူဘွဲ့ | Medicine | University of Sydney | ဩစတြေးလျ |
| ၄ | မချယ်ရီဇင်ဦး | Ygn-PGP-0076 | ပါရဂူဘွဲ့ | Education | University of New South Wales | ဩစတြေးလျ |
| ၅ | မဇင်မေထွန်း | Ygn-PGM-0758 | မဟာဘွဲ့ | Tourism & Hospitality | International College of Management Sydney | ဩစတြေးလျ |
| ၆ | မဝင့်ဝင့်သက် | Ygn-PGM-0692 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၇ | မရှာန်လဲန်တီာ | Ygn-PGM-0508 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၈ | မဆုမြတ်သီရိစိုး (ခ) စန္ဒာအောင် | Ygn-PGM-0165 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၉ | မဆုထက်ဇော် | Ygn-PGM-0524 | မဟာဘွဲ့ | Educational Leadership and Management | La Trobe University | ဩစတြေးလျ |
| ၁၀ | မောင်အောင်ချမ်းမြေ့ | Mdy-PGM-0004 | မဟာဘွဲ့ | Information Technology | Macquarie University | ဩစတြေးလျ |
| ၁၁ | မောင်သန့်စင်ဝင်း | Ygn-PGM-0571 | မဟာဘွဲ့ | Mechanical Engineering | Monash University | ဩစတြေးလျ |
| ၁၂ | မောင်ဟိန်းထက် | Mdy-PGM-0097 | မဟာဘွဲ့ | Aerospace and Aviation | RMIT | ဩစတြေးလျ |
| ၁၃ | မောင်ကျော်ဇေမင်း | Ygn-PGM-0285 | မဟာဘွဲ့ | Aerospace and Aviation | RMIT | ဩစတြေးလျ |
| ၁၄ | မဖြိုးသီရိအောင် | Mlm-PGM-0035 | မဟာဘွဲ့ | Education (TESOL) | University of South Australia | ဩစတြေးလျ |
| ၁၅ | မအေးမြတ်သီရိကျော် | Ygn-PGM-0034 | မဟာဘွဲ့ | Structural Engineering | University of Sydney | ဩစတြေးလျ |
| ၁၆ | မခန့်စန္ဒာထက် | Mdy-PGM-0183 | မဟာဘွဲ့ | Sustainable International Agriculture | Georg-August-University Goettingen | ဂျာမနီ |
| ၁၇ | မမေမိုးဦး | Ygn-PGM-0310 | မဟာဘွဲ့ | Agriculture | Chungnam National University | ကိုရီးယား |
| ၁၈ | မခြူးသဥ္ဇာဦး | Mgw-PGM-0021 | မဟာဘွဲ့ | Structural Engineering | Asian Institute of Technology(AIT) | ထိုင်း |
| ၁၉ | မဝင်းလဲ့အေး | Ygn-PGM-0675 | မဟာဘွဲ့ | Agricultural and Resource Economics | Kasetsart University | ထိုင်း |
| ၂၀ | မနှင်းဆုမွန်ဝင်း | Ygn-PGM-0150 | မဟာဘွဲ့ | Sustainable Mega-Buildings | Cardiff University | ဗြိတိန် |
| ၂၁ | မောင်ပိုင်စိုးအောင် | Mlm-PGM-0034 | မဟာဘွဲ့ | TESOL with Applied Linguistics | University of Central Lancashire (UCLAN) | ဗြိတိန် |
| ၂၂ | မဆုသီရိလှိုင် | Ygn-PGM-0167 | မဟာဘွဲ့ | TESOL with Applied Linguistics | University of Central Lancashire (UCLAN) | ဗြိတိန် |
| ၂၃ | မမြတ်နိုးလွင် | Ygn-PGM-0363 | မဟာဘွဲ့ | TESOL with Applied Linguistics | University of Central Lancashire (UCLAN) | ဗြိတိန် |
| ၂၄ | မယဉ်လင်းဟန် | Ygn-PGM-0713 | မဟာဘွဲ့ | Ship and Offshore Structures | University of Strathclyde Glasgow | ဗြိတိန် |
| ၂၅ | မသဲဆုလွင် | Ygn-UG-0323 | ဘွဲ့ကြို | Medicine | Monash University | ဩစတြေးလျ |
| ၂၆ | မယွန်းမျက်သွယ် | Ygn-UG-0394 | ဘွဲ့ကြို | Medicine | Monash University | ဩစတြေးလျ |
| ၂၇ | မမေရှား | Ygn-UG-0168 | ဘွဲ့ကြို | Medicine | Trinity College, University of Melbourne | ဩစတြေးလျ |
| ၂၈ | မဖူးသက်ခိုင် | Ygn-UG-0243 | ဘွဲ့ကြို | Medicine | Trinity College, University of Melbourne | ဩစတြေးလျ |
| ၂၉ | မယမင်းအေး | Ygn-UG-0376 | ဘွဲ့ကြို | Electrical Engineering | University of New South Wales | ဩစတြေးလျ |
| ၃၀ | မောင်သန့်နေဆု | Mdy-UG-0103 | ဘွဲ့ကြို | Civil Engineering | University of Sydney | ဩစတြေးလျ |
| ၃၁ | မောင်ကျော်နိုင်ဝင်း | Ygn-UG-0138 | ဘွဲ့ကြို | Civil Engineering | University of Wollongong | ဩစတြေးလျ |
| ၃၂ | မောင်သန်းဇော်မြင့် | Mlm-UG-0015 | ဘွဲ့ကြို | Medicine | Bellerbys College, Brighton | ဗြိတိန် |
| ၃၃ | မောင်တွောင် ဗျက်လျန်း | Ygn-UG-0356 | ဘွဲ့ကြို | Medicine | Bellerbys College, Brighton | ဗြိတိန် |
| ၃၄ | မောင်လိုတရစိုး | Ygn-UG-0155 | ဘွဲ့ကြို | Medicine | St George's University of London | ဗြိတိန် |
| ၃၅ | မသက်စုခင် | Ygn-UG-0327 | ဘွဲ့ကြို | Civil Engineering | University of Glasgow | ဗြိတိန် |
| ၃၆ | မောင်ဆက်မြတ်ထွန်း | Ygn-UG-0267 | ဘွဲ့ကြို | Mechanical Engineering | University of the West of Scotland | ဗြိတိန် |
| ၃၇ | မနော်ဂလဲဒစ်(စ်) မောင်မောင် | Ygn-UG-0218 | ဘွဲ့ကြို | Political Science | Oregon State University | အမေရိကန် |

# မြန်မာ့တပ်မတော်မှ တိုင်းရင်းသားများအပေါ် ဖိနှိပ်နေသည်ဟု ပြောဆိုမှုများသည် လွဲမှားသည့်ပြောဆိုမှုများသာဖြစ်

**နေပြည်တော် ဩဂုတ် ၂၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ဌာနေကိုယ်စားလှယ် Mr.Jurg Montani နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲတွင် Mr. Jurg Montaniက ICRC အနေဖြင့် ဖြစ်ပေါ်ခဲ့သည့်ရေကြီးမှုတွင် ရခိုင်ဒေသ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ တိုက်ပွဲဖြစ်ပွားသည့် ဒေသများတွင်ရှိသောဒေသခံများ၊ ထိခိုက်ဒဏ်ရာရရှိသူများအား လွန်ခဲ့သည့် နှစ် ၁၅၀ ကျော် အတွေ့အကြုံပေါ်မူတည်ပြီး အကောင်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ပေးနေမှု၊ လူသားချင်းစာနာထောက်ထားမှုဖြင့် မိုင်းရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ပေးနေမှု၊ ရွေးကောက်ပွဲနှင့် ငြိမ်းချမ်းရေးကိစ္စများတွင် နိုင်ငံရေးနှင့် မသက်ဆိုင်သည့် အခြားလိုအပ်သည့် ကိစ္စများ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိမိတို့တပ်မတော်အနေဖြင့်လည်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အင်နှင့်အားနှင့် ဖြည့်ဆည်းလုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း တိုက်ပွဲဖြစ်စဉ်များနှင့် ပတ်သက်၍ တစ်ဖက်အဖွဲ့အစည်းအနေဖြင့် သတ်မှတ်ထားသည့် နှစ်ဖက်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို မလိုက်နာဘဲ ကျော်လွန် လုပ်ဆောင်ခြင်းကြောင့် ဖြစ်ကြောင်း၊ ယင်းတိုက်ပွဲဖြစ်စဉ်များကို မလိုလားပါကြောင်း၊ ၄င်းဒေသများရှိ IDP စခန်းများနှင့် ပတ်သက်၍ ၄င်းတို့၏နေရာတွင် ပြန်လည်လုပ်ကိုင်စားသောက်ရန် ခွင့်ပြုထားသော်လည်း တစ်ဖက်အဖွဲ့အစည်းများကခွင့်မပြုဘဲ ဖိအားပေးနေခြင်းကြောင့်သာဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့တပ်မတော်မှ တိုင်းရင်းသားများအပေါ် ဖိနှိပ်နေသည်ဟု ပြောဆိုမှုများသည် လွဲမှားသည့်ပြောဆိုမှုများသာဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် သင်တန်းကိစ္စရပ်များ၊ အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာများ၊ တပ်မတော်မဟုတ်သည့် အခြားအဖွဲ့အစည်းများတွင် ရှေးဦးသူနာပြုစုနည်း သင်တန်းများ၊ လေ့ကျင့်ပို့ချရေးဆိုင်ရာများ၊ Focal Ministry များနှင့် ဆက်သွယ်၍ လိုအပ်သည့်ဒေသများတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် မြန်မာ့နိုင်ငံရေးတို့အပေါ် သဘောထားအမြင်များအား ရှင်းလင်းပြောကြား

**နေပြည်တော် ဩဂုတ် ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၃ နာရီတွင် ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာန၏ ရန်ကုန်ဗျူရိုဌာနမှူး Mr. Hidenori Tajima အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲမှုများနှင့် တပ်မတော်၏အခန်းကဏ္ဍ၊ အနာဂတ်နိုင်ငံအတွက် တပ်မတော်၏ရည်မှန်းချက်၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး၊ ဂျပန်နိုင်ငံထုတ် စစ်ဘက်သုံးအထောက်အကူပစ္စည်းများ ရောင်းဝယ်မှုအခြေအနေ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် မြန်မာ့နိုင်ငံရေးတို့အပေါ် သဘောထားအမြင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဦးဒုံဒက် စီတဘာ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ဂျပန်နိုင်ငံ Haneda (ဟနေဒါ)လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင်ထွက်ခွာရာ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅ မိနစ်တွင် ရောက်ရှိသည်။



ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ထိုင်းဘုရင့်တပ်မတော် ဒုတိယ စစ်ဦးစီးချုပ် Lt. Gen.Supakorn Sanguanchartsornkria နှင့်ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် ဇနီး၊ စစ်သံမှူး(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ချစ်ဆွေနှင့် ဇနီးတို့က လေဆိပ်၌ ကြိုဆိုကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး(ကြည်း၊ရေ၊လေ)ရုံးသို့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး စစ်သံရုံးမိသားစုများနှင့် တွေ့ဆုံအားပေးအမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**(မြဝတီ)**

# အမျိုးသားဇာတ်ရုံ ငှားရမ်းအသုံးပြုမှုများ ခေတ္တရပ်နား

**နေပြည်တော် ဩဂုတ် ၂၅**

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)နှင့် အမျိုးသားဇာတ်ရုံ(မန္တလေး)တို့၏ မီး၊ အသံစနစ်များ ဇာတ်စင်ဆိုင်ရာစနစ်များ၊ လေအေးပေးစက်၊ အဆောက်အအုံ ထိန်းသိမ်းပြုပြင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာလ ဒုတိယပတ်အတွင်းမှစ၍ လုပ်ဆောင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအတွက် သုံးစွဲရန်ခွင့်ပြုထားပြီးသည့် အစီအစဉ်များမှအပ ဟောပြောပွဲများ၊ အနုပညာဖျော်ဖြေပွဲများ၊ ဇာတ်အငြိမ့်များ၊ တေးဂီတဖျော်ဖြေပွဲများအတွက် အမျိုးသားဇာတ်ရုံများအား ငှားရမ်းအသုံးပြုခွင့်ကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ရပ်နားထားပါကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များထံမှ အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်မြို့ Myanmar Telecomunication Network မှ အဝတ် အထည်မျိုးစုံ လေးထုပ်၊ Dee Do အချိုရည် ဖာ ၇၀၊ အလှူပစ္စည်းရရှိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၀၀၀၀ နှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ပစ္စည်းအမယ်စုံ ၂၂၅ ခြင်း၊ ဒန်အိုးတစ်တွဲ၊ ခေါက်ဆွဲခြောက် ရှစ်ဖာ၊ ဆားနှစ်အိတ်၊ ဆပ်ပြာမှုန့်တစ်အိတ်၊ ရေသန့် ၃၁ ကတ်၊ ဆန်ငါးအိတ်၊ Popular Rastic အခြေခံပညာဦးစီးဌာနမှ စာရေးစားပွဲ ၁၅ လုံးပါ ပလတ်စတစ်အိတ် ၁၂၀၊ ထိုင်ခုံအလုံး ၃၀ ပါ ပလတ်စတစ်အိတ် ၁၂၀ တို့ လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၅**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၆ ရက်တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးရွာသွန်းနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဩဂုတ် ၂၅**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၅)ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းက မိမိတို့လွှတ်တော်သက်တမ်းအတွင်း ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေပေါင်း ၅၀ ခန့်အတည်ပြုရန် ကျန်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်၌ ၁၇ ခု၊ အမျိုးသားလွှတ်တော်၌ ၂၄ ခု၊ ပြည်ထောင်စုလွှတ်တော်၌ ကိုးခု ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေအများစုသည် အစိုးရအဖွဲ့က တင်သွင်းသော ဥပဒေများဖြစ်ပြီး အတည်ပြုပြဋ္ဌာန်းနိုင်မှသာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့နိုင်မည် ဖြစ်ပါကြောင်း။

လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်နှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းသည့်တာဝန်များ ဆောင်ရွက်ရသည့်အတွက် ဥပဒေပြုရေးကဏ္ဍတွင် ကျန်ရှိနေသည့် ဥပဒေများကို အကြွေးကျန်မရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူ့လွှတ်တော်၌ ဖွဲ့စည်းထားသည့် ကော်မတီများသည် ဆောင်ရွက်ရန်ကျန်ရှိသည့် ဥပဒေများကို လွှတ်တော်ရပ်နားချိန်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အနေဖြင့်လည်း ကျန်ရှိနေသည့် ဥပဒေများအပေါ် ကြိုတင်သုံးသပ်၍ ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မကြာမီ ရက်ပိုင်းအတွင်း လွှတ်တော်များ ရပ်နားတော့မည်ဖြစ်ပါကြောင်း။ ရပ်နားရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေသည့် ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကိုယ်စားလှယ်များ သွားရောက်ကူညီနိုင်ရန်နှင့် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ လွှတ်တော်ရပ်နားထားစဉ်အတွင်း အခြေအနေ၊ အချိန်အခါပေါ်မူတည်၍ နေပြည်တော်ရှိ လွှတ်တော်နှင့် လွှတ်တော်ရုံးခွဲ (ရန်ကုန်)တို့၌ နောင်လာမည့် လွှတ်တော်အစည်းအဝေးအတွက် အသင့်ဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် ကော်မတီအလိုက် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြညှိနှိုင်းကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



# ပွင့်ဖြူမြို့နယ် ရေကြီးနစ်မြုပ်လယ်မြေများအတွက် မျိုးစပါးထောက်ပံ့ပေးမှုနှင့် ထွန်ယက်ရေးကူညီ

**ပွင့်ဖြူ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် တောင်တွင်းကြီး စက်မှုလယ်ယာစခန်းမှ ထွန်စက်ကြီး ခုနစ်စီးဖြင့် ထွန်ယက်ရေးကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

"ဩဂုတ် ၅ ရက်နေ့ကစပြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းဇလဲအုပ်စု၊ သမန်းရင်းအုပ်စု၊ ဖလံတောအုပ်စုတွေမှာ ထွန်ယက်ရေးဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုဇီးကိုင်းအုပ်စုကို ဩဂုတ် ၁၆ ရက်ကစပြီး ဆောင်ရွက်နေတာ နောက်ထပ်ငါးရက်လောက်တော့ကျန်ဦးမယ်။ နောက်ထပ်ကျန်တဲ့ အုပ်စုတွေကိုလည်း ဒီကပြီးရင် ဆက်လက်ဆောင်ရွက်သွားမှာပါ။ ထွန်စက် ခုနစ်စီးနဲ့ အုပ်စုတွေခွဲပြီး ထွန်ယက်လာတာပါ။ ဇီးကိုင်းအုပ်စုမှာတော့ ထွန်စက်လေးစီးနဲ့ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းနဲ့ပတ်သက်လို့ အခက်အခဲမရှိပါဘူး။ ဒေသခံ တောင်သူတွေကလည်း အားလုံးစိတ်ချမ်းသာအောင် ဆောင်ရွက်ပေး ကြပါတယ်"ဟု တောင်တွင်းကြီး စက်မှုလယ်ယာစခန်းမှ ထွန်စက်မောင်းခေါင်းဆောင် ဦးမြဆောင်က ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီ ပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ရေး ကူညီဆောင်ရွက်ပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တောင်တွင်းကြီးစက်မှုလယ်ယာဦးစီးဌာနမှ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများကို ဩဂုတ် ၅ ရက်မှစ၍ ထွန်ယက်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဇီးကိုင်းကျေးရွာအုပ်စုအတွင်း၌ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် လက်တံမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း မုန်းရေနှင့် ဧရာဝတီမြစ်ရေ နစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု ၃၁ အုပ်စုမှ ရေနစ်မြုပ်လယ်မြေများကို မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန် မျိုးများကို ဖြန့်ဖြူးပေးထားလျက်ရှိကြောင်း၊ ထုတ်ပေးသည့် မျိုးများမှာ မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး၊ ဗီယက်နမ်၊ ရက်-၉၀၊ ရွှေသွယ်ရင်၊ မလေးရှား၊ ပုလဲသွယ်တို့ဖြစ်ကြောင်း၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၁ အုပ်စုမှ ရေနစ်မြုပ်သည့် လယ်မြေများကို တစ်ဧက တစ်တင်းနှုန်းဖြင့် မျိုးစပါး စုစုပေါင်း ၄၀၀၉၀ ဒသမ ၅ တင်းကို ဖြန့်ဝေပေးခဲ့ကြောင်း၊ ဩဂုတ် ၉ ရက်မှ ၁၈ ရက်အထိ အပြီးထုတ်ပေးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ဇူလိုင်လနောက်ဆုံးပတ်မှ မိုးများ၍ ရေကြီးမှုများဖြစ်ပေါ်ခဲ့ကာ စိုက်ပျိုးထားသည့်သီးနှံများ ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။ မကွေးတိုင်းဒေသကြီးတွင် သီးနှံများရေကြီးနစ်မြုပ်မှု ၉၆၈၄၆ ဧက၊ ရေပြန်ပေါ် ၉၆၈၄၆ ဧက၊ ထိခိုက် ၉၆၈၄၆ ဧက၊ ပျက်စီး ၆၅၈၅၈ ဧကရှိကြောင်း၊ ပျက်စီးလယ်မြေများကို ပြန်လည်စိုက်ပျိုးလျက်ရှိရာ ၇၂၀၄ ဧက ပြန်လည်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မိုးဒေဝါ**

# နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုတွင် ငွေရေးကြေးရေးကဏ္ဍမှာ အဓိကကျ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့်ဘဏ်များ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကျဆင်းရေး စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များအကြား ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ပြည်တွင်း ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ငွေရေးကြေးရေး ကဏ္ဍမှာ အဓိကကျသဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်များ သုံးဦးသုံးဖလှယ် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရေးမှာ အထူးအရေးကြီးပါကြောင်း၊ ငွေရေး၊ ကြေးရေးကဏ္ဍ တိုးတက်ပြောင်းလဲမှုများရှိလာသည်နှင့်အမျှ ဖြစ်ပေါ်လာသည့် အခက်အခဲများကို အဆိုပါအဖွဲ့အစည်း သုံးရပ်က ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ငွေရေးကြေးရေးစနစ် အားကောင်းခိုင်မာပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို အသီးသီး ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးပို့ခြင်း၊ အရေးပေါ်တုံ့ပြန်မှု ဗဟိုဌာန ဖွင့်လှစ်၍ ကြီးကြပ်ခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။

ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အဖွဲ့လိုက်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်ထိ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် ထိခိုက်ဒဏ်ရာရရှိသူ ပြင်ပလူနာ ၁၉၂ ဦး၊ အတွင်းလူနာ ၁၈၁ ဦး စုစုပေါင်းလူနာ ၃၇၃ ဦးအား ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရောဂါစောင့်ကြည့်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပိုးလောက်လမ်းနှိမ်နင်းရေး ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ကြသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနမှ ချင်းပြည်နယ် ဟားခါးမြို့ B.C.M ခရစ်ယာန်ဘုရားကျောင်း ကယ်ဆယ်ရေးစခန်းတွင် လူနာငါးဦးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက် ကယ်ဆယ်ရေးစခန်းတွင် လူနာ ၁၁ ဦးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ ဖလန်းတောရွာ ကယ်ဆယ်ရေးစခန်းတွင် လူနာ ၆၁ ဦးကိုလည်းကောင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မောင်တောမြို့နယ် ကယ်ဆယ်ရေးစခန်းများတွင် လူနာစုစုပေါင်း ၁၆၀ ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်း၊ သာပေါင်း၊ အင်္ဂပူမြို့နယ် ကယ်ဆယ်ရေး စခန်းများတွင် စုစုပေါင်း လူနာ ၂၁၈ ဦးကို လည်းကောင်း တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ဩဂုတ် ၂၄ ရက်အထိ ရေဘေးသင့်ဒေသများတွင် ရွှေ့လျားဆေးအဖွဲ့ ၃၇၉ ဖွဲ့၊ ယာယီ ဆေးခန်း ၁၀၉၇ ဆေးခန်းများတွင် လာရောက်ပြသသူ စုစုပေါင်း ၂၀၁၃၇၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ပြီး ရေတွင်း၊ ရေကန် စုစုပေါင်း ၁၀၈၁၃၂ ကို ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၆ ရက်တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူရန် လွှတ်တော်က သဘောတူဆုံးဖြတ်

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ရက် ၈၀ မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေတို့က ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့အတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကိုးဦးတို့က ဆွေးနွေးကြသည်။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကိုယ်စား မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက နိုင်ငံတကာမှ ချေးယူသည့်ချေးငွေများတွင် နှစ်တိုချေးငွေနှင့် အတိုးများသည့်ချေးငွေများပါဝင်ပါကြောင်း၊ စုစုပေါင်း လွှတ်တော်က အတည်ပြုပေးခဲ့သည့် ချေးငွေမှာ သန်းပေါင်း ၁၄၀၀ ကျော်ဖြစ်ပါကြောင်း၊ အတည်ပြုပေးခဲ့သည့် သဝဏ်လွှာများအရ ၁၀ ဘီလီယံကျော်ရှိပြီဟု ခန့်မှန်းရပါကြောင်း၊ ယနေ့ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကို ထပ်မံခွင့်ပြုမည်ဆိုပါက ခန့်မှန်းတွက်ချက်မှုအရ ကြွေးမြီ၏ ဂျီဒီပီအချိုးမှာ ၃၃ ဒသမ ၇ ရာခိုင်နှုန်းရှိမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက်တွင် ဘဏ္ဍာရေးဝန်ကြီးမှ တောင်းခံရရှိသည့် စာရင်းများအရ



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ရှင်းလင်းဆွေးနွေးစဉ်။

ပြည်ပကြွေးမြီစာချုပ် တန်ဖိုးအရ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံကျော်ရှိပြီး ထုတ်ယူသုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိပါကြောင်း၊ လက်ရှိအနေအထားရ အတိုးနှုန်းနည်းပြီး နှစ်ရှည်ကြွေးမြီများကို နိုင်ငံတိုးတက်ရန်အတွက် ထပ်မံချေးယူနိုင်ပါကြောင်း၊ ယင်းငွေများဖြင့် လျှပ်စစ် မီးလင်းရေးဆောင်ရွက်မည်ဟုသိရှိရပါကြောင်း၊ လျှပ်စစ်မီးလင်းရေးသည် ပြည်သူများ အလွန်စိတ်ဝင်စားပြီး အရေးတကြီးလိုအပ်ခြင်း၊ ချေးငွေသည် အတိုးမဲ့ နှစ်ရှည်ကြွေးမြီဖြစ်ခြင်း၊ နိုင်ငံအနေဖြင့်လည်း ကြွေးမြီခံနိုင်သည့် အနေအထားတွင် ရှိခြင်းတို့ကြောင့် ချေးငွေချေးယူနိုင်ရန် ထောက်ခံတင်ပြပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး**က ကမ္ဘာ့ဘဏ်မှချေးငွေဖြင့် ကျေးရွာမီးလင်းရေးနှင့် မဟာဓာတ်အားလိုင်း တိုးချဲ့ရေးအတွက် ဆောင်ရွက်မည့်စီမံကိန်းသည် အလွန်ကောင်းသည့်စီမံကိန်းဖြစ်သော်လည်း ဝင်ငွေရှိမှသာ ချေးယူသင့်ပါကြောင်း၊ ဝင်ငွေမရှိဘဲ အသုံးစရိတ်များသုံးပါက မည်သို့ပြန်လည်ပေးဆပ်မည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ နောင်နှစ် ၄၀ မှ ပြန်ဆပ်မည့် အသုံးစရိတ်ဆိုပါက နောင်တက်လာမည့် အစိုးရရှစ်ဆက်အထိ အကြွေးများရှိနေမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဒေါ်လာဈေးများတက်ပြီး ရေနံဈေးများကျနေချိန်ဖြစ်



ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ဆွေးနွေးစဉ်။

သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ဓာတ်ငွေ့၊ ရေနံတို့မှရမည့်ဝင်ငွေမှာ လျော့သွားမည်ဖြစ်ပါကြောင်း၊ ဝင်ငွေမရှိဘဲ မလိုအပ်သည့်အသုံးစရိတ်များ၊ စီမံကိန်းများကို ဖြတ်တောက်သင့်ပြီး အပိုသုံးမည့်အသုံးစရိတ်များ မသုံးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းချေးငွေကိစ္စနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့က ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးနှင့် မဟာဓာတ်အားလိုင်း တိုးချဲ့ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများ၊ ချေးငွေအား အလေအလွင့်မရှိစေရေး စနစ်တကျ ကိုင်တွယ်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ ကြွေးမြီအခြေအနေ၊ ချေးယူမည့် ချေးငွေအား ပြန်လည်ပေးဆပ်မည့် အစီအစဉ်များနှင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၉၉ ရာခိုင်နှုန်း မီးလင်းရေးအတွက် စီမံဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်က အမေရိကန်ဒေါ်လာသန်း ၄၀၀ ချေးယူရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် အရည်အသွေးပြည့်မီသောချေးငွေများ ထုတ်ချေးနိုင်ရန်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏ **ဗဟိုဘဏ်သည် Deposit Auction Market အကောင်အထည် ဖော်နိုင်ရန် နိုင်ငံတော်အစိုးရနှင့်ပတ်သက်သော စီးပွားရေးအဖွဲ့အစည်းများ၏ ရန်ပုံငွေများကို ပုဂ္ဂလိကဘဏ်များသို့ ခွဲဝေအပ်နှံရန် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံတော်ဘဏ်များမှ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်နိုင်သဖြင့် ဖြစ်ပေါ်နေသည့် အရှုံးပေါ်နေမှုများ လျှော့ချနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေ မည်သို့ရှိသည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က နိုင်ငံပိုင်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်များတွင် ဌာနဆိုင်ရာ ငွေထုတ်စာရင်းများဖွင့်လှစ်၍ ရငွေများကို ထည့်သွင်းခြင်း၊ အသုံးစရိတ်များကို ထုတ်ယူသုံးစွဲခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ ငွေစုစာရင်းများ ဖွင့်လှစ်ဆောင်ရွက်ခွင့်မရှိပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းအရ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရန်ပုံငွေများကို ပုဂ္ဂလိကဘဏ်



ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် ဖြေကြားစဉ်။

များတွင် ခွဲဝေအပ်နှံခွင့်မရှိပါကြောင်း။

နိုင်ငံပိုင်ဘဏ်များသည် ထုတ်ချေးငွေများအားစိစစ်၍ ခိုင်မာမှုသာ ထုတ်ချေးရခြင်း၊ နိုင်ငံတော်၏မူဝါဒအရ အတိုးနှုန်းသက်သာစွာဖြင့် အချို့သောချေးငွေများကို ထုတ်ချေးရခြင်းတို့ကြောင့် အရှုံးပေါ်ရခြင်းဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံပိုင်ဘဏ်များအနေဖြင့် ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အသုံးစရိတ်များ ကာမိစေရန် Treasury Bill Auction နှင့် Deposit Auction တို့တွင် ပါဝင်ဆောင်ရွက်စေခြင်း၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် အရည်အသွေးပြည့်မီသော ချေးငွေများကို ထုတ်ချေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် တင်းကျပ်သည့်ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရန်အတွက် Deposit Auction တွင် ပုဂ္ဂလိကဘဏ်များရှိ ငွေကြေးပိုမိုနုတ်ယူနိုင်ရေး မြန်မာ့စီးပွားရေးဘဏ်ကို Non-competitive bidder အဖြစ် ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **YCDC မှ ရန်ကုန်တိုင်းဒေသကြီး ပြင်ပကားများအတွက် ကောက်ခံသော မြို့ဝင်ကြေး၊ မြို့ထွက်ကြေးများကို အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများအတွက် ဖြေလျှော့ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မြို့ဝင်ကြေးကောက်ခံရာတွင် ခရီးသည်တင်ဘတ်စ်ကားများ၊ ဌာနဆိုင်ရာယာဉ်များ၊ အစိုးရဝန်ထမ်း ကြိုပို့ယာဉ်များ၊ ကုန်တင်ဆောင်လာသည့် ကုန်တင်ယာဉ်များအား မြို့ဝင်ကြေးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးပြင်ပနှင့် မြို့တော်နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များကို မြို့ဝင်ကြေးကောက်ခံ



မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ မေးမြန်းစဉ်။

ရာ၌လည်း မြို့တော်နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများကို ဝင်ရောက်အသုံးပြုမောင်းနှင်သည့် ယာဉ်များကိုသာ မြို့ဝင်ကြေးကောက်ခံခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်နယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များ မြို့တော်နယ်နိမိတ်အတွင်း ဝင်ရောက်၍ ကော်မတီပိုင်လမ်းများကို အသုံးပြုမောင်းနှင်ခြင်းအတွက် ဥပဒေနှင့်အညီ မြို့ဝင်ကြေးကောက်ခံလျက်ရှိသကဲ့သို့ အခြားသောတိုင်းဒေသကြီးများ၊ ပြည်နယ်များရှိ စည်ပင်သာယာရေးအဖွဲ့များကလည်း ၎င်းတို့ တာဝန်ယူဆောင်ရွက်ရသည့် မြို့နယ်များ၊ လမ်းမကြီးများကို ဝင်ရောက်အသုံးပြုမောင်းနှင်သည့် ပြင်ပမှ မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မြို့ဝင်ကြေး ကောက်ခံလျက်ရှိပါကြောင်း။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးပြင်ပမှ မော်တော်ယာဉ်များ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများကို ဝင်ရောက်အသုံးပြုမောင်းနှင်ခြင်းအတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် လက်ရှိကောက်ခံနေသည့် မြို့ဝင်ကြေးနှုန်းထားများအတိုင်း ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါကြောင်း ဖြင့်ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် မော်တော်ယာဉ်ဥပဒေကြမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးကြည်သာက **စက်မှုလုပ်ငန်းဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းပြီး ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို တင်သွင်းရာ၌ ဦးကြည်သာက စက်မှုကဏ္ဍ၌ ကုန်ပစ္စည်း အရည်အသွေး စံချိန်စံညွှန်းပြဋ္ဌာန်းကျင့်သုံးရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည် ကျွမ်းကျင်မှု အဆင့်အတန်းတိုးတက်ရေး၊ နည်းပညာသစ်များလက်ခံကျင့်သုံးရေး၊ ဆန်းသစ်တီထွင်မှုကို ဦးစားပေးဆောင်ရွက်လာရေး တွန်းအားပေးရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလယ်ယာကဏ္ဍတိုးတက်စေရေး၊ စက်မှုလုပ်ငန်းများ ထူထောင်ခြင်းဖြင့် စက်မှုနိုင်ငံ တည်ဆောက်ရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၏ မောင်းနှင်အားဖြင့် စက်မှုနိုင်ငံကြီး တည်ဆောက်နိုင်ရေးအတွက် ရည်ရွယ်တင်သွင်းခြင်းဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ကျင်းပပြီးစီး

**ရန်ကုန် ဩဂုတ် ၂၅**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၂/၂၀၁၅) ပဉ္စမနေ့ကို တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင်စတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၅ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက လွှတ်တော်တွင် ကတိသစ္စာပြုသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို မေးမြန်းကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြပြီး ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ၂/၂၀၁၅ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်ဒေသများတွင် နိုင်ငံတော်အစိုးရက လမ်းတံတားများ ပြန်လည်ပြုပြင်မှု ဆောင်ရွက်ချက်များ



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးဝ-ကျီးကုန်း-တမူးလမ်းပေါ်ရှိ ကနန်တံတား (၃/၅၈)၏ ပေ ၁၀၀ ဘေလီတံတားထိုးပြီး၍ မော်တော်ယာဉ်များ ဖြတ်သန်းနေစဉ်။



ရခိုင်ပြည်နယ်အတွင်း ရန်ကုန်-စစ်တွေလမ်း အပိုင်း(၁) မိုင်တိုင် (၈/၆-၁၁/၆) အတွင်း (ရွှေမဲတောင်အပိုင်း) မိုင်(၁၀/၂)တွင် တောင်ကျရေဖြတ်သန်းစီးဆင်းမှုကြောင့် ပဲ့ကျပျက်စီးသွားသောလမ်းပိုင်းကို ပြုပြင်နေစဉ်။



ချင်းပြည်နယ်အတွင်း ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၇၇/၃-၄ ကြား လမ်းသားပြတ်ကျမှုကို ပြန်လည်ပြုပြင်နေစဉ်။





မကွေးတိုင်းဒေသကြီးအတွင်း ဆင်ပေါင်ဝဲ-တောညောင်ပင်သာလမ်း၊ မင်းတုန်းချောင်း (ရေနံသာတံတား) သရက်ချဉ်းကပ်လမ်း တာပြတ်တောက်၍ မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မန္တလေး-တကောင်း-ဗန်မော်-မြစ်ကြီးနားလမ်းပိုင်း မိုင်တိုင် (၆၉/၂-၆၉/၃) ကြား တံတားအမှတ် (၁/၇၀) ကို ယာယီဘေလီတံတားအဖြစ် ဆောင်ရွက်ထားစဉ်။ (အပေါ်ပုံ)

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ခမ်းပတ်ရွာလယ်တံတား (၁/၅၉) ပြုပြင်ပြီးစီး၍ ယာဉ်များဖြတ်သန်းနေစဉ်။ (ယာပုံ)



# ရေဘေးသင့်၍ ပျက်စီးသွားသော အခြေခံပညာကျောင်းများ ပြန်လည်ထူထောင်ရေးအတွက် ဆက်သွယ်လှူဒါန်းနိုင်

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ရေဘေးသင့်၍ ပျက်စီးသွားသော အခြေခံပညာကျောင်းများအား ပြန်လည်ထူထောင်ရေးအတွက် ဖော်ပြပါအတိုင်း လှူဒါန်းလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မူလတန်းကျောင်း (၁)ကျောင်းအတွက် လိုအပ်ချက်


| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း(ကျပ်သိန်း) | တန်ဖိုး(ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | (၆၀' × ၃၀')ခြေတံရှည်(၈') (၁) ဆောင် | ၄၀၀ | ၄၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ (၄)ယောက်တွဲ (နိမ့်) | အစုံ (၃၀) | ၀. ၃၈၇ | ၁၁. ၆၁၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | (၆)စုံ | ၀. ၆၅ | ၃. ၉၀၀ |
| ၅ | ကျောက်သင်ပုန်း | (၅)ချပ် | ၀. ၃၅ | ၁. ၇၅၀ |
| ၆ | သန့်စင်ခန်း | (၂)ခန်းတွဲ(၁)လုံး | ၁၀ | ၁၀. ၀၀၀ |
| **မူလတန်းကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ** | | | | **၄၆၂.၂၆၀** |


မူလတန်း(လွန်)ကျောင်း (၁)ကျောင်းအတွက် လိုအပ်ချက်


| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း(ကျပ်သိန်း) | တန်ဖိုး(ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | (၉၀' × ၃၀')ခြေတံရှည်(၈') (၁) ဆောင် | ၆၀၀ | ၆၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ(၄)ယောက်တွဲ (မြင့်) | အစုံ (၃၀) | ၀. ၄၃ | ၁၂. ၉၀၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | (၁၀)စုံ | ၀. ၆၅ | ၆. ၅၀၀ |
| ၅ | ကျောက်သင်ပုန်း | (၉)ချပ် | ၀. ၃၅ | ၃. ၁၅၀ |
| ၆ | သန့်စင်ခန်း | (၂)ခန်းတွဲ(၂)လုံး | ၁၀ | ၂၀. ၀၀၀ |
| **မူလတန်း(လွန်)ကျောင်း(၁)ကျောင်းအတွက် ကုန်ကျငွေ** | | | | **၆၇၇.၅၅၀** |

အလယ်တန်းကျောင်း (၁)ကျောင်းအတွက် လိုအပ်ချက်

| စဉ် | အကြောင်းအရာ | လိုအပ်ချက် | နှုန်း(ကျပ်သိန်း) | တန်ဖိုး(ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | စာသင်ဆောင် | (၁၂၀' × ၃၀')ခြေတံရှည်(၈') (၁) ဆောင် | ၈၀၀ | ၈၀၀. ၀၀၀ |
| ၂ | ရေသန့်စနစ် | ၁ ယူနစ် | ၃၅ | ၃၅. ၀၀၀ |
| ၃ | စာသင်ခုံ(၄)ယောက်တွဲ (မြင့်) | အစုံ (၄၀) | ၀. ၄၃ | ၁၇. ၂၀၀ |
| ၄ | ဆရာစားပွဲနှင့်ထိုင်ခုံ | (၁၀)စုံ | ၀. ၆၅ | ၆. ၅၀၀ |
| ၅ | ကျောက်သင်ပုန်း | (၉)ချပ် | ၀. ၃၅ | ၃. ၁၅၀ |
| ၆ | သန့်စင်ခန်း | (၂)ခန်းတွဲ(၃)လုံး | ၁၀ | ၃၀. ၀၀၀ |
| **အလယ်တန်းကျောင်းအတွက် ကုန်ကျငွေ** | | | | **၈၉၁.၈၅၀** |




**ရေလွှမ်းမိုးမှု မတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ် နားထောင်ပါ**

## ရေဘေးသင့် ကလေးဒေသတွင် ပျောက်ဆုံး အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ကတ်များ အခမဲ့ထုတ်ပေး

**မုံရွာ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရေဘေးသင့်ခဲ့သည့် ကလေးဒေသမှ ဒေသခံပြည်သူများ၏ ရေဘေးကြောင့် ပျောက်ဆုံး/ပျက်စီးခဲ့သည့် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား အသစ်ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကလေးဒေသရှိ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ပြန်လည်ထူထောင်ရေးစခန်းများအရောက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ကလေးခရိုင်မှ ခရိုင်/မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများက အခမဲ့ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး လာရောက်ကြည့်ရှုအားပေးကာ အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရေဘေးသင့်ဒေသခံတစ်ဦးချင်းလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ရေဘေးသင့်ပြည်သူများအတွက် FREDA မှ လာရောက်လှူဒါန်း

**ပွင့်ဖြူ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပွင့်ဖြူမြို့နယ် သမ္မာဆန္ဒ နာမှုကူညီရေးအသင်းသို့ ငွေကျပ်သိန်း ၂၀ ကို ဩဂုတ် ၂၄ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားကို သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေး (FREDA) နှင့် (DKH) ဂျာမနီအဖွဲ့မှ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစန်းလွင်(အတွင်းရေးမှူး၊ ဘဏ္ဍာရေး၊ FREDA)၊ ဦးတင်ဝင်း သစ်တောဦးစီးအရာရှိ(ငြိမ်း) (မင်းဘူးခရိုင်ကော်မရှင်အဖွဲ့ဝင်)၊ ဦးစိုးမင်း (ကျွမ်းကျင်လက်ထောက်(၁) FRE DA )တို့ လာရောက်ပြီး အထကပညာရေးအလှူငွေအဖြစ် ငွေကျပ် ၃၉၂၀၀၀၀၊ မြို့ပေါ်(၂)ရပ်ကွက် အရှေ့ပိုင်းရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်အပါအဝင် ကျေးရွာပေါင်း ၁၆ ရွာရှိ အိမ်ထောင်စုပေါင်း ၂၁၂၈ စုနှင့် ဘုန်းကြီးကျောင်းများအတွက် တန်ဖိုးငွေကျပ် သိန်း ၄၀၀ ကျော်တန်ဖိုးရှိ စားသောက်ကုန်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်ဌေး(ပွင့်ဖြူ)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၅ - ၈ - ၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၅ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၄၈ စုမှ လူဦးရေ ၁၆၂၉၄၀၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၁ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၀၆၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၀၅၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၅ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၈၀၀၀၀၀ | ၁၂၈၅၂၂၇၁၀ | |
| ၂ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၆၆၆ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | ၄၄ | ၁၅၄၃ | ၆၇၈၃ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၃၅၃ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၆၇၈၄ | ၃၉၉၉၀၃ | ၁၆၁၄၄၉၄ | ၁၁၄ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၂၁၅၉၉၇၀ | ၉၉၀၀၀၀၀ | ၆၁၆၅၃၇၂၂၀ | |
| | **ဇွန်၊ဇူလိုင်၊ဩဂုတ်လ စုစုပေါင်း** | **၁၇၁၈၉** | **၄၀၂၀၄၉** | **၁၆၂၉၄၀၅** | **၁၂၁** | **၁၀၅၆၈၃၁၅၀** | **၁၅၂၄၄၂၃၀** | **၂၂၁၁၉၀၀၀၀** | **၃၂၇၈၆၅၅၅၀** | **၁၀၆၀၀၀၀၀** | **၆၈၀၅၈၂၉၃၀** | |

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော် အစိုးရမှ သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ်မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်-**

**ဦးခင်မောင်ရီ**
**အမြဲတမ်းအတွင်းဝန်**
**ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉-၂၀၀၇၄၅၄**

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)



တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)



## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၅**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ယင်းသို့ပို့ဆောင်ရာတွင် ဩဂုတ် ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ဆပ်ပြာ၊ အဝတ်အစား၊ ခေါက်ဆွဲခြောက်၊ စားစရာ၊ ဆေးမျိုးစုံ၊ ရေသန့်ဆေးနှင့် ခြင်ထောင်များကို ပေးပို့လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဩဂုတ် ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

## ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၂၅**

ဇွန်မှ ဩဂုတ်လများအတွင်း ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမိသားစုမှ ၉၈ ဒသမ ၂၈၃၅ သိန်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ငွေကျပ် သိန်း ၁၅၀ ၊ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ် သိန်း ၁၀၀ ၊ပုဂံဆောက်လုပ်ရေးနှင့် ဇမ္ဗူဆောက်လုပ်ရေးမှ ငွေကျပ် သိန်း ၅၀၊ Barons & Fujikura EPC Co.,Ltd. မှ ငွေကျပ် သိန်း ၁၂၀ ၊ Soo Sung Enginerring Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ၊Dasan Consultants Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ၊ Surbana International Consultants (Myanmar)Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ စုစုပေါင်းမြန်မာကျပ်ငွေ ၅၁၈ ဒသမ ၂၈၃၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၄၀၀၀၀ ပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ကဦးဆောင်၍ မြို့နယ်အတွင်း သံဃာတော်များမှ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၁၀၀ ၊ ရေဆင်းတက္ကသိုလ် သစ်ဆုံအမျိုးသားဆောင် ကျောင်းသားများက ၇ ဒသမ ၆၆၅ သိန်း၊ ငါးလုပ်ငန်းဦးစီးဌာန ပုဂ္ဂလိကရေလုပ်ငန်းရှင်များက ၂၄၉ ဒသမ ၅ သိန်းနှင့် ဦးတင်ကိုကို- ဒေါ်ဖြူနီတာ သမီးဟေမာန်ဆောင်း(ခေတ္တ-စင်ကာပူ)တို့က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်း ပျက်စီးသွားသော တံတားကြီးများအား ယာယီပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တံတားအမည် | ပျက်စီးမှု | ပြန်လည်ပြင်ဆင် ပြီးစီးသည့်ရက် |
|---|---|---|---|---|
| ၁။ | ကရင်ပြည်နယ် | သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းပေါ်ရှိ မဲဇလီတံတား (၁၆၀ ပေ) | Super Structure တိုင်စင်ပေါ်မှ D/S ဘက်သို့ပြုတ်ကျ | ၃၀-၇-၂၀၁၅ ရက်နေ့ပြီး |
| ၂။ | စစ်ကိုင်းတိုင်း ဒေသကြီး | ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ ဟဲနုတံတား(၁၀၀ ပေ) ဘေလီတံတား | တံတားတစ်စင်းလုံးရေထဲမျောပါ | ၃-၈-၂၀၁၅ ရက်နေ့ပြီး |
| ၃။ | စစ်ကိုင်းတိုင်း ဒေသကြီး | ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ နန့်ဒရန်တံတား (၂/၁၆၀) (၈၀ ပေ) လမ်းလွှဲရေနိမ့်တံတား | ရေထဲမျောပါ | ၃-၈-၂၀၁၅ ရက်နေ့ပြီး |
| ၄။ | စစ်ကိုင်းတိုင်း ဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ ခမ်းပါတ်ရွာ တံတား(၁/၅၉)(၂၈၀ ပေ) ဘေလီတံတား | ရေလယ်တိုင်နှစ်တိုင်ပြိုလဲ၊ ဘေလီတစ်စင်းလုံးပြုတ်ကျ | ၁၅-၈-၂၀၁၅ရက်နေ့ပြီး |
| ၅။ | စစ်ကိုင်းတိုင်း ဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ ကနန်တံတား (၁/၆၀)(၂၉၀ ပေ)ဘေလီ တံတား | ရေလယ်တိုင်သုံးတိုင်အနက်၊ ဒုတိယတိုင်စောင်း | ၁၆-၈-၂၀၁၅ ရက်နေ့ပြီး |
| ၆။ | စစ်ကိုင်းတိုင်း ဒေသကြီး | ကလေးဝ-ကျီးကုန်း -တမူး လမ်းပေါ်ရှိ ကမ္မကြီးတံတား (၄/၆၂) (၃၁၀ ပေ) ဘေလီ တံတား | တံတားတစ်စင်းလုံးရေထဲကျ | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၇။ | စစ်ကိုင်းတိုင်း ဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ တွိဗန်တံတား (၄/၇၂) (၂၁၀ ပေ) ဘေလီ တံတား | တံတားတစ်စင်းလုံး ဘေလီကျိုးကျ | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၈။ | စစ်ကိုင်းတိုင်း ဒေသကြီး | ကလေးဝ-ကျီးကုန်း-တမူး လမ်းပေါ်ရှိ တီးတိန်တံတား (၁/၇၄) (၂၁၀ ပေ) ဘေလီ တံတား | ကမ်းကပ်ခုံနှင့် တံတား တစ်စင်းလုံးမျောပါ | ၁၆-၈-၂၀၁၅ ရက်နေ့ပြီး |
| ၉။ | စစ်ကိုင်းတိုင်း ဒေသကြီး | မန္တလေး-တကောင်း-ဗန်းမော် -မြစ်ကြီးနားလမ်းပေါ်ရှိ ဟသ်ာချောင်းတံတား (၃/၇၈) (ပေ ၆၀)ဘေလီ တံတား | သစ်သား+ဘေလီတံတား တစ်စင်းလုံးရေမျောပျက်စီး | ၂၅-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၀။ | စစ်ကိုင်းတိုင်း ဒေသကြီး | ဂန့်ဂေါ-ကလေး လမ်းပေါ်ရှိ ကမ္ဘာ့နီတံတား (၅၉၅ ပေ) ကွန်ကရစ် တံတား | ရေလယ်တိုင်တစ်တိုင်နိမ့်ကျ | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၁။ | စစ်ကိုင်းတိုင်း ဒေသကြီး | ဂန့်ဂေါ-ကလေး လမ်းပေါ်ရှိ ဇင်းကလင်း တံတား | ချဉ်းကပ်လမ်းပြတ်ပါ၊ ဘေလီ (ပေ ၉၀)ဆက်ရန် ကကယာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် | ၁၅-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၂။ | စစ်ကိုင်းတိုင်း ဒေသကြီး | ဂန့်ဂေါ-ကလေး လမ်းပေါ်ရှိ ဇင်းကလင်း-ကလေးကြား | လမ်းပြတ်(ပေ ၁၃၀) ဘေလီဆောင်ရွက်ဆဲ | ၁၅-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၃။ | စစ်ကိုင်းတိုင်း ဒေသကြီး | တမူး-စေတီလမ်းပေါ်ရှိ နန်းတီဆင် တံတား (၁/၁၉) (ပေ ၁၆၀) ဘေလီတံတား | ရေလယ်တိုင်နှစ်တိုင်ကျိုးကျပျက်စီး | ၁၇-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၄။ | စစ်ကိုင်းတိုင်း ဒေသကြီး | တမူး-စေတီ လမ်းပေါ်ရှိ နန်းသလက်တံတား (၁/၂၁) (၂၁၀ ပေ) ဘေလီ တံတား | ကမ်းကပ်ခုံ ရေတိုက်စား ပျက်စီး | ၂၁-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၅။ | မကွေးတိုင်း ဒေသကြီး | ငဖဲ-စေတုတ္တရာ လမ်းပေါ်ရှိ မန်းချောင်းတံတား (၄၅၀ ပေ) (သစ်သား+ ဘေလီ) | (၁၅၀ ပေ) အရှည်ခန့် ရေတိုက်စားမျောပါ | ၂၀-၈-၂၀၁၅ ရက်နေ့ပြီး |
| ၁၆။ | မကွေးတိုင်း ဒေသကြီး | တောင်ကုတ်-မအီ လမ်းပိုင်းပေါ်ရှိ ငှက်ပျောချောင်း တံတား (၂/၁၅) (၄၅ ပေ) | သံကူကွန်ကရစ် ကမ်းကပ်ခုံ နိမ့်ဆင်း ချဉ်းကပ်လမ်းပြတ်ပါ | ၆-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၇။ | ရခိုင်ပြည်နယ် | သံတွဲ-ဂွ လမ်းပေါ်ရှိ တံတားအမှတ် (၈/၂၇) (၂၀ ပေ) | ကျောက်စီ+သံကူကွန်ကရစ် တံတားကျိုးကျပျက်စီး၊ ရေစီးမျောပါ (၁၁၀ ပေ) အရှည် ဘေလီထိုး | ၇-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၈။ | ရခိုင်ပြည်နယ် | သံတွဲ-ဂွလမ်းပေါ်ရှိ တံတား အမှတ် (၁၀/ ၂၇) (၄၀ ပေ) | သံကူကွန်ကရစ် တံတား ကမ်းကပ်ခုံနိမ့်ကျ ပျက်စီး၊ (၁၄၀ ပေ) အရှည်ဘေလီထိုး | ၇-၇-၂၀၁၅ ရက်နေ့ပြီး |
| ၁၉။ | ရခိုင်ပြည်နယ် | အမ်း-စစ်တွေ လမ်းပေါ်ရှိ ဒါးလက်ချောင်း တံတား (၉၉၀ ပေ) | သံကူ+ဘေလီတံတား ရေလယ်တိုင် P6 ပြိုကျပျက်စီး | ၁၈-၈-၂၀၁၅ ရက်နေ့ပြီး |
| ၂၀။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | သီပေါ-နမ္မတူ လမ်းပေါ်ရှိ နန့်ပေါတံတား(၁၆၈ ပေ) အုတ်စီခုံး | တံတား၏ (၁၆၈ပေ) ပြတ်ပါသွား | ၃၀-၇-၂၀၁၅ ရက်နေ့ပြီး |
| | | **စုစုပေါင်း** | **၂၀ စင်း** | |

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၅ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၇၉၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၉၉၇၁ | ၁၈၆၈၅၃ | ၁၅၂၄၄၅ | ၁၂၁၁၁၉ | ၄၂၂၈၃ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၃၅၀၆၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၇၅၆၅ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၉၅၉၃၁ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၀၄၄၅ | ၇၆၇၈၇ | ၃၁၀၈၈ | ၃၉၂၁ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၀၄၈၆၆ | ၂၃၇၂၉၄ | ၁၉၄၁၅၉ | ၈၃၉၉ |
| **စုစုပေါင်း** | | **၁၄၄၅၈၉၃** | **၁၃၁၀၉၅၆** | **၁၀၉၄၃၈၀** | **၈၀၀၈၇၂** | **၂၉၉၇၂၃** |

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## တမူးခရိုင် ခမ်းပါတ်မြို့နယ် တွီးဗန် ယာယီတံတား ပြန်လည်ပြုပြင်ပြီးစီး၍ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီ

**တမူး ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့နယ်ခွဲရှိ တွီးဗန် ယာယီတံတားမှာ မိုးသည်ထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၂၃ ရက်က ပျက်စီးသွားခဲ့ရာ တာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်ခဲ့ရာ ယမန်နေ့မှစ၍ ယာဉ်ငယ်များ ပြန်လည်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေပြန်လည်ကျဆင်း၍ ကျောင်း ၅၉ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်

**ကျုံပျော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေနှင့် အထက်မှ မြစ်ရေများဝင်ရောက်မှုကြောင့်၊ ဩဂုတ် ၆ ရက်မှစတင်၍ ယာယီကျောင်းပိတ်ခြင်းများ ဆောင်ရွက်ခဲ့ရပြီး ရေဝင်ရောက်မှုအပေါ်မူတည်၍စာသင်ကျောင်း စုစုပေါင်း ၆၂ ကျောင်းအထိ ပိတ်ပေးခဲ့ရကြောင်း သိရသည်။

ယခုအခါ ရေများပြန်လည်ကျဆင်းခဲ့ပြီး သွားလာမှုအဆင်ပြေကာ ရေအန္တရာယ်ကင်းလာပြီ ဖြစ်သောကြောင့် ဩဂုတ် ၂၁ ရက်အထိ ရှစ်ကျောင်း၊ ဩဂုတ် ၂၄ ရက်တွင် ၅၁ ကျောင်း စုစုပေါင်း စာသင်ကျောင်း ၅၉ ကျောင်းကို ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်သည်။

ရေလက်ကျန်အခြေအနေကြောင့် ဆက်လက်ဖွင့်လှစ်ရန် အမက ထိန်တပင်၊ အမက သုံးအိမ်တန်းနှင့် အလက(ခွဲ)မယ်ကြက်မအိုင် စသည့်ကျောင်း သုံးကျောင်းသာ ကျန်ရှိတော့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## မိုးညိုမြို့နယ် ရေဘေးသင့်ကျေးရွာများသို့ အလှူရှင်များ လာရောက်လှူဒါန်း

**မိုးညို ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့ အင်တော်တလုပ်ကျေးရွာရှိ ဇေယျာသိဒ္ဓိဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ် သံတောင်ကြီးတောင်စခန်းမြို့ သာသနာ့မဋ္ဌူတောင်တန်းသာသနာပြု ကျောင်းထိုင်ဆရာတော် ဦးဒေဝိန္ဒာဓိပတိ ဦးစီး၍ အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင် ဆရာ ဆရာမများက ဘုရင့်နောင်တပ်မြို့ရှိ စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှု လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေ စုစုပေါင်း ၂၁ သိန်းကို ဩဂုတ် ၁၅ ရက်က ယင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးသိန္ဓိပရနှင့် ကျေးရွာပြည်သူများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကသာ-မိုးတား ရထားလမ်းပိုင်း မင်းလယ်ချောင်းရေတိုက်စားနေသော မြေနေရာကို သက်ဆိုင်ရာကပြုပြင်



**ကသာ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကသာ-မိုးတားလမ်းပိုင်းဖြစ်သည့် မီးရထားလမ်းမြေနေရာကို ဩဂုတ်လအတွင်းက အခါအားလျော်စွာ မိုးရွာပြီး ရေကြီးရေလျှံခြင်းများမကြာခဏ ဖြစ်ပေါ်လေ့ရှိသောကြောင့် မင်းလယ်ချောင်းရေတိုက်စားကာ ချွတ်ယွင်းပျက်စီးလျက်ရှိနေသော ကသာ-မိုးတားသွား မီးရထားလမ်းပိုင်းမြေနေရာများကို သက်ဆိုင်ရာက ပြန်လည်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"မင်းလယ်ချောင်းပါမိုးရွာတာက အခု ဩဂုတ်လမှာလည်း ရွာတာပဲ၊ မိုးရွာတော့မင်းလယ်ချောင်းကလည်း ရေကြီးတာက မကြာမကြာဖြစ်နေတယ်။ အခုရက်ပိုင်းတွေမှ မိုးရပ်သွားတာ။ ရေမကြာခဏကြီးတော့ မင်းလယ် သံလမ်းရေပေါက်ဘေးက မြေနေရာတွေ ချောင်းရေတိုက်စားလို့ အချို့ပျက်စီးနေတယ်။ ပျက်စီးနေတဲ့နေရာတွေကို သက်ဆိုင်ရာက သဲအိတ်တွေစုဆောင်းပြီး ပြန်လည်ပြုပြင်နေပါတယ်" ဟု မင်းလယ်ရွာ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ မင်းလယ်ချောင်းရေ တိုက်စားနေသည့်နေရာသည် ကသာ-မိုးတား မီးရထားလမ်းပိုင်းမြေနေရာဖြစ်ပြီး မင်းလယ်ချောင်း ရေပေါက်နေရာအနီးတွင် မင်းလယ်ရွာ ဒေသခံတောင်သူလယ်သမားများ၏ လယ်ရေသွင်းဆည် တစ်ခုလည်းရှိသည်။ မင်းလယ်ချောင်းရေသည် အခါအားလျော်စွာ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လေ့ရှိသောကြောင့် သံလမ်းရေပေါက်ဘေး မြေနေရာများ ပျက်စီးလျက်ရှိသကဲ့သို့ လယ်ယာမြေနေရာများသို့ နေရာယူနေသော သစ်လုံးဆည်မှာ ချွတ်ယွင်းပျက်စီးမှုများ ရှိခဲ့သည်။

**သန်းမောင်လေး**

# ရေဘေးသင့်ဒေသ ပြည်သူများအား စိတ်လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်လမှစတင်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခု၌ ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ပြည်သူများအတွက် အရေးပေါ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရေးကြီးသော နယ်ပယ်ရှစ်ရပ်မှ ထိခိုက်လွယ်သောအုပ်စုများ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း ဦးစီးဌာနသည် စိတ်လူမှုရေးဆိုင်ရာပံ့ပိုးမှု အဖွဲ့များဖွဲ့စည်း၍ ထိခိုက်လွယ်သော အုပ်စုများမှ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ ပါဝင်သည့် စောင့်ရှောက်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ဒေသများဖြစ်သည့် ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဘုတလင်၊ ကောလင်း၊ အရာတော်နှင့် ဆားလင်းကြီးမြို့နယ်များသို့ ဇူလိုင် ၂၀ မှစတင်၍ အဖွဲ့ငါးဖွဲ့ဖြင့်လည်းကောင်း၊ ကလေးမြို့ရှိ တောင်ဖီလာ ကယ်ဆယ်ရေးစခန်း၌ ဩဂုတ် ၂ ရက်မှ ၅ ရက်အထိလည်းကောင်း၊ မကွေးတိုင်းဒေသကြီးရေဘေးသင့် ကယ်ဆယ်ရေးစခန်းများဖြစ်သည့် ရေနံချောင်းမြို့နယ်ရှိ ဘုရားကုန်းကျေးရွာ၊ ပင်းစက္ကူလံပဘုရားဝင်းရှိ ကယ်ဆယ်ရေးစခန်းနှင့် ဆားတိုင်ကျေးရွာရှိ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများသို့လည်းကောင်း၊ ချင်းပြည်နယ်ရှိ ကာဆင်ဘုရားကျောင်း ကယ်ဆယ်ရေးစခန်းနှင့် BCM မြို့သစ် ကယ်ဆယ်ရေးစခန်း၌ လည်းကောင်း၊ ကရင်ပြည်နယ်တွင် အဖွဲ့ရှစ်ဖွဲ့ခွဲ၍ ဘားအံမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း ရှစ်ခု၌လည်းကောင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း (Social Counselling)၊ စိတ်လူမှုရေးဆိုင်ရာပံ့ပိုးခြင်း(Psycho Social Care and Support)နှင့် လိုအပ်သည့် ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

လူမှုဝန်ထမ်း ဦးစီးဌာနသည် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှုသင်တန်းကို UNICEFနှင့်ပူးပေါင်း၍ သင်တန်းသား သင်တန်းသူ ၁၅ ဦးဖြင့် လည်းကောင်း၊ UNFPA နှင့် ပူးပေါင်း၍ သင်တန်းသား သင်တန်းသူ ၂၇ ဦးဖြင့်လည်းကောင်း သင်တန်းပေးခြင်းများဆောင်ရွက်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကောလင်းမြို့နယ်၊ ကလေးမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်များသို့ ၁၈ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များ သို့ ၂၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်များသို့ ၁၂ ဦးနှင့် ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နယ်သို့ ခြောက်ဦး စုစုပေါင်း ၅၆ ဦးတို့သည် ယနေ့မှစတင်၍ အဆိုပါဒေသများသို့အသုတ်လိုက်ထွက်ခွာပြီး ရပ်ရွာအတွင်းရှိလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးစပါးစိုက်တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးစပါး ၁၅ သန်းနှင့် နွေစပါးဧက သုံးသန်းခန့် စိုက်ပျိုးပြီး စပါးတင်းသန်းပေါင်း ၁၃၄၇ ထွက်ရှိကာ ဆန်ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပင် ဆန်တင်ပို့ရောင်းချနေသော နိုင်ငံတစ်ခုဖြစ်ပါသည်။

၂။ ယခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက် လယ်မြေ ၁၅ သန်းကျော်ရှိသည့်အနက် (၂၄-၈-၂၀၁၅)နေ့အထိ မိုးစပါး ၁၂၈၇၉၅၂ ဧက ရေလွှမ်းခဲ့ပြီး ၁၁၂၀၈၁၃ ဧက ပြန်လည်ပေါ်ပြီးဖြစ်ပါသည်။ ၎င်းအနက် ၉၄၀၀၆၃ ဧက ထိခိုက်ခဲ့ပြီး ဧက ၆၉၄၇၄၀ ပျက်စီးခဲ့ခြင်းကြောင့် ပျက်စီးမှုရာနှုန်း (၄.၆)ရာနှုန်းရှိ၍ ပျက်စီးဧကများအား အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးလျက်ရှိရာ ၂၇၉၀၇၂ ဧက ပြန်လည်စိုက်ပျိုးပြီး ဆက်လက်စိုက်ပျိုးလျက်ရှိပါသည်။

၃။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအား မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါ နည်းလမ်းများအသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- (က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း။
- (ခ) သက်လတ်နှင့် သက်ကြီးစပါးမျိုးများကို သက်တမ်းရက်(၆၀) အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊
- (ဂ) သက်လျင်စပါးမျိုးဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊
- (ဃ) သက်လျင်စပါးမျိုးဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊
- (င) မပျက်စီးဘဲ ထိခိုက်သော စပါးခင်းများအား ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ (၃း၁)ဖြင့် ရောစပ်ထည့်သွင်းပေးခြင်း၊

၄။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီ အချိန်ကိုက်ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ် ဂရုပြုဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ သို့ပါ၍ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အကူအညီများ လိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# ရေဘေးသင့်တောင်သူလယ်သမားများ သီးနှံများအချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်ပြည်သူများသို့ နှိုးဆော်ချက်

၁။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် တောင်သူလယ်သမားများ၏ မိုးစပါးစိုက်လယ်မြေများ၊ ပျိုးခင်းများ၊ သီးနှံစိုက်ခင်းများနှင့် သိမ်းဆည်းထားသော သီးနှံမျိုးစေ့များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပါသည်။

၂။ အဆိုပါပျက်စီးသွားသော မိုးစပါးအပါအဝင် သီးနှံစိုက်ခင်းများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ်၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးသော မိုးစပါးအပါအဝင် အခြားသီးနှံများ အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များ၊ သွင်းအားစုများ ဝယ်ယူစုဆောင်းထောက်ပံ့ပေးလျက်ရှိရာ လှူဒါန်းလိုသော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| (က) ဦးကျော်ရွှေ | ညွှန်ကြားရေးမှူးချုပ် | ၀၉-၈၅၆၈၇၂၂ |
| | | ၀၆၇-၄၁၀၁၃၃ |
| | | ၀၆၇-၄၁၀၀၀၇ |
| (ခ) ဦးအေးကိုကို | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၉-၈၃၀၆၇၂၅ |
| | | ၀၉-၂၅၀၈၇၃၃၇၅ |
| | | ၀၆၇-၄၁၀၄၂၂ |
| (ဂ) ဦးလှမြင့်အောင် | ညွှန်ကြားရေးမှူး | ၀၉-၂၅၉၀၂၃၇၀၇ |
| | | ၀၆၇-၄၁၀၅၂၆ |

**(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**




# တောဆင်ရိုင်းအုပ်အား ဒေသခံပြည်သူလူထု အသက်အိုးအိမ်ထိခိုက်မှုမရှိစေဘဲ မူရင်းဒေသပဲခူးရိုးမတစ်ဝိုက်သို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ညောင်ဦးမြို့နယ်အတွင်း ရောက်ရှိနေသော တောဆင်ရိုင်း ခြောက်ကောင်အုပ်အား ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်မှုမရှိစေရေး ဦးစားပေးကာ မူလကျက်စားရာနယ်မြေဖြစ်သော နတ်မောက်မြို့သစ် နယ်မြေရှိ ပဲခူးရိုးမဒေသအတွင်းသို့ ပြန်လည်ပို့ဆောင်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အထူးအလေးထား၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ မြန်မာ့သစ်လုပ်ငန်း တာဝန်ရှိသူများနှင့် တောဆင်ရိုင်းထိန်းသိမ်းရာတွင် ဝါရင့်အတွေ့အကြုံရှိသော ဆင်ဆရာဝန် ဒေါက်တာစည်သူဝမ်ထွန်း ဦးစီးအင်အား ၃၅ ဦး၊ တောဆင်ရိုင်းများ ကျေးရွာများသို့ ဝင်ရောက်မှုမရှိစေရေး၊ လမ်းကြောင်းပိတ်ဆို့ရေးဆောင်ရွက်ရန် ညွှန်ကြားရေးမှူးနှစ်ဦး၊ ဦးစီးအင်အား ၂၈ ဦးတို့သည် ဩဂုတ် ၂၄ ရက်မှစတင်၍ တောဆင်အုပ်ရှိရာနယ်မြေတွင် အင်အားစုဖွဲ့ပြင်ဆင်ပြီး လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်လျက်ရှိ၍ ဩဂုတ် ၂၅ ရက်မှစတင်ကာ ဆင်အုပ်နှင့် အနီးကပ် စောင့်ကြည့်ထိန်းကျောင်းလျက်ရှိသည်။


ဆင်ထိန်းသိမ်းရေး၊ ပိတ်ဆို့ရေးအဖွဲ့နှင့်အတူ တောဆင်ရိုင်းများအား လိုအပ်သလို ထိန်းကျောင်းနိုင်ရန် တောဆင် ထိန်းသိမ်းရေးအတွက် လေ့ကျင့်သင်ကြားထားသည့် ဆင်ယဉ် ကွန်ဂျီဆင်ကြီး ခြောက်ကောင်၊ လိုအပ်ပါက ဒေသခံပြည်သူလူထုအား အန္တရာယ်မပြုစေနိုင်ရေးအတွက် အသုံးပြုရန် မေ့ဆေးသေနတ် လေးလက်၊ မေ့ဆေးသေနတ်သမားများစုဖွဲ့ထားပြီး လိုအပ်ချက်ပေါ်မူတည်၍ တောဆင်ရိုင်းများအား ယာဉ်ကြီးများဖြင့် တင်ဆောင်ရွှေ့ပြောင်းနိုင်ရေးအတွက် ၁၀ ဘီးယာဉ် ခုနစ်စီးပါဝင်စုဖွဲ့ကာ တောဆင်အုပ် အခြေပြုရာနေရာတစ်ဝိုက်တွင် အနီးကပ်စောင့်ကြည့်ထိန်းကျောင်းလျက်ရှိသည်။

တောဆင်ရိုင်းအုပ်အား မူလကျက်စားရာနယ်မြေဖြစ်သည့် နတ်မောက်မြို့သစ်နယ်မြေ ပဲခူးရိုးမအတွင်းသို့ ပြန်လည်ပို့ဆောင်ရာတွင် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်မထိခိုက်စေဘဲ ဆင်ထိန်းသိမ်းရေးကျွမ်းကျင်သူများ၏ ကြီးကြပ်မှုဖြင့် ကွန်ဂျီဆင်များကို အသုံးပြု၍ ပြန်လည်ထိန်းကျောင်း ပို့ဆောင်သွားရေး သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

တောဆင်ရိုင်းအုပ်အား မူရင်းဒေသ ပဲခူးရိုးမသို့ ပြန်လည်ရောက်ရှိရေးဆောင်ရွက်ရာတွင် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ် အန္တရာယ်မကျရောက်စေရေးအတွက် အတွေ့အကြုံရှိသည့် ဝါရင့်ဆင်ထိန်းသိမ်းရေးကျွမ်းကျင်သူအဖွဲ့နှင့် ပိတ်ဆို့ရေးအဖွဲ့များက အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် တောဆင်ရိုင်းများအား ဝိုင်းဝန်းကြည့်ရှုခြင်း၊ ခြောက်လှန့်ခြင်းများ၊ ဓာတ်ပုံရိုက်ခြင်းမပြုလုပ်ကြရန်နှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၏ ဆင်အန္တရာယ် ကင်းရှင်းရေးမေတ္တာရပ်ခံနှိုးဆော်ချက်များအပေါ် ပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် ထိန်းသိမ်းပို့ဆောင်ရေး လုပ်ငန်းစဉ်ဆောင်ရွက်မှုများကို ပိုမိုချောမွေ့မြန်ဆန်စေမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ညောင်ဦးမြို့နယ်အတွင်းရောက်ရှိနေသော တောဆင် (၆) ကောင်အား မူရင်းဒေသ ပဲခူးရိုးမသို့ ပြန်လည်ပို့ဆောင်မည့် လမ်းကြောင်းပြမြေပုံ



## မူဆယ်၌ အသံမိုင်းပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဈေးရပ်ကွက် ပြည်ထောင်စုကားလမ်းမကြီးဘေးရှိ အင်းဝဘဏ် ရွှေ့မျက်နှာစာတွင် ဩဂုတ် ၂၄ ရက် ည ၁၀ နာရီက အသံမိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဘဏ်ရှေ့မျက်နှာစာ လေကာမှန်များနှင့် ဘေးဘက်ရှိ ပြတင်းပေါက်မှန်များကွဲပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲသည့် နေရာတစ်ဝိုက်သို့ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ယင်းဘဏ်သည် အုတ်ကာ သွပ်မိုး သုံးထပ်အဆောက်အအုံဖြစ်ပြီး ဘဏ်အဝင် ဆင်ဝင်တံခါး ယာဘက်ခြမ်းတိုင်နှင့် အဆောက် အအုံကြားတွင် ခြောက်လက်မပတ်လည် အနက်နှစ်လက်မခန့်ရှိ ချိုင့်ခွက် ငယ်တစ်ခုနှင့် အောက်ခြေနံရံမီးခိုးမှိုင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘက်ထရီအားသွင်းရာမှ ဝိုင်ယာရှော့ခ်ဖြစ်၍ တဲတစ်လုံးမီးလောင်

**တောင်တွင်းကြီး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ရန်ပယ်ခွကျေးရွာ၌ ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲခန့်က တဲခေါင်မိုးပေါ်တွင် ဆိုလာပြားကိုတင်ပြီး ဘက်ထရီအားသွင်းရာမှ ဝိုင်ယာရှော့ခ် ဖြစ်ကာ လူနေတဲတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ရန်ပယ်ခွကျေးရွာနေ ဦးအောင်မြင့်စိုး(၄၀ နှစ်)၏ ဝါးတိုင်၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုး၊ ထရံကာ၊ မြေစိုက်တစ်ထပ်တဲခေါင်မိုးပေါ်၌ ဆိုလာပြားကိုတင်ပြီး ဘက်ထရီအားသွင်းရာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ နံနက် ၁၁ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသဖြင့် အောင်မြင့်စိုးကို တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## လေပြင်းတိုက်သဖြင့် နေအိမ်ပြိုကျမှုဖြစ်ပွား

**ပုသိမ် ဩဂုတ် ၂၅**- ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့ပြီး မြေကြီးများ ပျော့လာပြီး ဝါးရုံလဟာကျေးရွာမှ ဦးဇော်မင်းနိုင်၏ ဓနိမိုးထရံကာ ပျဉ်ခင်းနေအိမ်၊ ဦးအုန်းကြွေ၏ ဓနိမိုးထရံကာ ကြမ်းခင်းနေအိမ်တို့ ပြိုကျဆုံးရှုံးခဲ့သည်။

အလားတူ ကိုင်းတာကြီးကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်သဖြင့် ဦးအောင်နိုင်ဝင်း၏ ဓနိမိုးထရံကာ ကြမ်းခင်းနေအိမ် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။ ယင်းပြိုကျခဲ့သော နေအိမ်သုံးလုံးမှ အိမ်ထောင်စုသုံးစုမှာ နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


ရွှေဆောင် ၀၁-၂၅၂၁၁၃၊ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မင်္ဂလာစံပြ ၀၉-၂၆၀၈၈၇၀၁၅ ၀၉-၂၆၀၈၈၇၀၁၆ ၀၁ ၂၁၀၁၁၆၅ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | ၂၈.၈.၂၀၁၅ ရက်မှ စ၍ တစ်ပြိုင်တည်းပြမြဲ | ပွဲချိန်သတ်မှတ် ၁၀း၀၀ နာရီ ၁၂း၁၀ နာရီ ၃း၁၀ နာရီ ၆း၁၀ နာရီ ၉း၁၀ နာရီ




နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာစံပြ ၀၉-၂၆၀၈၈၇၀၁၅ ၀၉-၂၆၀၈၈၇၀၁၆ ၀၁ ၂၁၀၁၁၆၅ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂




ရွှေဆောင် (၂) ၀၁-၂၅၂၁၁၃၊ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မင်္ဂလာ(၂)ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂



# ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အေဒီဘီမှ ကန်ဒေါ်လာ သုံးသန်းထောက်ပံ့

နေပြည်တော် ဩဂုတ် ၂၅

မြန်မာနိုင်ငံဒေသအနှံ့အပြား ရေလွှမ်းမိုးမှုကြောင့် ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာသုံးသန်းကို အာရှဖွံ့ဖြိုးရေးဘဏ်က ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် အဓိကလိုအပ်ချက်များနှင့် အရေးပေါ်လိုအပ်သော ဝန်ဆောင်မှုများကို ဖြည့်ဆည်းရာတွင် အထောက်အကူဖြစ်စေရန် ADB ၏ အာရှ-ပစိဖိတ် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးရန်ပုံငွေကတစ်ဆင့် အဆိုပါ ထောက်ပံ့ငွေကို ကူညီခြင်းဖြစ်သည်။

ရေဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ထောက်ပံ့နိုင်ရန် ADB က ရည်ရွယ်ထားပြီး ထိခိုက်ဆုံးရှုံးမှုနှင့် လိုအပ်ချက်ဆန်းစစ်မှုများကိုအခြေပြု၍ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ဘေးဒဏ်သင့်ခဲ့ရတဲ့ ခက်ခဲတဲ့အခြေအနေတစ်ရပ်မှာ ADB အနေနဲ့ မြန်မာနိုင်ငံကို ထောက်ပံ့ကူညီသွားမှာပါ။ ပြန်လည်ထူထောင်ရေးအတွက် ရေရှည်အစီအမံတွေနဲ့အတူ ကယ်ဆယ်ရေးကဏ္ဍနဲ့ ကနဦးပြန်လည်ထူထောင်ရေးကဏ္ဍတို့ကို ချိတ်ဆက်ဆောင်ရွက်ဖို့ရာ အရေးကြီးပါတယ်"ဟု ADB ဥက္ကဋ္ဌ တာခဲဟိကို နာကာအိုက ပြောသည်။

ရေလွှမ်းမိုးမှုကြောင့် လူ့အသက်များနှင့် အသက်မွေးဝမ်းကျောင်းများ ထိခိုက်ဆုံးရှုံးပျက်စီးခဲ့မှုများအပေါ် မြန်မာနိုင်ငံနှင့် နိုင်ငံသားများအား စာနာမိပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာတစ်စောင်ကို ADB ဥက္ကဋ္ဌက ယခုလအစောပိုင်းက ပေးပို့ထားသည်။

မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်သည် အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၄ ခုနှစ်အတွင်း ပံ့ပိုးဆောင်ရွက်ပေးမှုပမာဏမှာ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၏ ပူးတွဲငွေကြေးထည့်ဝင်မှု အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံအပါအဝင် အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံရှိကြောင်း သိရသည်။

(သတင်းစဉ်)

# မြစ်ရေများပြန်လည်ကျဆင်းသဖြင့် ကယ်ဆယ်ရေးစခန်းမှပြည်သူများ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့

ပုသိမ် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ဒါးကမြစ်ရေမြင့်တက်မှုကြောင့် သံဖြူအလယ်စုကျေးရွာအုပ်စု၊ မအူချောင်းကျေးရွာရှိ ဇမ္ဗူဒီပဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသော ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော အိမ်ထောင်စု ၆၁ စု၊ လူဦးရေ ၁၉၇ ဦးသည် ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းက ဒါးကမြစ်ရေ ပြန်လည်ကျဆင်းသွားသဖြင့် အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းမှ မိမိနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့သွားသဖြင့် ကယ်ဆယ်ရေးစခန်း၌ ပြောင်းရွှေ့နေသော အိမ်ထောင်စုမရှိတော့ကြောင်း သိရသည်။

မောင်မောင်မြင့်

● *ကျောဖုံးမှ*

၆၂၆ ဦးကို ငါးကြိမ်ခွဲ၍ ၎င်းတို့၏ မူရင်းနေရပ်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ပို့ဆောင်ပြီးဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရန်ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က စိစစ်မှုများဆက်လက်ပြုလုပ်လျက်ရှိရာ စိစစ်အတည်ပြုပြီးပါက မူရင်းနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❀ *ကျောဖုံးမှ*

လီဗာပူးအသင်းမှာလည်း အသစ်ဝယ်ယူထားသော ကစားသမားများကို အသုံးပြုခဲ့ပြီး ဘန်တီကီကို အထောင်ထားကာ ကွင်းလယ်တွင် ဖာမီနို၊ လိုင်ဗာ၊ ကော်တင်ဟို၊ အမ်မရီကန်နှင့် မီလ်နာတို့ကို အသုံးပြုခဲ့ပြီး နောက်တန်းတွင် ဂိုမက်ဇ်၊ လော့ဗ်ရန်၊ မာတင်စကာတယ်၊ ကလိုင်းတို့နှင့် ဂိုးသမား ဆီမွန်မစ်နိုလတ်တို့ ပွဲထွက်လာသည်။

နှစ်သင်းစလုံးအပြန်အလှန်တိုက်စစ်ဖွင့်ခြိမ်းခြောက်နိုင်ခဲ့ပြီး ပွဲချိန်အပြည့်တွင် အာဆင်နယ်အသင်းမှာ ဘောလုံးပိုင်ဆိုင်မှုများခဲ့သော်လည်း ဂိုးပေါက်ကန်သွင်းခွင့် လီဗာပူးအသင်းမှာ ရှစ်ကြိမ်အထိရရှိခဲ့ပြီး အာဆင်နယ်အသင်းမှာ ခြောက်ကြိမ်သာ ရရှိခဲ့သည်။ နှစ်သင်းစလုံးမှ တိုက်စစ်မှူးများ အပိုင်ကန်သွင်းခွင့်ရခဲ့သော်လည်း ဂိုးသမားများ၏ လက်စွမ်းပြကာကွယ်မှုကြောင့် ဂိုးမရရှိဘဲ သရေတစ်မှတ်စီသာ ကျေနပ်ခဲ့ရသည်။

အိမ်ရှင် အာဆင်နယ်အသင်းသည် ပွဲစဉ်သုံးပွဲအပြီး ရမှတ်လေးမှတ်ဖြင့် အဆင့်ကိုး၌ ရပ်တည်နေပြီး လီဗာပူးအသင်းမှာ ရမှတ်ခုနစ်မှတ်ဖြင့် အဆင့်သုံး၌ မန်ယူအသင်းနှင့် ပူးတွဲရပ်တည်နေသည်။ ဇယားထိပ်ဆုံး၌ ရမှတ်ကိုးမှတ်ဖြင့် မန်စီးတီးအသင်း ရပ်တည်နေသည်။ ဩဂုတ် ၂၉ ရက်တွင် အာဆင်နယ်အသင်း အဝေးကွင်း၌ နယူးကာဆယ်ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လီဗာပူးအသင်းမှာ အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းကို ဧည့်ခံကစားရမည် ဖြစ်သည်။

သီဟ

နိုင်ငံတကာသတင်း

# နှစ်ရက်ကျော်ကြာဆွေးနွေးပြီးနောက် ကိုရီးယားနှစ်နိုင်ငံတင်းမာမှုအဆုံးသတ်

ဆိုးလ် ဩဂုတ် ၂၅

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံတို့သည် အပြန်အလှန်အမြောက်နှင့် ပစ်ခတ်သည့် စစ်မီးပွားတောက်မှုကို အဆုံးသတ်ရန် အင်္ဂါနေ့စောစောပိုင်းက သဘောတူညီမှုရရှိသွားပြီ ဖြစ်သည်။

နှစ်ရက်ကျော်ကြာ ဆွေးနွေးခဲ့ကြပြီးနောက် မြောက်ကိုရီးယားကမြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် တောင်ကို ရီးယားတပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရရှိခဲ့သည့်အပေါ် နောင်တရမိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကာ ဆိုးလ်က ပြုယမ်းဆန့်ကျင်ရေး ထုတ်လွှင့်ဖြန့်ချိမှုများ ရပ်ဆိုင်းရန် သဘောတူခဲ့သည်။



နှစ်နိုင်ငံတပ်ဖွဲ့ဝင်များအနေဖြင့် နယ်စပ်တပ်ဖြန့်မှုများကို ရုပ်သိမ်းရန် စတင်ဆုတ်ခွာနေပြီဖြစ်ကြောင်း ဆိုးလ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ မြောက်ကိုရီးယားကလည်း နိုင်ငံအဆင့် စစ်ရေးပြင်ဆင်မှုများကို တစ်စိတ်တစ်ဒေသအားဖြင့် အဆုံးသတ်ရန် သဘောတူညီလိုက်ပြီဟု ကြေညာသည်။ နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေးတိုးတက်အောင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

"အနှစ်သာရနဲ့ပြည့်စုံတဲ့ ဆွေးနွေးပွဲဖြစ်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း တင်းမာမှုတွေ မဖြစ်ဖို့လုပ်ဆောင်သွားမှာပါ"ဟု ဆိုးလ်ကိုယ်စားလှယ်၊ တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးနှင့် အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ ကင်ကွမ်ကျင်းက ဆိုသည်။

(ရိုက်တာ)

## တံဆိပ်ခေါင်းခွန်ထမ်းဆောင်ကြရန် အသိပေးနှိုးဆော်ချက်

၁။ မိဘပြည်သူများအနေဖြင့် အစိုးရဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိကအချင်းချင်း အကြားတွင်လည်းကောင်း တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရမည်ဟု မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပြဋ္ဌာန်းပါရှိပါသည်။

၂။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်းမရှိလျှင် အဆိုပါစာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်ခံခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ မှန်ကန်ကြောင်းအသိအမှတ်ပြုသက်သေခံ လက်မှတ်ရေးထိုးပေးခြင်းစသည်တို့ကို သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးမည်မဟုတ်ပါ။

၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာပေါ်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်မထားခြင်း သို့မဟုတ် ထိုက်သင့်သည့်တံဆိပ်ခေါင်းပမာဏ အပြည့်အဝ ထမ်းဆောင်ထားမှု မရှိခြင်းကို စိစစ်တွေ့ရှိရလျှင် ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်ပမာဏအပြင် ယင်း၏ ၁၀ ဆနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ပြီးမှသာ ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို မည်သူက ပေးဆောင်ရမည်၊ မည်သည့် စာချုပ်စာတမ်း အမျိုးအစားအတွက် တံဆိပ်ခေါင်းခွန် မည်မျှထမ်းဆောင်ရမည်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ အင်တာနက်စာမျက်နှာ www.irdmyanmar.gov.mm တွင်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ သို့ဖြစ်ပါ၍ မိမိတို့၏စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ သက်သေခံ ခိုင်မာစေရေးအတွက် စာချုပ်စာတမ်းများပေါ်တွင် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန် အပြည့်အဝထမ်းဆောင်စေရေး အလေးထားလိုက်နာဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

7Stars(ရာထူးဝင်သင်တန်းကြီး)
ဦးစီးအရာရှိ (၂၂၆) နေရာ (တက္ကသိုလ်တစ်ခုခုမှဘွဲ့)
(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)
ဦးစီးအရာရှိ (၃၄) နေရာ (B.com, B.Act, DA)
(ကျန်းမာရေး / စာရင်းစစ်ချုပ်ရုံး) (အပြည့်စုံဆုံးမှတ်စုများ နယ်သို့ပို့ပေးသည်။)
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါပြီ ။
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.789107733, 09.780080052, 09421052736, 09.799860155

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/ 7631၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးအောင် ၁၀/မလမ(နိုင်)၀၄၂၈၅၁၏ Terra Craft International Co, LTD, TOY-OTA HILUX VIGO 2013, MROG-R 32 GX 09131949, 132322, WQ-IL- 7130 နှင့် ပတ်သက်သော စာရွက်စာတမ်းများ ရန်ကုန်မြို့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးမျိုးအောင်
မြဝတီမြို့နယ်
ဖုန်း-၀၉-၄၉၇၇၇၄၁၃

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/ 8442၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၅၅၈၆ Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာဝင်း ၅/မမန(နိုင်)၀၈၁၅၇၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက် အခြေခံပညာကျောင်းသုံးစာအုပ်များကို စက္ကူ၊ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုး(Package)နှင့် ခရိုင်ပညာရေးမှူးရုံးများသို့ အရောက် ပို့ဆောင်ခြင်းများအပါအဝင် လုပ်ငန်းများဆောင်ရွက်ရန်ရှိပါ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်ပုံစံများကို အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၁၅ခုနှစ်၊ ဩဂုတ် ၃၁ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၁ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ရုံးအမှတ်(၁၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးအမှတ်(၁၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းအမှတ်-၀၆၇-၄၀၇၆၈၄၊ ၀၆၇-၄၀၇၅၄၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာမူလတန်းကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းစိမ်းဝတ်စုံများ အပ်နှံ၍ လုပ်ငန်းများဆောင်ရွက်ရန်ရှိပါ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်ပုံစံများကို အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၁၅ခုနှစ်၊ ဩဂုတ် ၃၁ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁၁ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ ရုံးအမှတ်(၁၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးအမှတ်(၁၃)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းအမှတ်-၀၆၇-၄၀၇၆၈၄၊ ၀၆၇-၄၀၇၅၄၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

# သံလွင်မြစ်ကမ်းစေတီတော်နံဘေး မြေပြိုကျမှုဖြစ်ပွား

**မော်လမြိုင် သြဂုတ် ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ်ကွက် မလိမ့်ကုန်း(ယခင်အခေါ်) ကျောက်ဝဲဂူ ဘုန်းကြီးကျောင်းဝင်းအတွင်း သြဂုတ် ၂၅ ရက် နံနက်က သဘော်ဦးစေတီတော် အပါအဝင် ဆွမ်းစားဆောင် ဘေး သံလွင်မြစ် ကမ်းပါးတစ်လျှောက်ရှိ အရှည်ပေ ၅၀ ခန့် မြေပြိုမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စေတီတော်လေးသည် နှစ်ပေါင်း ၁၀၀ နီးပါးရှိပြီဟု သိရပြီး သြဂုတ် ၂၄ ရက်ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောက်ဝဲဂူ ဆွမ်းစားဆောင်ဘေး မြေပြိုကျမှုဖြစ်ပွားရာ မြေပြိုကျမှုဆက်လက်ဖြစ်ပေါ်ပါက ဆွမ်းစားဆောင်နှင့် ဘုရားစေတီများပါ ပြိုကျပျက်စီးမည်ဖြစ်ကြောင်း ကျောက်ဝဲဂူဆရာတော် ဦးတိက္ခဉာဏက ပြောသည်။

"ဆက်ပြီး မြေမပြိုတော့ ချက်ချင်းသဲအိတ်တွေနဲ့ ပိတ်ဆို့တာတို့ လုပ်ရမှာပါ။ လမ်းခင်းကျောက်ကြီးတွေနဲ့ဆိုရင်တော့ ပိုကောင်းပါတယ်။ ဒါဆိုရင်တော့ အမာခံတွေရပြီး မြေထိန်းနံရံတွေကို အခိုင်အခံ့ ပြန်လုပ်နိုင်မှာပါ။ လမ်းခင်းကျောက်ကြီး ကျင်း ၃၀၊ ၄၀ လောက်တော့ လိုမယ်ထင်ပါတယ်။ အမာခံမရှိတာရော၊ သံလွင်မြစ်ကမ်းဘေး ရေတက်တဲ့အခါ လှိုင်းပုတ်တဲ့ဒဏ်တွေကြောင့် ဖြစ်ရတာပါ။ လမ်းခင်းကျောက်တွေ သုံးပြီး မြေထိန်းနံရံပြန်လုပ်ရမှာဖြစ်လို့ အလှူရှင်တွေကို မျှော်လင့်ပါတယ်" ဟု ဆရာတော်က ဆိုသည်။

အဆိုပါ ကျောက်ဝဲဂူကျောင်းသည် ယခင်က ဝါးကျောင်းလေးဖြစ်ကြောင်း၊ ရပ်ကွက်နေပြည်သူများနှင့် အခြားအလှူရှင်များ စုပေါင်းလှူဒါန်းမှုကြောင့် တိုက်ကျောင်းလေးဖြစ်လာရဖြင်းဖြစ်ကြောင်းနှင့် ယခုမြေပြိုမှု ဖြစ်ပွားခဲ့သည့်နေရာကို ပြန်လည်ပြုပြင်ရန် လှူဒါန်းလိုပါက အလှူရှင်များအနေဖြင့် ကျောက်ဝဲဂူဆရာတော်ကြီး ဦးတိက္ခဉာဏ ဖုန်း၀၉-၄၂၅၃၆၈၁၆၅၊ ၀၉-၄၃၀၀၄၈၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မြတ်မွန်ထွေး(မြန်မာ့အလင်း)**



# ဟင်းဖိုးငွေတောင်းသည့်ကိစ္စအား မကျေနပ်၍ ညီအစ်ကိုဝမ်းကွဲချင်း ဓားခုတ်မှုဖြစ်ပွား

**အောင်လံ သြဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ချင်းစခန်းကြီးကျေးရွာ၌ သြဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်က ဟင်းဖိုးငွေ တောင်းသည့်ကိစ္စကို မကျေနပ်၍ ညီအစ်ကိုဝမ်းကွဲချင်း ဓားခုတ်မှုဖြစ်ပွားကာ သေဆုံးသွားကြောင်း သိရသည်။

အောင်လံမြို့နယ် ချင်းစခန်းကြီးကျေးရွာနေ ဒေါ်မိုးမိုး(၄၆နှစ်)သည် နေအိမ်၌ ခင်ပွန်းဖြစ်သူ ကိုချစ်ရွှေ (၄၅နှစ်)နှင့်အတူရှိနေစဉ် အနောက်ဘက်ခြံ ချင်းကပ်လျက်နေ ကိုချစ်ရွှေနှင့်ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ဦးချစ်မောင် (၅၃နှစ်)မှာ အရက်မူးပြီး နေအိမ်ခြံစည်းရိုးနားမှနေ၍ ယခင်နေ့က ချစ်ရွှေက ၄င်းထံမှရရန်ရှိသည့် ဟင်းဖိုးငွေတောင်းသည့်ကိစ္စအား မကျေနပ်၍ အော်ဟစ်စိန်ခေါ်နေကြောင်း၊ ခဏအကြာ ဦးချစ်မောင်၏အသံ ပျောက်သွား၍ ကိုချစ်ရွှေမှာ ရွာမြောက်ဘက်ရှိပြောင်းခင်းသို့ နွားစာပြောင်းခုတ်ရန် ဓားဆွဲပြီး ထွက်သွားစဉ် ဦးချစ်မောင်နောက်မှလိုက်သွားသည်ကို မြင်ရသဖြင့် ဒေါ်မိုးမိုးသည် နေအိမ်နောက်ဖေး ကြမ်းပြင်ပေါ်သို့ တက်ကြည့်ရာ ကျေးရွာမြောက်ဘက် ပေ ၁၀၀ ခန့်အကွာ လူသွားလမ်းပေါ်တွင် ကိုချစ်ရွှေမှာ လဲကျနေသည်ကို တွေ့ရပြီး ဦးချစ်မောင်က ဓားနှင့်ခုတ်နေသည်ကို တွေ့ရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့က သွားရောက်ကြည့်ရှုရာ ကိုချစ်ရွှေတွင် ပြတ်ရှဒဏ်ရာများရရှိသေဆုံးနေကြောင်း သိရှိရသဖြင့် ဓားဖြင့်ခုတ်သူ ဦးချစ်မောင်ကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ညောင်ရွှေမြို့၌ မီးလောင်မှုဖြစ်ပွား

**ညောင်ရွှေ သြဂုတ် ၂၅**

ညောင်ရွှေမြို့ရှိ VIEW POINT ဟိုတယ်၌ သြဂုတ် ၂၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံးချင်းတည်းခိုဆောင်အတွင်း လျှပ်စစ်ခြင်ပြေးစက်မှ စတင်၍ မီးလောင်ခဲ့ပြီး မီးလောင်မှုကြောင့် ပျဉ်ခင်း ပျဉ်ကာ သွပ်မိုး ပေ (၂၀×၃၀) အဆောက်အအုံတစ်ခုမီးလောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ်များ၊ ကိုယ်ပိုင်မီးသတ်စက်များဖြင့် မီးငြိမ်းသတ်ခဲ့ပြီး အဆိုပါဟိုတယ်၌ လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ပြတ်ကျနေသောဓာတ်ကြိုးထိမိ၍ အမျိုးသမီးတစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ရန်ကုန် သြဂုတ် ၂၅**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ သြဂုတ် ၂၄ ရက် ည ၉ နာရီခွဲခန့်က အမှတ်(၂၀)ရပ်ကွက် အပိုင်(၃) ဗိုလ်တေဇလမ်းရှိ (၁၃၃၃/က) ငါးခန်းတွဲအဆောင်နေ မယွန်းမြတ်နိုး (၁၄ နှစ်)မှာ စက်ရုံမှအပြန် အိမ်ဝင်းသို့အဝင် ဓာတ်တိုင်မှပြတ်ကျနေသော ဓာတ်ကြိုးကို ဝမ်းဗိုက်နှင့်ထိမိ ဓာတ်လိုက်၍ အဆိုပါနေရာတွင်ပင် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ် မဖြစ်ပွားမီ သြဂုတ် ၂၃ ရက် ည ၈ နာရီကျော်က မယွန်းမြတ်နိုးနေထိုင်သောအဆောင်အနီး အိမ်မှ မဇင်မာဝေ(၁၉ နှစ်)သည် လည်ပင်းတွင် ဓာတ်ကြိုးထိမိ၍ ဒဏ်ရာရနေကြောင်း၊ ရပ်ကွက်လျှပ်စစ်ရုံးသို့ အကြောင်းကြားခဲ့ပြီး ၄င်းအား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ သြဂုတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ဒဏ်ရာသက်သာသဖြင့် ဆေးရုံမှ ပြန်လည်ဆင်းခွင့်ရကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်များ ဖြစ်ပွားနေစဉ် ရပ်ကွက်ပြည်သူတစ်ဦးက ဗိုလ်တေဇလမ်းနှင့် ဆရာစံလမ်းမကြီးလမ်းဆုံရှိ မိန်းခလုတ်ကို ချခဲ့ရကြောင်း၊ ဓာတ်လိုက်မှုကြောင့် သေဆုံးသွားသူ၏ မိသားစုဘဝ ရပ်တည်ရန် အခက်အခဲဖြစ်နေသည့်အတွက် သြဂုတ် ၂၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မြို့နယ် EPC ရုံးမှငွေကျပ် သိန်း ၂၀ ထောက်ပံ့ပေးကြောင်း မိခင်ဖြစ်သူ မသန်းသန်းရွှေကပြောကြားသည်။

သြဂုတ် ၂၄ ရက် နံနက် ၁၀ နာရီခွဲက ဆရာစံလမ်းနှင့် ပေဖူးလွှာလမ်းရှိ ပြတ်ကျခဲ့သော ဓာတ်ကြိုးကို အစားထိုးတပ်ဆင်ခြင်း၊ ဆရာစံလမ်းမကြီးရှိ လျှပ်စစ်မီးကြိုးများ အသစ် လဲလှယ်တပ်ဆင်ခြင်းတို့ကို လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**




## လူရည်ချွန်တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး

၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်ဆုရသူ၊ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူဖြစ်ပြီး တက္ကသိုလ်ဆက်တက်ရန် ခက်ခဲနေသူ (အထောက်အထားခိုင်လုံသူ)များကို လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့မှ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးပါမည်။ လူဦးရေကန့်သတ်ထားပါသည်။ ၁၀-၉- ၂၀၁၅ရက် နောက်ဆုံးထား လျှောက်ထားရမည်။ ၁၁-၇-၂၀၁၅ရက် M3 လူရည်ချွန် စကားဝိုင်း(၅)တွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါရုံးခန်းသို့ ရုံးချိန်အတွင်း တနင်္လာနေ့မှအပ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့**
**တိုက်(၃၃/၃၇)၊ လေးလွှာ၊ အခန်း ၇၊ ၂လမ်း၊**
**(၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၃၃၂၁၀၆၁၁၊ ၀၉-၂၅၄၁၉၇၄၃၉၊ ၀၉-၇၃၁၆၁၃၁၃**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် (၇/၂၀၁၅-၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ ဓာတ်ခွဲခန်းသုံးပစ္စည်းတင်စင်
၂။ ဓာတ်ခွဲခန်းသုံးစားပွဲ

၂။ တင်ဒါပေးသွင်းမှုကို ၃၁-၈-၂၀၁၅ရက် ညနေ ၄နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် (၅၀၀၀)ကျပ်ဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ် (၃၉)၊ နေပြည်တော်**

## ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## တင်ဒါ(Tender)ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကမ္ဘောဇရိပ်သာ ပင်မအဆောက်အအုံ အကြီးစားမွမ်းမံခြင်းလုပ်ငန်းအတွက် တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၇-၈-၂၀၁၅ ရက်
**တင်ဒါတင်သွင်းရမည့်ရက်** - ၇-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ
**တင်ဒါတင်သွင်းရန်နေရာ** - အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော်
**တင်ဒါဖွင့်မည့်ရက်** - ၉-၉-၂၀၁၅ ရက်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၁၆၆**
**(အနုပညာဦးစီးဌာန)**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် အထက(ဖလုံ) တက္ကသိုလ်ဝင်တန်း(ခ)မှ နော်ဆဲဂေး ၁၂/တကန(နိုင်)၁၉၅၄၅၈၏ ဖခင်အမည်မှန်မှာ ဦးစောမောင်ချို ၁၂/အစန(နိုင်)၁၃၈၉၁၃ ဖြစ်ပါသည်။

**ဦးစောမောင်ချို**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရိုးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လဈပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## စုပေါင်းရုံးဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ၄/၆ပြဟ္မစိုရ်လမ်းနှင့် သီလလမ်းထောင့်ရှိ မြေဧရိယာ ၁ဒသမ၆၈၉၈ဧကပေါ်တွင် အာရ်စီ(၆)ထပ် စုပေါင်းရုံးတစ်ရုံးကို တည်ဆောက်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် မြန်မာနိုင်ငံသားကုမ္ပဏီများသည် အောက်ပါအခြေခံအချက်များနှင့်အတူ အဆိုပြုတင်ပြသွားရန်ဖြစ်ပါသည်-

(က) ကုမ္ပဏီဆိုင်ရာအချက်အလက်များ။
(ခ) အဆိုပြုဒီဇိုင်း (Floor Plan အပါအဝင်)
(ဂ) ငွေကြေးဆိုင်ရာအစီအစဉ်။
(ဃ) နည်းပညာဆိုင်ရာဆောင်ရွက်မည့်အစီအစဉ်။
(င) စီမံကိန်းအကောင်အထည်ဖော်မည့် အစီအစဉ် (လုပ်ငန်း/ကာလ)။
(စ) အထူးဖော်ပြလိုသည့် အချက်များ။

၃။ အဆိုပြုတင်ဒါလျှောက်လွှာ တစ်စုံလျှင် ကျပ်(၁၅၀၀၀)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ၈-၉-၂၀၁၅ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အဆိုပြုတင်ဒါလျှောက်လွှာများကို ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တင်ဒါခေါ်ယူရေး လုပ်ငန်းအဖွဲ့ရုံးတွင် ကုမ္ပဏီတာဝန်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်လွှဲစာဖြင့် တာဝန်ပေးအပ်သူက မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်ဒါပုံးအတွင်းသို့ လာရောက်ထည့်သွင်းရမည်။

၅။ တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်ကို မှတ်ပုံတင်စာရင်းရေးသွင်းသည့် လိပ်စာ/ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပါမည်။

၆။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

# အနာဂတ်ရိက္ခာဖူလုံရေးနှင့် လယ်ယာမြေတည်တံ့မှု

**စိန်ကြည်**

ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအတိုင်း မောင်းနှင်နေစဉ် မိုးကလည်းရွာသဖြင့် ဖြူးမြို့အဝင် အနီး၌ ကားကိုသတိဖြင့် ခပ်ဖြည်းဖြည်း မောင်းနှင်နေစဉ်. . . ။

"ဟ . . . ဒီထိတောင် ရဲရဲတင်းတင်း ကြော်ငြာရောင်းနေကြပြီလား. . ."

ကျွန်တော့်ကား နောက်ခုံပေါ်တွင် လိုက်ပါလာသော အသက် ၇၅ နှစ်ကျော် အဘိုးဖြစ်သူ၏ အာမေဋ္ဍိတ်အသံကြားရ၍

"ဘာဖြစ်တာလဲ အဘိုး . . ."

"မင်းမတွေ့ဘူးလား . . .။ လယ်ကွင်းထဲက အုတ်တံတိုင်းပေါ်က "ရောင်းမည်၊ ဖုန်းနံပါတ် ၀၁-----၊ ၀၁----၊ ၀၁---- ကို ဆက်သွယ်ပါ" ဆိုင်းဘုတ်ကို မတွေ့ဘူးလား . . ."

ကျွန်တော် ကားကိုရပ်၍ ကြည့်လိုက်မိပါသည်။ ကားလမ်းဘေး ပေ ၁၀၀၀ ခန့် အုတ်တံတိုင်းခြံစည်းရိုး တည်ဆောက်ထားပြီး "ရောင်းမည်"ဟု ရေးသားထားသော ဖုန်းနံပါတ်များသည် ရန်ကုန် ဖုန်းနံပါတ်များဖြစ်နေသည်ကို တွေ့ရှိလိုက်ရပါသည်။ လယ်သမားထံမှဝယ်ပြီး ပြန်ရောင်းမည့် လယ်ကွက်များ ဖြစ်နိုင်ပါသည်။ ကားကို ဆက်လက်မောင်းနှင်သွားရာတွင် လယ်ကွင်းများတွင် ခြံစည်းရိုးတိုင်များ စိုက်ထားမှုများ တွေ့ရှိရာ

"ဒီလယ်တွေလည်း အရောင်းအဝယ် လုပ်ပြီးသားတွေ ဖြစ်မှာပေါ့ကွာ "

"အဲဒါပြောတာပေါ့ကွာ၊ အရင်က ကားမောင်းသွားရင် လမ်းဘေးတစ်လျှောက် လယ်ကွင်းတွေဟာ မိုးကာလ တစ်မျှော်တစ်ခေါ် စိမ်းလန်းစိုပြည်နေတာ၊ ဆောင်းအခါ ဝင်းမှည့်နေတဲ့ စပါးတွေနဲ့ ထင်ဟပ်နေတာ၊ အခုတော့ ကားလမ်းမဘေး လယ်တွေဟာ ခြံစည်းရိုးခတ်ထားတာတို့၊ မြေဖို့ထားတာတို့ မြို့တိုင်းမှာ တွေ့နေရတယ်။ အရင်က ပေါ်ပေါ်တင်တင်မလုပ်ဘဲ ရောင်းချနေပြီး အခုတော့ ဒီလို ဆိုင်းဘုတ်တင် တစ်ဆင့်ပြန်လည်ရောင်းချတဲ့ အခြေအနေထိ ရောက်လာတာတွေ့ရတော့ ရင်လေးစရာတွေ အများကြီးပေါ့ကွာ"

"အဘိုး . . . ဘာတွေများ အများကြီးတွေးမိလို့လဲ"

"လယ်တွေ ဈေးရတယ်ဆိုတာကို မြင်ပြီး ရောင်းတဲ့ လယ်သမားတွေ အများကြီး တွေ့ခဲ့တယ်။ ကားလမ်းမဘေး လယ်တွေကို စီးပွားရေးသမားတွေက အမြတ်အစွန်းအတွက် ရင်းနှီးမြှုပ်နှံလာကြတယ်။ လယ်သမားတွေကလည်း မရဖူးတဲ့ဈေးကို ရတော့ သူတို့ပျော်ကြမှာပေါ့။ ကားဝယ်မယ်၊ တိုက်ဆောက်မယ်၊ သုံးမယ်ဖြုန်းမယ်။ တချို့ လောင်းကစားမယ်၊ သူတို့ပျော်တာ ခဏပါပဲ။ မကြာခင် လယ်ကုန်တာပဲ အဖတ်တင်မယ်၊ မိဘရောသားသမီးတွေပါ အလုပ်လက်မဲ့ဖြစ်ပြီး သူများလယ်ကူလီဝင်လုပ်ရ၊ ကျပန်းဝင်လုပ်ရပေါ့ကွာ။ လယ်ရောင်းရခဲ့တဲ့ငွေကို စည်းကမ်းရှိစွာ စီမံခန့်ခွဲပြီး မသုံးတတ်ကြဘူးကွ။ ဒီထက်ဆိုးတာက လယ်လုပ်သူ လယ်ပိုင်ဆိုင်ခွင့်ပေးထားတာ လယ်သမားတွေရဲ့ အခွင့်အရေးတစ်ရပ်ပဲလေ။ တစ်နည်းအားဖြင့် ကိုယ့်မိသားစုနဲ့ အများပြည်သူတွေအတွက် ဆန်စပါးထုတ်လုပ်ဖို့ သားစဉ်မြေးဆက် ဒီမြေပေါ်မှာ သီးနှံစိုက်ပျိုး သွားဖို့ဆိုလည်း မမှားဘူးပေါ့။ လယ်မြေဝယ်တဲ့သူတွေကလည်း မင်းအမြင်ပဲလေ။ လယ်ယာမြေကို စိုက်ပျိုးရေး ဆက်လုပ်ကြတာမဟုတ်ဘူး။ ကွန်ကရစ်ခြံတိုင်လေးတွေ အရင်စိုက်တယ်။ နောက်တစ်ဆင့်တက်ပြီး ခြံခတ်လာတယ်။ မြေဖို့တယ်။ အိမ်ခြံမြေအကွက်တွေရိုက်ပြီး အကျိုးအမြတ်ရှိစွာ ရောင်းချတဲ့ လုပ်ငန်းလုပ်နေကြတာကွ။




"နောက်တစ်ချက်က ဒီလိုသာ လယ်မြေတွေ ဈေးကောင်းပေးပြီး လယ်သမားတွေကလည်း လွတ်လပ်စွာ ရောင်းချနေကြရင် တစ်နှစ်ထက်တစ်နှစ် လယ်မြေတွေ ပျက်စီးဆုံးရှုံးမှုနှုန်း များလာမယ်။ မင်းတို့ မြေး၊ မြစ်တွေ လက်ထက်ကြရင်တော့ကွာ"ဟု သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပါသည်။

"အဘိုးရာ. . . အထွက်တိုးစိုက်ပျိုးမှုတွေ ဆောင်ရွက်တာနဲ့တော့ ကာမိမယ်ထင်ပါတယ်"

"မင်းကလဲကွာ . . . စိုက်တဲ့လယ်ယာမြေရှိမှ အထွက်တိုးစိုက်ပျိုးရေးလုပ်လို့ရတာ။ လယ်မြေမရှိရင် ဘာနဲ့လုပ်မတုံး။ လူဦးရေက တစ်နှစ်ထက်တစ်နှစ် တိုးပွားနေတယ်။ လယ်မြေတွေကလည်း နှစ်စဉ်လျော့နည်းနေရင် နှစ်ကြာရင် စားနပ်ရိက္ခာရှားပါးလာမှာပေါ့ကွာ။ နောက်တစ်ခုရှိသေးတယ်ကွ၊ လယ်ယာစိုက်ပျိုးရေးကို မှီပြီး အလုပ်အကိုင်တွေ အများကြီးရှိတာ၊ ကျေးရွာတစ်ရွာလုံး လယ်စိုက်၊ ယာစိုက်နဲ့ တစ်နှစ်လုံး မအားရဘူး။ လယ်ပိုင်သူ၊ လယ်သူရင်းငှား တစ်ရွာလုံး အလုပ်တွေနဲ့ချည်းပဲ၊ လယ်ယာထွက်ကုန်နဲ့ ဆက်စပ်နေတဲ့ မွေးမြူရေးလုပ်ငန်းတွေကိုလည်း ထိခိုက်လာမှာဖြစ်တဲ့အတွက် သားငါး ထုတ်လုပ်မှုတွေပါ လျော့နည်းလာမှာပေါ့ကွာ"

"အဲဒီလို ဆက်စပ် တွေးကြည့်လိုက်ရင်တော့လည်း ရေရှည်မှာ နိုင်ငံရဲ့စားနပ်ရိက္ခာနဲ့ အလုပ်အကိုင်တွေကို အများကြီး ထိခိုက်လာမှာပေါ့ဗျာ"

အဘိုးသည် သူ၏အဘေးများလက်ထက်က လက်ဆင့်ကမ်း အမွေရရှိခဲ့သော လယ်ဧက ၂၁ ဧကကို လုပ်ကိုင်ရင်း သားသမီးကိုးယောက်ရှိသော အိမ်ထောင်စုကို လုပ်ကိုင်ကျွေးမွေးခဲ့သူ ဖြစ်ပါသည်။ လယ်နှင့်အတူ ကျွဲ၊ နွား၊ ကြက်မွေးမြူ၍ ဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် မချမ်းသာသော်လည်း လူတန်းစေ့နေနိုင်ပြီး သားသမီးများကို ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။ ကျောင်းအားလပ်ရက်များတွင် သားသမီးများကို မွေးမြူရေး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရင်း ကျောင်းတက်ကြရသဖြင့် အလုပ်ကို တန်ဖိုးထားတတ်အောင် လေ့ကျင့်ပေးခဲ့သူ ဖြစ်ပါသည်။

နောက်တစ်ပတ်ခန့်အကြာ ရန်ကုန်-နေပြည်တော် အမြန်ကားဖြင့် ပြန်ခဲ့ရာတွင် လမ်းဘေးဝဲယာရှိ လယ်ယာ မြေများတွင် မိုးအခါ လယ်ထွန်ကောက်စိုက်ဖြင့် ဆောင်ရွက်နေသည်ကို ကြည်နူးစွာတွေ့ရှိနေရာမှ တစ်နေရာအရောက်တွင် လယ်သမားတစ်ယောက်သည် (၃ ပေ × ၂ ပေ)ခန့်ရှိ "ရောင်းရန်ရှိသည်" ဆိုင်းဘုတ်ကို ကားလမ်းမဘက်လှည့်၍ အားစိုက်ကာ စိုက်ထူနေသည်ကို တွေ့လိုက်ရသည်။ ဒုတိယအကြိမ် ထပ်မံတွေ့ရှိခြင်းပင် ဖြစ်ပါသည်။ လယ်မြေယာမြေများသည် အိမ်ခြံမြေများကဲ့သို့ အရောင်းအဝယ် ဈေးကွက် ဖြစ်လာတော့မှာလား။

လယ်ယာမြေများသည် မြန်မာနိုင်ငံအတွက် သဘာဝကပေးသော တန်ဖိုးမဖြတ်နိုင်သော အရင်းအမြစ်များ ဖြစ်ပါသည်။ ဂျပန်၊ ကိုရီးယား စသောနိုင်ငံတော်တော်များများသည် တောင်ကုန်း တောင်တန်းများပြီး စိုက်ပျိုးရန် မြေပြန့်မြေနည်းပါးသဖြင့် လယ်ယာမြေများကို စနစ်တကျ ထိန်းသိမ်းပြီး ရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်နေကြရပါသည်။ လယ်ယာမြေများမှ ဆန်၊ ဆီ၊ ပဲရိက္ခာ နှစ်စဉ်ထုတ်လုပ်ပေးခြင်း၊ မိုးကာလ စပါးစိုက်ပျိုးရာသီတွင် သဘာဝရေချိုများ ထိန်းသိမ်းထားရှိပြီး လယ်မြေမှထွက်ရှိသော ရေချိုပုစွန်၊ ငါးများသည် ပြည်သူများအတွက် အဓိက အစားအစာပင်ဖြစ်ပါသည်။ အလုပ်အကိုင်တွင်လည်း တောနေလူတန်းစားများသည် လယ်ယာမြေကို မှီပြီး စိုက်ပျိုးရေး၊ မွေးမြူရေးများကို ဆောင်ရွက်နေကြသည်။ လယ်မြေ လျော့နည်းလာလေ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော လုပ်ငန်းများ ထိခိုက်လာပြီး ကျေးရွာမှာ အလုပ်လက်မဲ့များလာပြီး မြို့သို့တက်လာကြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ်စားနပ်ရိက္ခာ ဖူလုံရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ လယ်ယာမြေများ မဆုံးရှုံးရအောင် ကျေးလက်၊ မြို့နယ်နှင့် အဆင့်ဆင့်သော တာဝန်ရှိသူများ စိစစ်ကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လက်ရှိ လယ်ယာမြေပိုင်ဆိုင်ခွင့်ရရှိသော တောင်သူလယ်သမားများအနေဖြင့်လည်း "ရွှေဥတစ်နေ့တစ်လုံးဥတဲ့ ငန်းကို တစ်ခါတည်းသတ်ပြီး ရွှေဥယူတာမျိုး မလုပ်မိကြဖို့" သားစဉ်မြေးဆက် လယ်ယာမြေကို လုပ်ကိုင်စားသောက်နိုင်ရန် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အိမ်ရာဆောက်လုပ်ခြင်းများတွင်လည်း စိုက်ပျိုးမရသော ကုန်းမြေများတွင်သာ ဦးစားပေးခြင်း၊ မြေသိမ်းဆည်းမှုနည်းအောင် တစ်လုံးချင်းအိမ်များအစား အထပ်မြင့် အိမ်ရာတည်ဆောက်ခြင်းများ ဆောင်ရွက်သင့်ပေသည်။ အထူးသဖြင့် လယ်ယာမြေများကို စီးပွားရေးသမားများကဝယ်ယူပြီး ခြံကွက်ရိုက် ရောင်းစားခြင်း၊ ရင်းနှီးမြှုပ်နှံထားခြင်းများကို မြို့၊ ကျေးရွာများတွင် တိုးတက်များပြားနေမှုများ ရပ်တန့်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

## သဘာဝစိမ့်စမ်းရေ ထပ်ဆင့်ရေလှောင်ကန် တည်ဆောက်

**ဗန်းမောက် ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု ပုရင်းတောင်အနောက်ကုန်းကျေးရွာတွင် သဘာဝစိမ့်စမ်းရေ ထပ်ဆင့်ရေလှောင်ကန်တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

"ဒီထပ်ဆင့်ရေလှောင်ကန်ကို အခု ဩဂုတ်လ ၁၉ ရက်က စတင်တည်ဆောက်ခဲ့တာပါ၊ ရေလှောင်ကန်အလျား ၁၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ခုနစ်ပေရှိပါတယ်၊ လုပ်ငန်းတည်ဆောက်ရေးကို ကျွန်တော်တို့ အောင်မြန်မာဆောက်လုပ်ရေး ကုမ္ပဏီ (မုံရွာအခြေစိုက်)က တာဝန်ယူတည်ဆောက်နေပါတယ်"ဟု တာဝန်ခံကိုယ်စားလှယ် ဦးဇင်ကိုမောင်က ပြောသည်။

အဆိုပါထပ်ဆင့်ရေလှောင်ကန် တည်ဆောက်ပြီးစီးပါက သဘာဝစိမ့်စမ်းရေထွက်ရှိရာစော်ဘွားတောင်ခြေနန်မူချောင်းဖျားမှ ပုရင်းတောင်အနောက်ကုန်းကျေးရွာ အထိအရှည်နှစ်မိုင်ကို နှစ်လက်မရေပိုက်ဖြင့် သွယ်ယူကာတည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါတည်ဆောက်ရေးကို နိုင်ငံတော်မှ နယ်စပ်ဒေသကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ပေးအပ်ငွေကျပ် သိန်း ၁၆၀ ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ သောက်သုံးရေအခက်အခဲရှိတဲ့အတွက် အခုလို ကြိုးစားလုပ်ဆောင်ရတာပါ၊ တည်ဆောက်ရေးလုပ်ငန်းကို အောင်မြန်မာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီးတော့ ကျွန်တော်တို့ ဒေသခံတွေက ကျေးရွာအတွင်း ရေပိုက်သွယ်ယူတဲ့လုပ်ငန်းကိုတော့ ကိုယ့်အားကိုယ်ကိုး ဆက်လက်လုပ်ကိုင်သွားမှာပါ"ဟု မံအင်မင်းကုန်းကျေးရွာအုပ်စုအထောက် အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းဗိုလ်ကပြောသည်။

**နီတိုး**

## လားဟူတိုင်းရင်းသားများ စုပေါင်းကောက်သစ်စားပွဲတော်ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၂၅**

လားဟူ တိုင်းရင်းသားများ စုပေါင်း ကောက်သစ်စားပွဲတော်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ် ကျေးရွာဒေသ ပူနားကိုကျေးရွာအုပ်စု၌ ဩဂုတ် ၂၃ ရက်က လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်အညီ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။

တစ်နှစ်တာ ရာသီကာလအတွင်း ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းကောက်သစ်စားပွဲတော်ကို ရက်ကောင်းရွေးချယ်၍ သတ်မှတ်ထားရှိကြောင်း၊ ကောက်သစ်စားပွဲ မတိုင်မီ လားဟူတိုင်းရင်းသားများသည် စုပေါင်းပြီး ဧပြီလတွင် ပေါင်းပင်များ မီးရှို့ခြင်း၊ ထွန်ယက်ခြင်းများ ပြုလုပ်ပြီးနောက် တောင်ယာစပါးစိုက်ပျိုးကြသည်။

မိမိတို့အထဲမှ အများဆုံးစိုက်ပျိုးသော တောင်ယာတွင် စုပေါင်းပြီး



စပါးအထွက်တိုးကောင်းရန်အတွက် ဆုတောင်းပွဲများပြုလုပ်ပေးကြောင်း စိုက်ပျိုးပြီး သုံးလတွင် စပါးအသစ်ပေါ်ချိန် ရိတ်သိမ်းကြပြီးနောက် မိမိတို့တောင်ယာမှ စပါးများကို ကြိတ်ပြီး ဦးဦးဖျားဖျားထွက်ရှိသော ဆန်ကို မိမိတို့ကိုးကွယ်သည့် ဘုရားကျောင်းသို့ သွားရောက်လှူဒါန်းခြင်း၊ ကျန်သောဆန်ကိုချက်ပြီး ကြီးစဉ်ငယ်လိုက် သက်ကြီး ဝါကြီး ပုဂ္ဂိုလ်များကို လူငယ်များက သွားရောက် လှူဒါန်းခြင်းနှင့် ရိုးရာ လက်ဆေးမင်္ဂလာခံယူခြင်းများ ပြုလုပ်သည်။ ပိုလျှံသောဆန်ကို ချက်ပြုတ်ပြီး ဧည့်သည်များကို ဖိတ်ကြား၍ ကောက်သစ်မင်္ဂလာပွဲ ကျင်းပကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ဟို...အရှေ့ဘက်ကအိမ်လို မိုးရေများများ ခံယူနိုင်အောင်...

မောင်မောင်အေး(လွိုင်ကော်)



ကျွန်တော်၏ဇာတိသည် အထက်မြန်မာပြည် စစ်ကိုင်းတိုင်းထဲမှ မြို့ငယ်လေး တစ်မြို့ ဖြစ်ပါသည်။ ငယ်ငယ်က ကျောင်းသားဘဝ စာသင်ချိန် မြန်မာ့ပထဝီသင်လျှင် မိုးခေါင်ရေရှားရပ်ဝန်းဒေသဆိုသည်မှာ ကျွန်တော်တို့ မြို့နယ်ကလေး တည်ရှိသောမြေပုံ၏ အလယ်ဗဟိုမှာရှိနေတာကို သိမှတ်ရသည်။ ရေတွင်းတူးလျှင် ရေငန်ထွက်သည်။ သည်ရေငန်တွင်းက ရေကို အိုးဆေး၊ ပန်းကန်ဆေးနှင့် ရေချိုးရုံမျှသာ သုံးစွဲလို့ရသည်။ ထမင်းဟင်း ချက်ရန်နှင့် နေ့စဉ်သောက်ရေအတွက် မိုးတွင်းဆိုလျှင် မိုးရေခံရသည်။ မိုးရေခံရာတွင်လည်း အိမ်တံစက်မြိတ်မှာ ရေတံလျှောက်တပ်ပြီး အုတ်ကန်၊ ရေအိုး၊ စဉ့်အိုး၊ စဉ့်အင်တုံများနှင့်ခံကာ ချွေတာသုံးရသည်။

မိသားစုဦးရေကလည်း သိပ်မကွာ၊ အိမ်သွပ်မိုးထားတာချင်းလည်း သိပ်မကွာပေမယ့် ကျွန်တော်တို့အိမ်ရဲ့ အရှေ့ဘက်အိမ်ကတော့ မိုးရေတော်တော်ရသည်။ ကျွန်တော်တို့ထက်ပိုပြီး အချိန်ကြာကြာသုံးနိုင်တာတွေ့ရသည်။ ဒီလိုနဲ့ မိုးရွာတဲ့တစ်ရက် မိုးရေထဲဘောလုံးကန်ရင်း သူတို့အိမ်ဝင်းထဲ ဘောလုံးကျသွားလို့ သွားကောက်ရာမှ သူတို့ရေများများရတဲ့နည်းလမ်းကို စပ်စုကြည့်မိသည်။ လား...လား...ရေအိုး၊ စဉ့်အိုးတင်ကပါ့မလား။ သံပုံး၊ သံခွက်၊ ရေခွက်၊ ဒန်အိုး၊ ဒန်ခွက်များ၊ ရှိသမျှရေလုံတဲ့အိုးခွက်၊ ပုံးများကို တံစက်မြိတ်မှာချထားပြီး ခံထားတာတွေ့ရသည်။ ကျွန်တော်တို့အရွယ်ကလေးနှစ်ယောက်က ပြည့်သမျှခွက်တွေကို ရေပုံးကြီးကြီးထဲမှာ ခပ်ထည့်၊ ကဲ့ထည့်ပြီး သောက်ရေအိုးနားက ရာဝင်အိုးတွေမှာ ထည့်လောင်းနေတာတွေ့ရသည်။ ကျွန်တော်တို့လိုမိုးရွာရင် ထွက်ဆော့နေတာ မတွေ့ရချေ။

ဒါကြောင့် 'မိုးရွာတုန်းရေခံ' ဆိုတဲ့စကားကို ဖြန့်ကြက်ချဲ့ထွင် စဉ်းစားမိသည်။ မိုးကလူတိုင်းအတွက်၊ အိမ်တိုင်းအတွက် မိုးရာသီမှ ရွာခြင်းဖြစ်သည်။ ပထမအချက်အနေနှင့် မိုးရွာလျှင် ရေခံရမည်ကို သိနားလည်ရမည်။ ဒုတိယ များများရအောင် ကန်ကြီး၊ အိုးကြီးများသာမက အစွန်အဖျား၊ အသေးအနုပ် ရေခံလို့ရသမျှ အိုးခွက်၊ ဇလုံများကအစ ရေခံရမည်။ တတိယအချက်အနေဖြင့် ရေများပြည့်သွားသည့် ခွက်၊ ပုံးများကို ရေစုဆောင်းလို့ရသည့် အိုးကြီး၊ အုတ်ကန်ကြီးများသို့ မိုးရွာချိန်အတွင်း စုဆောင်းသယ်ယူ၊ ကဲ့ယူရမည့် ဝီရိယကလည်း ရှိရမည် ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံသည် ဒီမိုကရေစီအစိုးရလက်ထက်၊ ပြုပြင်ပြောင်းလဲမှု အဆင့်ဆင့်၊ ဖြေလျှော့မှုအဆင့်ဆင့်များကြောင့် တစ်နှစ်ထက်တစ်နှစ် ပြည်ပခရီးသည်များ တိုးတက်ဝင်ရောက်လာနေသည်ကို အများအသိပင်ဖြစ်ပါသည်။ ယခု လွန်ခဲ့သည့်နှစ် ၂၀၁၄ ခုနှစ်တွင် စုစုပေါင်းသုံးသန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ငါးသန်းဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သိရပါသည်။

ကျွန်တော်တို့အရှေ့ဘက်ရှိ ထိုင်းနိုင်ငံတွင်မူ တစ်နှစ်လျှင် ပြည်ပခရီးသည် စုစုပေါင်း ၁၂သန်းမှ ၁၅သန်းခန့် ဝင်ရောက်လေ့ရှိကြောင်း သိရသည်။ နိုင်ငံတော်အဆင့်ကလည်း တွန်းအားပေးသကဲ့သို့ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများကလည်း တက်ညီလက်ညီ ရှိကြသည်ဟု လေ့လာမိပါသည်။ အဘက်ဘက်မှ သွဲ့ပျောင်းနွဲ့နှောင်းသော လမ်းစဉ်များ အစဉ်တစိုက် ပွင့်လင်းကျင့်သုံးခဲ့ကြသဖြင့် နိုင်ငံတကာအတွေ့အကြုံများ နှစ်အတော်ကြာကတည်းက ရရှိပြီးဖြစ်ကြသည်။ ဒါကြောင့်လည်း ပြည်ပဧည့်သည်များကို နည်းလမ်းအမျိုးမျိုး၊ ပုံစံအဖုံဖုံဖြင့် ကိုယ့်မှာရှိထားသည့် စွမ်းအားတွေကို ကြည့်ချင်အောင်၊ မြင်ချင်အောင်၊ ရှုစဖွယ်ဖြစ်အောင် တန်ဆာဆင် ပြသနိုင်စွမ်း၊ ဆွဲဆောင်နိုင်စွမ်းလည်း တတ်ကျွမ်းနားလည်နေကြတာ တွေ့ရသည်။

ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သောစက်ရုံဟု တင်စားနိုင်သလို ပြည်ပဝင်ငွေရရှိနိုင်သော ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ပွင့်လင်းငြိမ်းချမ်းစ ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES)မှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဗဟိုဌာန (ITC) ဖြင့် သုံးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်နေပါသည်။ ယင်းအဖွဲ့ (ITC) ကကြီးမှူး၍ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အခြေခံလူမှုအဖွဲ့အစည်း (CBT)၏အကူအညီဖြင့် (၁၄. ၈. ၁၅) မှ (၁၈. ၈. ၁၅)အထိ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ပြည်နယ်မြောက်ဖျားရှိ ပြည်ပဧည့်သည်များ ဝင်ထွက်သွားလာတတ်သည့် ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် ကုန်းလမ်းခရီးမှ သွားရောက်လေ့လာခဲ့ပါသည်။ မိုးရွာလျှင် ရေအိုး၊ စဉ့်အိုးများနှင့်ခံရုံမျှမက ဒန်အိုး၊ ဒန်ခွက်၊ ဇလုံများအားလုံး တစ်ညီတစ်ညွတ်တည်းထုတ်၍မိုးရေခံသကဲ့သို့ အစွန်အဖျားကျေးရွာများကလည်း ပြည်ပဧည့်သည်များ ရောက်လာလျှင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး လှည့်လည်ပြခြင်းထက် ပိုမို၍ ဆွဲဆောင်သော ရက်ပိုမိုကြာအောင် နေထိုင်လေ့လာနိုင်မည့် နည်းလမ်းများပြသ၊ ကြံဆနေကြသည်ကို ဆရာစားမကျန် လေ့လာခဲ့ရပါသည်။ လေ့လာရေးအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး၊ ဟိုတယ်/ခရီးဌာနမှ တစ်ဦး၊ စီးပွား/ကူးသန်းမှ တစ်ဦး၊ (ITC)မှ တစ်ဦးနှင့် ပန်ပက်ကျေးရွာသား ငါးဦး၊ တနီးလာလဲကျေးရွာသား ငါးဦးတို့ ပါဝင်ကြပါသည်။ (၁၄. ၈. ၁၅)ရက်နေ့တွင် နယ်စပ်စခန်း BP - 13 မှ Ban Muang Pon (ရှမ်း)ရွာတွင် ညအိပ်လေ့လာကြပြီး (၁၅. ၈. ၁၅)ရက်နေ့တွင် Ban Muang Paem စကောကရင်ရွာတွင် ညအိပ်လေ့လာကာ (၁၆. ၈. ၁၅)ရက်နေ့တွင် Ja Bor လားဟူရွာတွင် ညအိပ်သွားရောက်လေ့လာကြသည်။ (၁၇. ၈. ၁၅)ရက်နေ့တွင် မယ်ဟောင်ဆောင်မြို့တွင် ညအိပ်ပြီးမှ(၁၈. ၈. ၁၅)ရက်နေ့ နံနက်တွင် လာလမ်းအတိုင်း လွိုင်ကော်သို့ ပြန်လည်ထွက်ခွာခဲ့ပါသည်။

မြို့များရှိ ဟိုတယ်များနှင့် ခရီးဝေးကွာသော ကျေးရွာများတွင် ညအိပ်ရက်ရှည်နေထိုင်စေခြင်းဖြင့် ပြည်ပဧည့်သည်များထံမှ နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိနိုင်သဖြင့် ကျေးရွာများရှိ စွမ်းအားများကို တီထွင်ပြသဆွဲဆောင်ခြင်း၊ ပူးပေါင်းပါဝင်လုပ်ကိုင်စေခြင်း၊ တောလမ်းခရီးထွက်လေ့လာစေခြင်း၊ ရိုးရာဂီတအကအလှများဖြင့် ဧည့်ခံဖျော်ဖြေ၊ သင်ကြားပြသ ပူးပေါင်းပါဝင်ဆင်နွှဲစေခြင်း၊ နည်းလမ်းများဖြင့် အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။



ဖော်ပြပါ ထိုင်းနိုင်ငံရှိ တိုင်းရင်းသားရွာသုံးရွာတွင် နိုင်ငံခြားသားများကို ဆွဲဆောင်ပုံ၊ ပြသပုံများအား အကျဉ်းချုပ်၍ တင်ပြအပ်ပါသည်။

(က) ထိုင်းနိုင်ငံရှိ (CBT) အဖွဲ့အစည်းများက ကြီးမှူးပြီး ကျေးရွာအလိုက် စိတ်ဝင်စားသူ အိမ်ထောင်ရှင်များနှင့် ကျေးရွာ CBT club များ ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းစေပါသည်။

(ခ) နိုင်ငံခြားဧည့်သည်များရောက်ရှိပါက အလှည့်ကျစနစ်ဖြင့် နေအိမ်များတွင် ညအိပ်၊ တည်းခိုနေထိုင် စားသောက်ကျွေးမွေးပြုစုပါသည်။ အိမ်အဆောက်အအုံမှာ ခေတ်မီအဆောက်အအုံထက် သန့်ရှင်းသပ်ရပ်သော ရိုးရာဓလေ့ဖြင့် ထုံမွှမ်းအပ်သော တိုင်းရင်းသားအိမ်များဖြစ်က ပိုကောင်းပါသည်။ ပိုမိုဆွဲဆောင်မှုရှိပါသည်။

(ဂ) အိမ်သာရေချိုးခန်းကတော့ အနောက်တိုင်းစတိုင် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်ရန် လိုအပ်ပါသည်။ လျှပ်စစ်မီးများ အပြည့်အဝရရှိလျှင် ပိုမိုကောင်းမွန်ပါသည်။

(ဃ) အစားအသောက်မှာ ကျေးရွာပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သောဟင်းသီးဟင်းရွက် အသီးအနှံ၊ မျှစ်၊ မှို စသည်တို့နှင့် သန့်သန့်ရှင်းရှင်း ပူပူနွေးနွေး ချက်ပြုတ်ကျွေးနိုင်ပါသည်။ ထမင်း၊ ဟင်းကျွေးရင်းနှင့် ဧည့်သည်နှင့်အိမ်ရှင် ရင်းနှီးမှုတိုးတက်ရရှိနိုင်ပါသည်။

(င) အိမ်ရှင်ကလည်း ကိုယ့်ဆွေမျိုးသားချင်းလာသလို ပြုစုပေးလျှင် ဧည့်သည်များကလည်း ချစ်ခင်ရင်းနှီးမှုကို ပြသပါသည်။ နှစ်ဖက်စကားပေါက်လျှင် ပိုကောင်းပါသည်။ ဘာသာပြန်လူ၊ စာအုပ်၊ ခေတ်မီ IT ကိရိယာများရှိပါက တစ်မျိုးကောင်းပါသည်။ ဘာမှမရှိပါက ကမ္ဘာသုံး ခြေဟန်လက်ဟန်နှင့် ပြောဆိုဆက်သွယ်နိုင်ပါသည်။ သူ့စကား၊ ကိုယ့်စကား၊ သူ့ဘာသာ၊ ကိုယ့်ဘာသာ အပြန်အလှန်လေ့လာသင်ယူနိုင်ပါသည်။

(စ) CBT clubအဖွဲ့ ကျေးရွာရုံးအဆောက်အအုံများတွင် ရိုးရာဆို၊ က၊ တီးများဖျော်ဖြေပြသနိုင်သကဲ့သို့ ထူးခြားသော တူရိယာ၏ ဖွဲ့စည်းပြုလုပ်ပုံနှင့် သမိုင်းကြောင်းများကို အထောက်အထားများဖြင့် ရှင်းပြဆွေးနွေးနိုင်ပါသည်။

(ဆ) ကျေးရွာရှိ တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ လူမှုဘဝ၊ နေထိုင်ပုံ၊ အသက်မွေးပုံ၊ ရွာ၏ရာဇဝင်၊ လူမျိုးစုတို့၏ သမိုင်းကြောင်းများကို အထောက်အထားများဖြင့် ရှင်းပြဆွေးနွေးနိုင်ပါသည်။

(ဇ) တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ခေါင်းပေါင်းများ၊ ခါးစည်းများ၊ ဝတ်ရုံများရက်လုပ်ပုံ၊ ဝတ်ဆင်ပုံ၊ ချုပ်လုပ်ပုံများကိုလည်း ပြသနိုင်ပါသည်။

(ဈ) ကျေးရွာသူရွာသားများ၏ အသက်မွေးဝမ်းကျောင်းမှုများ၊ လက်မှုအတတ်ပညာများ ဝါးနှီးဖြင့် လူ့အသုံးအဆောင် ရက်လုပ်ခြင်း၊ သစ်သားပန်းပုထုလုပ်ခြင်း၊ သဘာဝချည်ဆေးဆိုးပြီး ဂျပ်ခုတ်လက်ရက်ကန်းရက်လုပ်ခြင်း၊ ဆေးဖက်ဝင်သစ်ပင်များအား ရှင်းလင်းပြောပြခြင်း၊ ရိုးရာဓလေ့ယုံကြည်မှုထုံးစံများကို ရှင်းလင်းပြောပြခြင်းများ၊ မြေအိုး၊ ပန်းအိုးပြုလုပ်ခြင်းများ ပြုလုပ်ပြသနိုင်ပါသည်။ ဧည့်သည်များကလည်း ကိုယ်တိုင်ပါဝင်ဆင်နွှဲ လုပ်ကိုင်ကြည့်လိုကြပါသည်။

(ည) ရွာအတွင်းတွင် ပြစရာကုန်၍ ရိုးသွားပြီဆိုပါက ရွာပတ်ဝန်းကျင် အသွား ၁ နာရီခွဲ အပြန် ၁ နာရီခွဲခန့် ခြေလျင်တောင်တက်၊ တောလမ်းခရီးထွက်ခြင်းဖြင့်လည်း ခေါ်ယူပြသနိုင်ပါသည်။ ယင်းသို့ခရီးတိုထွက်ခြင်းဖြင့် လမ်းဘေးရှိ သစ်ပင်စားပင်များ၏အကြောင်း၊ အမည်နှင့် အသုံးဝင်ပုံ၊ အဆိပ်ရှိမရှိ၊ စားလို့ရမရများကို ရှင်းပြနိုင်ပြီး လမ်းမှာရှိသမျှ အဆောက်အအုံ၊ လယ်ကွင်း၊ ယာခင်း၊ ကျောင်းကန်၊ ဂူဘုရားများ၏ ရာဇဝင်များကို ပြောပြသွားနိုင်ပါသည်။ ချောင်းတွေကချောင်း၊ တံတားတွေက တံတား၊ ဖား၊ သားငါးတွေကို ဖမ်းပုံဖမ်းနည်း လမ်းတစ်လျှောက်ဆွေးနွေးပြောပြ ဧည့်ခံနိုင်ပါသည်။

အချို့နိုင်ငံခြားသားတွေဆိုလျှင် ယခုကဲ့သို့ CBT ရွာတွေမှာ နှစ်ညအိပ်သုံးရက်အထိနေထိုင်ကြပြီး အားရပါးရ လေ့လာမေးမြန်း စူးစမ်းပြန်ကြပါသည်။ အကြမ်းဖျင်းကတော့ ဧည့်သည်လက်ခံသော အိမ်ရှင်က ဘတ် ၁၅၀၊ အစားအစာအတွက် ဘတ် ၇၀၊ ဒေသခံဧည့်လမ်းညွှန်က ဘတ် ၃၀၀၊ လက်မှုလုပ်ငန်းသင်ကြားမည်ဆိုရင် တစ်မျိုးကို ဘတ်၅၀၀ ၊ ယူသည်ဟု ပြောကြပါသည်။ ဝင်ငွေတစ်ခုချင်းရဲ့ ၁၀ ရာခိုင်နှုန်းကို ကျေးရွာ CBT clubကို အချိုးကျခွဲဝေပေးရပြီး ဒီ ၁၀ ရာခိုင်နှုန်း ဝင်ငွေနဲ့ ကျေးရွာမှာရှိသော ကလေးများ၏ ပညာရေး၊ ကျေးရွာလူထုကျန်းမာရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ နှစ်သစ်ကူးပွဲတော်များတွင် အသုံးပြုသည်ဟု ဆိုပါသည်။

ရွာတစ်ရွာတွင် အိမ်ခြေ ၅၀၀၊ ၆၀၀ ရှိသော်လည်း CBT အဖွဲ့ဝင်တာက ၄၀၊ ၅၀ ပဲ ဖြစ်ချင်ဖြစ်ပါမည်။ ဒါပေမယ့် ဝင်ငွေရတော့ တစ်ရွာလုံးနဲ့ သက်ဆိုင်သဖြင့် တစ်ရွာလုံးကလည်း ကျေနပ်ကြပါသည်။ ဘယ်လိုတစ်ရွာလုံးနဲ့ သက်ဆိုင်သလဲဆိုလျှင် အိမ်တစ်အိမ်မှာ ဧည့်သည်ဝင်လျှင် လူသုံးကုန်ပစ္စည်း၊ ဆန်နဲ့ ဟင်းချက်စရာများ၊ အခြားလိုအပ်သောပစ္စည်းများကိုလည်း CBT အဖွဲ့ဝင်မဟုတ်သော အခြားရွာသားများ၏ဆိုင်မှာ ဝယ်ရသောကြောင့်ဖြစ်ပါသည်။ စုစုပေါင်းဝင်ငွေ၏ ၁၀ရာခိုင်နှုန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးလုပ်သဖြင့် နိုင်ငံတော်အစိုးရကလည်း ဖွံ့ဖြိုးတိုးတက်သောကျေးရွာအဖြစ် အသိအမှတ်ပြုကာ အဘက်ဘက်မှပံ့ပိုးပြီး လမ်းတံတား၊ လျှပ်စစ်မီးများ အားဖြည့်ချထားပေးသည့် ကောင်းကျိုးများ ရရှိစေပါသည်။

အထက်ဖော်ပြပါအချက်တွေမှာ ဟိုဘက်အိမ်က မိုးရေဘာဖြစ်လို့ များများခံယူလို့ ရတာလဲဆိုသော အဖြေထဲက လေ့လာမိသမျှ တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပါသည်။ ကျွန်တော်တို့ဆီမှာလည်း ကျေးလက်များတွင် ပြသစရာ ရိုးရာဓလေ့တွေ၊ ထုံးတမ်းတွေ၊ ရှုမျှော်ခင်းအလှအပ၊ ရေမြေတောတောင်တွေ၊ သမိုင်းကြောင်းတွေ အမြောက်အမြားရှိကြပါသည်။ ယင်းသို့ Home Stay ဆိုသည့်စနစ်ကို စနစ်တကျ စိစစ်ခွင့်ပြုပေးလိုက်သည်နှင့် ကျေးလက်အခြေခံသည့် တောသူတောင်သားများ၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်မည်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းရာလည်းကျမည်ဟု ထင်မြင်ယူဆမိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံခြားသားဧည့်သည်များ၏ လုံခြုံရေးကို အာမခံပေးနိုင်သည့် ဒေသကျေးရွာများတွင် အထက်ဖော်ပြပါအတိုင်း Home Stay စနစ်ဖြင့် ဖြန့်ကြက်လက်ခံမည်ဆိုပါက ဟိုဘက်ကအိမ်ကဲ့သို့ မိုးရေများများ ခံယူနိုင်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဖျာပုံတံတားအဆင်း ဂိတ်ကြေးကောက်ခံသည့်နေရာကို ပြောင်းရွှေ့ပေးရန် ပြည်သူများလိုလားနေ

**ဖျာပုံ ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဖျာပုံတံတားကြီးအဆင်း ယာဉ်မရပ်ရနေရာအနီးတွင် လမ်းတံတားကြေး ကောက်ခံသည့်ဂိတ်နှင့် မြို့အဝင်အထွက်ဂိတ်ကြေးကောက်ခံသည့် ဂိတ်နှစ်ခုကို နီးကပ်စွာဖြင့် ကောက်ခံနေသည့်အတွက် ဒေသခံပြည်သူများအတွက် အဆင်မပြေဘဲ တံတားပေါ်မှဆင်းသည့် ဆိုင်ကယ်များ၊ ကားများနှင့် အတက်ဆိုင်ကယ်များ၊ ကားများ မတော်တဆ ထိခိုက်မှုများလည်း ဖြစ်ပေါ်လျက်ရှိကာ အဆိုပါ ဂိတ်ကြေးကောက်ခံသည့်နေရာများကို ပြောင်းရွှေ့ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

တံတားအဆင်းတွင် ဂိတ်နှစ်ခုနီးကပ်စွာ ဂိတ်ကြေးကောက်ခံနေမှုကြောင့် ဖြတ်သန်းသွားလာမှု အဆင်မပြေသည့်အပြင် အဆိုပါဖျာပုံတံတားကြီးအဆင်း ကညနရုံးသို့ သွားရောက်ရာတွင်လည်း အဆိုပါဂိတ်နှစ်ခု၌ ဂိတ်ကြေးပေးနေရသောကြောင့် အဆင်မပြေကြောင်း သိရသည်။ တံတားကြီးအဆင်းနေရာမှာ အခုလို ဂိတ်နှစ်ခု နီးကပ်စွာဖွင့်ပြီး ဂိတ်ကြေးကောက်ခံနေတာ မသင့်တော်ပါဘူး။ ဒါ့အပြင် ခရိုင်ကညနရုံးကိုလည်း တံတားအဆင်းအနီးမှာ ဖွင့်ထားတော့ နေ့စဉ်ယာဉ်မှတ်ပုံတင်ခြင်းနဲ့ ယာဉ်မောင်းလိုင်စင်တွေလုပ်တဲ့အခါ ဒီဂိတ်နှစ်ခုကို ဖြတ်သွားတိုင်း ဂိတ်ကြေးပေးရပြီး ပြေစာဖြတ်မပေးတော့ အခက်အခဲဖြစ်နေရပါတယ်။ ဒါကြောင့် ဒီဂိတ်နှစ်ခုကို ခရိုင်ကညနရုံးအပြင်ဘက်ကို ရွှေ့ပေးမှ အဆင်ပြေမှာပါဟု ခရီးသွားပြည်သူတစ်ဦးကပြောသည်။

ဖျာပုံတံတားအဆင်း ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအနီး၌ ဖျာပုံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးကို နိုင်ငံတော်က တည်ဆောက်ပြီး ဇူလိုင် ၂၀ ရက်မှစ၍ ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်လုပ်ပေးခြင်း စသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖျာပုံမြို့မှ ခရိုင်ကညနရုံးသို့ ရုံးကိစ္စဖြင့်သွားရောက်ရသူများအနေဖြင့် တံတားကိုဖြတ်သွားတိုင်း ဂိတ်ကြေးများကို ပေးနေရသောကြောင့် အဆိုပါ ဂိတ်ကြေးကောက်ခံသည့် ဂိတ်နှစ်ခုကို ကညနရုံးကို ကျော်လွန်သည့် အပြင်ဘက်တစ်နေရာသို့ ပြောင်းရွှေ့ပေးမှသာ မြို့ခံပြည်သူများအတွက် အဆင်ပြေမည်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါဂိတ်များကို နေရာပြောင်းရွှေ့ပေးရန် ဒေသခံပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**



ထားဝယ်တက္ကသိုလ် စာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့်အားကစားနှင့် ကာယပညာကော်မတီတို့ပူးပေါင်းကျင်းပသည့် ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲနှင့် အနုပညာစွမ်းရည်ပြပွဲ(ဒုတိယ)နေ့ကို ဩဂုတ် ၂၃ ရက်က ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ဆုရရှိသူများကို တွေ့ရစဉ်။ (တိုင်းဒေသကြီး ပြန်/ဆက်)

# မြဝတီမြို့ရှိ ကျေးရွာ ၁၂ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်

**မြဝတီ ဩဂုတ် ၂၅**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများ ရရှိလာပြီး ဝင်ငွေတိုးပွားစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရန် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၁၂ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ထီးချားရားကျေးရွာသို့ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျေးရွာဒေသခံများအား စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ကျေးရွာ ၁၂ ရွာကို တစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ မတည်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားဝင်ငွေတိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ အခြားသောကျေးရွာများတွင်လည်း စီမံကိန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အထက်တန်းပြရာထူးတိုး စာမေးပွဲ လွိုင်ကော်မြို့တွင်ကျင်းပ

**လွိုင်ကော် ဩဂုတ် ၂၄**

ကယားပြည်နယ်တွင် ခရိုင်အလိုက် မူလတန်းကျောင်းအုပ်များနှင့် အလယ်တန်းပြလုပ်သက် ငါးနှစ်ပြည့်သူများကို အထက်တန်းပြရာထူးတိုး စာမေးပွဲ ကျင်းပပေးလျက်ရှိရာ ဩဂုတ် ၂၂ ရက်က လွိုင်ကော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ရာထူးတိုး စာမေးပွဲ ကျင်းပသည်။ အဆိုပါ စာမေးပွဲသို့ လွိုင်ကော်ခရိုင်မှ ဆရာ ဆရာမ ၃၄ ဦး၊ ဒီမော့ဆိုခရိုင်မှ ၁၇ဦး၊ ဖရူဆိုခရိုင်မှ ကိုးဦး၊ ဘောလခဲခရိုင်မှ ၁၀ ဦး စုစုပေါင်း ၇၀ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ရဲနောင် (လွိုင်ကော်)**



# ခန္တီးမြို့၌ (၁၄)ကြိမ်မြောက် အမျိုးသမီးသက်မွေးပညာသင်တန်းဖွင့်

**ခန္တီး ဩဂုတ် ၂၅**

မြန်မာအမျိုးသမီးများ အပိုဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ခန္တီးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးလွင်က အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ စစ်ဗျူဟာအခြေချ (ခန္တီး) ဒုတိယ ဗိုလ်မှူးကြီးထူးလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြမောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းစိုး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

**ချန်လော**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ လှုပ်ရှားမှုသတင်းပုံရိပ်များ

**ရန်ကုန် ဩဂုတ် ၂၅**

**ရွေးကောက်ပွဲအကြို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့လုံခြုံရေးအရှိန်မြှင့်ဆောင်ရွက်**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်ရာတွင် ရွေးကောက်ပွဲအကြိုကာလ၊ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလဟူ၍ ကာလလေးပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတည်ငြိမ်မှုရှိရှိအောင်မြင်စွာဖြင့် ကျင်းပပြီးစီးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲအကြိုကာလ အတွင်းမှာပင် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး၊ နယ်မြေလုံခြုံရေးအတွက် မြို့နယ်အသီးသီး၌ ညဥ့်အချိန် ယာဉ်များပိတ်ဆို့စစ်ဆေးခဲ့ရာ တုတ်၊ ဓား၊ လုံ့၊ လက်နက်များ၊ မူးယစ်ဆေးဝါးများ တွေ့ရှိဖမ်းဆီးရမိအရေးယူခဲ့ခြင်း၊ ခိုး၊ ဆိုး၊ နှိုက်များအား ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် Entertainment၊ KTV စသည့် ဖျော်ဖြေရေးဆောင်ရွက်နေသည့်နေရာများအား မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စည်းကမ်းချက်များတွင် ပါရှိသော ညအချိန် ၁၁ နာရီထက် ကျော်လွန်ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလုပ်ရန် ပိုင်ရှင်၊ မန်နေဂျာများကို ခေါ်ယူသတိပေးထားရှိကြောင်းနှင့် စည်းကမ်းချက်များအား ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**အထူးရဲများအား သင်တန်းပို့ချပေးမည့် အထူးရဲနည်းပြ(အရာရှိ) ဆင့်ပွားသင်တန်းဖွင့်လှစ်**

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်မြေများအတွင်းရှိ မဲရုံအသီးသီး၌ လုံခြုံရေးတာဝန်ဆောင်ရွက်ရန် ခန့်အပ်မည့် အထူးရဲများအား သင်တန်းပို့ချပေးရန်အတွက် အထူးရဲနည်းပြ (အရာရှိ) ဆင့်ပွားသင်တန်း အမှတ်စဉ် (၂/၂၀၁၅)ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၄ ရက်မှ ဩဂုတ် ၂၈ ရက်အထိဖွင့်လှစ်ကာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့များက သင်တန်းနည်းပြ တာဝန်ဆောင်ရွက်မည့် ရဲအရာရှိ ၅၀ ကို အထူးရဲတပ်ဖွဲ့ဝင်များအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးကောက်ပွဲဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ကြေညာစာတမ်းများစသည့် သိမှတ်ဖွယ်ရာများကို ပြန်လည်သင်ကြားပေးနိုင်ရေး ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဖွင့် မိန့်ခွန်းပြောကြားခဲ့ပြီး ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဖွင့်လှစ်**

မိုင်းအခြေခံ သဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၁/၂၀၁၅)ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့)မြို့နယ်ရှိ အဆင့်မြင့် မွမ်းမံလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး အဆိုပါသင်တန်းကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့များက တပ်ဖွဲ့ဝင် အရာရှိ/ အခြားအဆင့် ၅၀ ကို လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**ဒဂုံမြို့နယ်တွင် လုယက်မှု ကျူးလွန်သူများကို အချိန်တိုအတွင်း ဖမ်းဆီးရမိ**

ဩဂုတ် ၂၂ ရက် ည ၁၁ နာရီက ဒဂုံမြို့နယ်နေ ကိုအောင်ထွန်းသည် အလုပ်မှ နေအိမ်သို့ပြန်လာရာ ဒဂုံမြို့နယ်ပဒုမ္မာလမ်း အိမ်တော်ရာ ဘုရားဝင်းရှေ့အရောက် ယာဉ်အမှတ် အမျိုးအစား(စုံစမ်းဆဲ) အငှားယာဉ် အဖြူရောင်သည် ၎င်း၏ရှေ့မှပိတ်ရပ်၍ ယာဉ်ပေါ်မှ လူငယ်လေးဦးဆင်းလာကာ တစ်ဦးမှ ၎င်းဝတ်ဆင်ထားသော အလေးချိန် ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးကို ဆွဲဖြတ်လုယူထွက်ပြေးသွားခဲ့ပြီး ကျန်သူများက ဝိုင်းဝန်းတွန်းထိုးခဲ့ကြသဖြင့် ကိုအောင်ထွန်းတွင် ပါး၊ လက်ဖျံနှင့် ကျောကုန်းတို့၌ ဖူးရောင်ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည်။

ထိုသို့ဖြစ်ပွားစဉ် ကိုအောင်ထွန်းက အော်ဟစ်အကူအညီတောင်းခံ၍ ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက အဆိုပါ လူငယ်လေးဦးအား လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းတို့အနက် လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် သက်ပိုင်စိုးနှင့် ဇော်မင်းလတ်တို့ နှစ်ဦးကို သက်သေခံရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး မင်းသူနှင့် ရဲလေး(ခ)ရဲရင့်အောင်(ခ)စိုးနိုင်လင်းတို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

ယင်းသို့ ဖြစ်မှု ကျူးလွန်သူများဖြစ်ကြသည့် သက်ပိုင်စိုးပါ လေးဦးအား ဒဂုံမြို့မရဲစခန်းက (ပ)၁၈၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုဖွင့်အရေးယူကာ ထွက်ပြေးတိမ်းရှောင်နေသူ လှိုင်သာယာမြို့နယ်နေ မင်းသူနှင့် ရဲလေး(ခ)ရဲရင့်အောင်(ခ) စိုးနိုင်လင်းတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှစ်ဦးကို ဩဂုတ် ၂၃ ရက်တွင် အသီးသီးဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**စည်းကမ်းဖောက်ဖျက်သည့် KTV ဆိုင်ကို အရေးယူ**

ဩဂုတ် ၂၃ ရက် ည ၁၁ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်လမ်းရှိ KTV ဆိုင်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ ဆိုင်မန်နေဂျာဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နေ လင်းအောင်နှင့်အကူ သီဆိုဖျော်ဖြေသူ အမျိုးသမီး ၁၅ ဦးတို့အား တွေ့ရှိရပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသော အမိန့်အား ဖောက်ဖျက်ကျူးလွန်၍ KTV ဆိုင်အား ဖွင့်လှစ် လုပ်ကိုင်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ပြစ်မှုပုဒ်မ-၁၈၈ ဖြင့် အရေးယူဆောင်ရွက်သည့်အပြင် ဆိုင်အား လိုင်စင်ပိတ်သိမ်းသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်(ရန်ကုန်)အဖွဲ့**

# မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ် အဆောက်အအုံ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်းများ ဆက်လက်တည်ဆောက်လျက်ရှိ



**မိတ္ထီလာ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင်တည်ရှိသည့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ လေယာဉ်ပုံပုံ အဆောက်အအုံ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်းကို ပြီးစီးအောင်ဆက်လက်တည်ဆောက်လျက်ရှိကြောင်း ၄င်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်သွင်ထံမှ သိရသည်။

"ကျောင်းသားဦးရေကလည်း တစ်နှစ်ထက်တစ်နှစ်ပိုတိုးလာတယ်။ စတင်ဖွင့်ခါစအချိန်က ကျောင်းသားဦးရေ ၂၀ ဦးကျော်လောက်ပဲ တက်ရောက်သူရှိပေမယ့် ဒီနေ့ ကျောင်းသားဦးရေ ၆၀၀ ဦးခန့် တက်ရောက်သင်ကြားနေပြီဖြစ်လို့ စာသင်ခန်းတွေ မဖြစ်မနေလိုအပ်လာတယ်။ ဒါကြောင့် လက်ရှိကျောင်းအဆောက်အအုံ အမြီးပိုင်းအပြင် ကိုယ်ထည်ပိုင်းနဲ့ ဦးခေါင်းပိုင်းကို ဆက်လက်တည်ဆောက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှာ လက်ရှိကျောင်းစာသင်ခန်း ၂၂ ခန်း ၊ လက်တွေ့စမ်းသပ်လေ့လာခန်း ရှစ်ခန်း စုစုပေါင်း အခန်း ၃၀ ခန့်ပဲရှိတာမို့ စာသင်ခန်းနဲ့ အခြားလက်တွေ့လေ့လာခန်းတွေ ထပ်မံလိုအပ်နေတာ ဖြစ်ပါတယ်"ဟု ပါမောက္ခချုပ်က ပြောသည်။

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် အဆောက်အအုံသည် ခရီးသည်တင်လေယာဉ်ပုံစံဖြစ်ပြီး အမြီးပိုင်းနှင့် နောက်တောင်ပံနှစ်ဖက်(ပင်မဆောင်)ကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ACE ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကာ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်း (ရှေ့တောင်ပံနှစ်ဖက်မပါ)ကို Civil Tech ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ ကျန်ရှိနေသေးသည့် ရှေ့တောင်ပံနှစ်ဖက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။**ချမ်းသာ(မိတ္ထီလာ)**

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဂီတဖျော်ဖြေပွဲမှ ရရှိသောရန်ပုံငွေများကို တိုင်းဒေသကြီးအစိုးရသို့ လွှဲပြောင်းပေးအပ်

**မကွေး ဩဂုတ် ၂၅**

မကွေးမြို့၊မြို့တော်ခန်းမ၌ ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဂီတဖျော်ဖြေပွဲမှ ရရှိသောရန်ပုံငွေများကို မကွေးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီသို့ ဩဂုတ် ၂၃ ရက်တွင် မကွေးမြို့ နတ်မောက်လမ်းရှိ ထိန်ထိန်သာဟိုတယ်(၁)၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေဝင်းက အမှာစကား ပြောကြားပြီး အလှူရှင်များမှ လှူဒါန်းငွေ ကျပ် ၇၈ သိန်း၊ လက်မှတ်ရောင်းရငွေ ကျပ် သိန်း ၅၀ နှင့် မြို့တွင်း သီချင်းဆိုဖျော်ဖြေ အလှူခံရရှိငွေ ကျပ် ၁၀ သိန်း စုစုပေါင်းအလှူငွေ ကျပ် ၁၃၂ သိန်းကျော်ကို အဆိုတော်မာရဇ္ဇနှင့် ရဲသွင်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်တို့ထံသို့ ပေးအပ်ခဲ့သည်။

ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဂီတဖျော်ဖြေပွဲတွင် အဆိုတော်မာရဇ္ဇ၊ ရဲသွင်၊ ဇော်ထက်ဟန်၊ ရင်ဂို၊ ဘိုဘို၊ ဘိုဖြူ၊ ဖြိုးကြီး၊ ဇော်ပိုင်၊ ပုလဲဝင်း၊ ခိုင်ပွင့်၊ စိုးထက်၊ Rဇာနည်၊ စိုးပြည့် သဇင်၊ လိမ္မော်သီး၊ နန်းမြတ်သန္တာကို၊ The Queen Dancer အဖွဲ့စသည့် အနုပညာရှင် ၂၀ခန့်က ဖျော်ဖြေခဲ့ပြီး မကွေးလေတပ်စခန်း ဌာနချုပ်မှ ဗိုလ်မှူးချုပ်အောင်ဆန်းဝင်း ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ လာရောက်အားပေးခဲ့သည်။ **ကျော်ဇေယျ**

# ကာယဗလ၊ ကာယအလှ၊ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲနှင့် အနုပညာစွမ်းရည်ပြပွဲများ ကျင်းပ

**ထားဝယ် ဩဂုတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ပင်မဆောင်ခန်းမ၌ ကာယဗလမောင်ပြိုင်ပွဲ၊ ကာယအလှမယ်ပြိုင်ပွဲ၊ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲနှင့် အနုပညာစွမ်းရည်ပြပွဲကို ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းဌေး၊ မြန်မာစာဌာနပါမောက္ခ(ဌာနမှူး) ဒေါက်တာကြူကြူမြင့်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် ပါမောက္ခ(ဌာနမှူး)များက ထားဝယ်တက္ကသိုလ်အဖွင့်သီချင်းကို သီဆိုပြီး ဆရာဆရာမများက မြကျွန်းညိုညိုတက္ကသိုလ်သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ ကျောင်းသား ကျောင်းသူများက ခေတ်ပေါ်၊ ကာလပေါ် သီချင်းများဖြင့် သီဆိုဖျော်ဖြေသည်။ ထို့နောက် အေရိုးဗစ်သရုပ်ပြ၊ ထားဝယ်ရိုးရာ ယိမ်းအက၊ တပင်တိုင်အကများဖြင့် ဖျော်ဖြေပြီး ကာယဗလမောင်ပြိုင်ပွဲဝင်ခြောက်ဦးက အကြိုပြိုင်ပွဲကျင်းပကာ ကာယအလှမယ်ကိုးဦးက သရုပ်ပြပြီး ပြိုင်ပွဲကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက အဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး ကာယအလှမယ်ဆုရရှိသော မတွယ်တာသန့်(သချၤာ)၊ ဒုတိယဆုရရှိသော မဝင့်သီရိအိမ်(ဓာတုဗေဒ)၊ တတိယဆုရရှိသော မဖူးဖူးနွေ့(သမိုင်း)တို့အား ဆုဖလားပေးအပ်ချီးမြှင့်ခဲ့သည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**



# မြစိမ်းရောင်စီမံကိန်းကြောင့် ဆိတ်မွေးမြူသူများ အဆင်ပြေ

**မလှိုင် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာမှ တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူကြသူများအနေဖြင့် မြစိမ်းရောင်စီမံကိန်း(အသားကဏ္ဍ)၏ ရန်ပုံငွေထောက်ပံ့ပေးမှုကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ရာတွင် ဆိတ်မွေးမြူခြင်းက အခြားတိရစ္ဆာန်များ မွေးမြူခြင်းထက်ပို၍ အမြတ်ကျန်သဖြင့် ဆိတ်မွေးမြူကြသူများခြင်းဖြစ်ကြောင်း ဒေသခံဆိတ်မွေးမြူသူတစ်ဦးထံမှ သိရသည်။ အဆိုပါကျေးရွာအပါဝင် သဘွတ်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာ ခုနစ်ရွာကို မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာအဖြစ် ရွာတစ်ရွာလျှင် ချေးငွေကျပ်သိန်း ၃၀၀ စီ ထုတ်ချေးပေးခဲ့ပြီး ဆိတ်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

## သတင်းတို

### မိုးညှင်းမြို့လုံးကျွတ်မီးလင်းရန် ဆောင်ရွက်လျက်ရှိ

ကချင်ပြည်နယ် မိုးညှင်းမြို့၌ အစွန်အဖျားရပ်ကွက်များပါမကျန် မြို့လုံးကျွတ် လျှပ်စစ်မီးရရှိရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်လျက်ရှိသည်။ ကွန်ကရစ်ဓာတ်တိုင်များ ကိုယ့်အားကိုယ်ကိုး စိုက်ထူထားသော ရပ်ကွက်များတွင် လိုအပ်သည် ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းကြိုးများ၊ ဆက်စပ်ပစ္စည်းများကို ရပ်ကွက်နေပြည်သူများ ငွေကြေးထပ်မံကုန်ကျရန်မလိုဘဲ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**(ဝ၆၃)**

# မိုင်းဆတ်မြို့နယ် ကျေးရွာများ၌ ကျန်းမာရေးအခမဲ့စစ်ဆေးကုသ

**ပူနားကို ဩဂုတ် ၂၅**

မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာဒေသအုပ်စု ပူနားကိုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံတိုင်းရင်းသား ပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဩဂုတ် ၂၃ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးရာတွင် စစ်ဗျူဟာ(အခြေချ)တာချီလိတ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်မင်းထွန်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။ ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆရာဝန်များက အထွေထွေရောဂါဝေဒနာရှင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၄၀ နှင့် ကလေး ၂၆ဦးအား စစ်ဆေးကုသပေးပြီး လိုအပ်သော ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



# ချယ်လ်ဆီးတို့ ခက်ခဲပြီး အာဆင်နယ်တို့ နိုင်ပွဲရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၄)



➤ မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၄)ကို ဩဂုတ် ၂၉ ရက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ ချယ်လ်ဆီး၊ လီဗာပူး၊ မန်စီးတီးတို့ အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ ရဖို့ ရှိနေပေမယ့် ပြိုင်ဘက်တွေက လျှော့တွက်လို့မရတဲ့ အသင်းတွေဖြစ်နေတာမို့ လူစုံထုတ်ကစားမှုရပါလိမ့်မယ်။ ရလဒ်ကောင်းဖို့ လိုအပ်နေတဲ့ အသင်းကြီးတွေအတွက် အားထည့်ရဦးမယ့် ပွဲစဉ်တွေ ဖြစ်နေပါတယ်။

### ချယ်လ်ဆီးနှင့် ခရစ္စတယ်ပဲလေ့စ်

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ချယ်လ်ဆီးကို အခက်တွေ့အောင် ကစားနိုင်တဲ့ အသင်းဖြစ်ပြီး ဒီနှစ်သင်းနောက်ဆုံးငါးပွဲ တွေ့ဆုံခဲ့မှုရလဒ်တွေကိုကြည့်ရင် ချယ်လ်ဆီးတို့နိုင်ပွဲတွေချည်းရရှိထားခဲ့ပါတယ်။ ပက်ဒရိုရဲ့ ကစားအားက ချယ်လ်ဆီးရဲ့ ရလဒ်ကို ဘယ်လောက်အထိ ကောင်းမွန်အောင်ဖြည့်ဆည်း ပေးနိုင်ဦးမလဲ ကြည့်ရမှာပါ။ ရာသီအဖွင့်ပွဲစဉ်တွေမှာ ရလဒ်မကောင်းခဲ့တဲ့ ချယ်လ်ဆီးတို့က ပြီးခဲ့တဲ့ပွဲမှာ နိုင်ပွဲစတင်ခဲ့တာမို့ အခုပွဲမှာ အကောင်းဆုံး ပုံစံပြသပြီး အောင်ပွဲခံဦးမှာဖြစ်ပါတယ်။

### နယူးကာဆယ်နှင့် အာဆင်နယ်

ပြီးခဲ့တဲ့ပွဲစဉ်(၂)မှာ မန်ယူကို သရေကစားထားတဲ့ နယူးကာဆယ်တို့က အာဆင်နယ်ကို အိမ်ကွင်းမှာ အပြင်းအထန်ခုခံကာကွယ်ပါလိမ့်မယ်။ နယူးကာဆယ်တို့က အသင်းလိုက် ကစားအားကောင်းတတ်ပေမယ့် အာဆင်နယ်ကိုတော့ နောက်ဆုံးငါးပွဲဆုံတွေ့ခဲ့တဲ့မှတ်တမ်းအရ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဒါပေမယ့် ကစားသမားသစ် ဖြည့်ဆည်းမှုမှာ ကောင်းမွန်ထိရောက်ခဲ့တဲ့ နယူးကာဆယ်တို့က အာဆင်နယ်ကို အမှတ်ပြည့်ပေးမှာ မဟုတ်ပါဘူး။

### လီဗာပူးနှင့် ဝက်စ်ဟမ်း

ဝက်စ်ဟမ်းနဲ့ဆုံတိုင်း လီဗာပူးတို့ နိုင်ပွဲရအောင် ကစားတတ်တာမို့ လီဗာပူးတို့ အိမ်ကွင်းမှာ အမှတ်ပြည့်ရနိုင်တဲ့ပွဲပါပဲ။ လီဗာပူးတို့ဟာ စတုတ်နဲ့ ဘုန်းမောက်တို့ကို ရလဒ်ပြတ်မနိုင်ပေမယ့် ဂိုးရအောင် သွင်းယူနိုင်တဲ့ ခြေစွမ်းပိုင်ဆိုင်ထားတာမို့ အခုပွဲဟာ ဝက်ဟမ်းတို့အတွက် အမှတ်ရနိုင်တဲ့ပွဲတော့ မဟုတ်ပါဘူး။

### မန်စီးတီးနှင့် ဝက်ဖို့ဒ်

နိုင်ပွဲတွေဆက်တိုက်ရယူနေပြီး တန်းစီဇယားကို စိုးမိုးထားတဲ့ မန်စီးတီးဟာ အခုပွဲမှာလည်း ဝက်ဖို့ဒ် ကို အပေါ်စီးက ကစားနိုင်အောင် အားထုတ်ပါလိမ့်မယ်။ မန်စီးတီးတို့က ကောင်းမွန်တဲ့ ခြေစွမ်းရရှိနေပြီး ပြိုင်ဘက်တွေကိုချေမှုန်းပြီး အမှတ်ပြည့်တွေဆက်တိုက်ရယူနေပါတယ်။ ဝက်ဖို့ဒ်တို့က သရေပွဲတွေ ဆက်တိုက်ရှိနေတာမို့ အခုပွဲမှာ မန်စီးတီးရဲ့ လွှမ်းမိုးမှုကို ခံရမယ့် အနေအထား ရှိနေပါတယ်။

### စပါးနှင့် အဲဗာတန်

မန်စီးတီးကို ရှုံးထားတဲ့ အဲဗာတန်တို့အတွက် အခုပွဲမှာလည်း စပါးကွင်းမှာ ကစားရမှာမို့ ပွဲမချောင်ပါဘူး။ ခြေစွမ်းတူညီနေတဲ့နှစ်သင်းမို့ အပြန်အလှန် ထိုးဖောက်မှုတွေနဲ့ ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ စပါးတို့က လောလောဆယ်မှာ ရလဒ်တွေကောင်းအောင် ကြိုးစားနေပြီး ပွဲတိုင်း အမှတ်ရအောင် စွမ်းဆောင်နေတာမို့ ဒီပွဲဟာ နှစ်သင်းစလုံးအတွက် အမှတ်ပြတ်သားဖို့ မလွယ်ပါဘူး။

### စတုတ်နှင့် ဝက်စ်ဘရွန်း

တစ်လှည့်စီအနိုင်ယူနေကြတဲ့အသင်းတွေမို့ အခုပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ် လာပါလိမ့်မယ်။ လောလောဆယ်မှာ စတုတ်တို့ ခြေစွမ်းကျဆင်းနေပြီး နိုင်ပွဲနဲ့ဝေးနေပါတယ်။ ဝက်စ်ဘရွန်းတို့က အားထုတ်မှု ကောင်းမွန်နေပြီး ပွဲတိုင်း အမှတ်ရအောင် ကစားနိုင်တာမို့ ဒီပွဲမှာ ဝက်စ်ဘရွန်းတို့ တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။

### ဘုန်းမောက်နှင့် လက်စတာ

လက်စတာတို့ ခြေစွမ်းကောင်းမွန်နေပြီး ရလဒ်ကောင်းနေသလို တိုက်စစ်မှူးတွေကလည်း ဂိုးရအောင် သွင်းယူနိုင်နေပါတယ်။ တန်းတက်ဘုန်းမောက်တို့လည်း အမှတ်ရဖို့ အပြင်းအထန်ကြိုးစားနေပြီး ဒီနှစ်မှာ တန်းမဆင်းရရေး အားထုတ်နေပါတယ်။ လက်စတာတို့က အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်း ပုံမှန်ရရှိနေပြီး အကောင်းဆုံးစွမ်းရည်ကိုပိုင်ဆိုင်နေတာမို့ အိမ်ကွင်း ဆိုပေမယ့် ဘုန်းမောက်တို့ အမှတ်ရဖို့ ခဲယဉ်းပါလိမ့်မယ်။

### ဗီလာနှင့် ဆန်းဒါးလန်း

ရာသီအဖွင့်ပွဲစဉ်တွေမှာ ရလဒ်တွေဆိုးရွားနေတဲ့ ဆန်းဒါးလန်းတို့ဟာ ဗီလာကို အိမ်ကွင်းမှာ လေးဂိုးပြတ်ရှုံးထားဖူးပါတယ်။ အခုပွဲ အိမ်ကွင်းမှာဖြစ်တာမို့ ဗီလာရဲ့ တိုက်စစ်မှူးတွေ ဂိုးရအောင် ကြိုးစားကြပါဦးမယ်။ ဗီလာနဲ့ ဆန်းဒါးလန်းတို့ ပရီမီယာလိဂ်မှာ စုစုပေါင်း ပွဲ ၁၈၀ ဆုံတွေ့ခဲ့ကြတဲ့ မှတ်တမ်းကို ကြည့်ရင် ဗီလာတို့က ပွဲပေါင်း ၆၇ ပွဲနိုင်ပြီး ဆန်းဒါးလန်းက ၅၄ ပွဲ နိုင်ထားပါတယ်။ အခုပွဲမှာတော့ ဗီလာတို့ အနိမ့်ဆုံး တစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။

**ချယ်လ်ဆီး၊ လီဗာပူး၊ မန်စီးတီးတို့ အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရဖို့ရှိနေပေမယ့် ပြိုင်ဘက်တွေက လျှော့တွက်လို့မရတဲ့ အသင်းတွေဖြစ်နေတာမို့ လူစုံထုတ်ကစားမှ ရပါလိမ့်မယ်။**





## ချယ်လ်ဆီးကိုရောက်လာတဲ့ ဘရာဇီးကြယ်တစ်ပွင့်

ဘရာဇီးကလပ် ဖလာမင်နီနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ လူငယ်ကစားသမား ကနေဒီကို ချယ်လ်ဆီးက ပေါင် ၆ ဒသမ ၇ သန်းနဲ့ ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ကနေဒီဟာ ဖလာမင်နီ အသင်းနဲ့အတူ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ သူဟာ အသက် ၂၀ အောက် ဘရာဇီးအသင်းရဲ့ ကစားသမားလည်းဖြစ်ပါတယ်။ ကနေဒီဟာ ချယ်လ်ဆီး အသင်းရဲ့ မြောက်အမေရိကရဲ့ ရာသီအကြိုလှည့်လည်ကစားတဲ့ ပြိုင်ပွဲတွေ မှာလည်း ပါဝင်ခဲ့သူဖြစ်ပါတယ်။ ဒီလိုပါဝင်ကစားခဲ့ပေမယ့် တရားဝင် စာချုပ်တာကတော့ အခုမှစာချုပ်ဖြစ်တာဖြစ်ပါတယ်။ ဖလာမင်နီအသင်းက သူ့ကို ချယ်လ်ဆီးအသင်းရဲ့ အဓိကကစားသမားဖြစ်လာဖို့ မျှော်လင့်ထားတယ် လို့ ဆိုပါတယ်။ ကနေဒီကို မန်ယူနဲ့ ဘာစီလိုနာအသင်းတွေကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တယ်လို့ ဆိုပါတယ်။ နည်းပြ မော်ရင်ဟိုအနေနဲ့လည်း အဓိက ပြိုင်ပွဲတွေမှာ ကနေဒီကို စတင်အသုံးပြုဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## အသင်းမှထွက်ခွာဖို့ ဆန္ဒပြင်းပြနေတဲ့ ဗစ်တာ

ဆောက်သမ်တန်ကွင်းလယ်ကစားသမား ဗစ်တာဝါညာမာက သူ့အနေဖြင့် စပါးအသင်းမှ တစ်ပတ်လုပ်ခလစာ ၂၁၃၀၀၀ ပေးခေါ်နေလို့ အသင်းမှ ထွက်ခွာချင်တယ်လို့ ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် ဆောက်သမ်တန်ကတော့ သူ့ကို ထွက်ခွာခွင့်ပေးဖို့ တွန့်ဆုတ်နေပါတယ်။ ဆောက်သမ်တန်နဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်မှာလည်း နှစ်နှစ်သက်တမ်းကျန်ရှိနေပါသေးတယ်။ လောလောဆယ် ဆောက်သမ်တန်က တစ်ပတ်လုပ်ခလစာ ပေါင် ၄၀၀၀၀ အထိ ပေးထားပါတယ်။ ဆောက်သမ်တန်ကတော့ သူ့ကို ပေါင် ၁၈ သန်းပေးရင် ရောင်းမယ်လို့ ဆိုပါတယ်။ ဗစ်တာဝါညာမာဟာ ဆောက်သမ်တန်အသင်းရဲ့ အဓိကခြေစွမ်းပြကစားနေတဲ့ ကစားသမားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက တန်းဆင်းဇုန် လွတ်မြောက်ရေးအတွက် အဓိကခြေစွမ်းပြကစားခဲ့တဲ့ ကွင်းလယ်ကစားသမား ဖြစ်ပါတယ်။


သို့ပေမယ့် စပါးအသင်းရဲ့ တရားဝင် ကမ်းလှမ်းမှုလိုအပ်နေပါတယ်။ စပါးက ထိုက်တန်တဲ့ ကမ်းလှမ်းမှုတွေနဲ့အတူ အသင်းမှထွက်ခွာခွင့်ရရှိသွားနိုင်ပါတယ်။

## ကိုးပွဲဆက်တိုက်အနိုင်ရအောင်ကစားမယ်ဆိုတဲ့ မန်စီးတီး

အဲဗာတန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ မန်စီးတီးအသင်းအနေနဲ့ ကိုးပွဲဆက်တိုက်အနိုင်ရအောင် ကစားဖို့လိုကြောင်း မန်စီးတီးနည်းပြ ပယ်လီဂရင်းနီက သူ့ကစားသမားတွေကို သတိပေး ပြောကြားလိုက်ပါတယ်။

မန်စီးတီးအသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ်မှာနိုင်ပွဲများ ဆက်တိုက် ရရှိထားရာ သုံးပွဲဆက်တိုက် အနိုင်ရရှိထားပြီဖြစ်ပါတယ်။ ကစားသမားတွေအနေနဲ့ တစ်ပွဲထက်တစ်ပွဲ ပိုကောင်း အောင်ကစားကြဖို့လိုပါတယ်။ ရထားတဲ့ အနိုင်ပွဲနဲ့ကျေနပ်နေလို့ မဖြစ်ပါဘူး။ တကယ်ကြိုးစားမယ်ဆိုရင် ကိုးပွဲဆက်တိုက် အနိုင်ရအောင်ကစားနိုင်မှာ ဖြစ်ပါတယ်လို့ နည်းပြ ပယ်လီဂရင်းနီက ဆိုပါတယ်။

မန်စီးတီးအသင်းဟာ ကစားကွက်တည်ငြိမ်ပြီး ယခုနှစ်ရာသီတွင် ဖလားဆွတ်ခူးနိုင်တဲ့အသင်းအဖြစ် ရေပန်းစားလျက်ရှိပါတယ်။ အဲဗာတန်နဲ့ ကစားတဲ့ပွဲမှာ အနိုင်ဂိုးများကိုတော့ နာဆရီနဲ့ အလက်ဇန္ဒားကိုလိုရော့တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ တိုက်စစ်အားအလွန်ကောင်းနေပြီး အဂူရို၊ နာဆရီ၊ အသစ်ခေါ်ယူထားတဲ့ စတာလင်း အစရှိတဲ့ ကစားသမား အပါအဝင် ကစားသမားတိုင်းက စိတ်ဓာတ်တက်ကြွနေပြီး ဂိုးသွင်းဖို့ အသင့်ဖြစ်နေတဲ့ အနေအထားဖြစ်ပါတယ်။



# တောင်ပြိုးပွဲတော် စည်ကားစွာကျင်းပလျက်ရှိ



ပန်းဆက်သူများဖြင့် စည်ကားနေသော မင်းနှစ်ပါးနတ်နန်း။

**မတ္တရာ ဩဂုတ် ၂၅**

နှစ်စဉ် ဝါခေါင်လဆန်း ၇ ရက်မှ ဝါခေါင်လပြည့်နေ့အထိ ကျင်းပမြဲဖြစ်သော တောင်ပြိုးပွဲတော်သည် ယခုနှစ်တွင် ဝါခေါင်လဆန်း ၈ ရက် ဥပုသ်နေ့နှင့် တနင်္ဂနွေရုံးပိတ်ရက် တိုက်ဆိုင်ခဲ့သောကြောင့် ဘုရားဖူးဧည့်သည်များ၊ တောင်ပြိုးမင်းနှစ်ပါး ပန်းဆက်သူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်ကာလအတွင်း တောင်ပြိုးဆုတောင်းပြည့်ဘုရားနှင့် ဆုတောင်းရဘုရားတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသကဲ့သို့ တောင်ပြိုးမင်းနှစ်ပါးနန်းသို့သွားရာ လမ်းတစ်လျှောက်ရှိ ဘောင်းတော်ရောင်းဆိုင်များ၊ ပန်းဆိုင်များတွင်လည်း ဈေးဝယ်သူများဖြင့်စည်ကားလျက်ရှိသည်။ မင်းနှစ်ပါးနတ်နန်းတွင်မူ ပန်းဆက်သူများ၊ ဘောင်းတော်ဆက်သူများ၊ ကန်တော့ပွဲထိုးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

တောင်ပြိုးဆုတောင်းပြည့်ဘုရားနှင့် ဆုတောင်းရဘုရားများရှိ အလှူခံဌာနနှင့် အလှူခံပုံးများသို့ တောင်ပြိုးပွဲတော် လာရောက်သူများက လှူဒါန်းထားမှုမှာ ဩဂုတ် ၂၃ရက်အထိ ငွေကျပ် ၁၅၆ သိန်းကျော်ရှိပြီဖြစ်ကြောင်း တောင်ပြိုးပွဲတော် ဘဏ္ဍာရေးကော်မတီမှ သိရသည်။ ပွဲတော်သို့လာရောက်သူများ သွားလာရေးအဆင်ပြေရေးအတွက် ရွာပတ်လမ်း၊ ဈေးလမ်းများကို ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းများ ခင်းပေးခဲ့ပြီး အဆင်မြင့်ရေလောင်းအိမ်သာများကိုလည်း ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

တောင်ပြိုးပွဲတော်သို့ လာရောက်သူများသည် ယခင်က မီးရထားကိုသာ အများဆုံးအသုံးပြုပြီး လာရောက်ကြရာ မတ္တရာဘူတာနှင့် သူရဲဈေးဘူတာ အသွားအပြန် ရထားအားလုံးမှာ ခရီးသည်များပြည့်လျှံနေခဲ့ပြီး ယခုအခါ ဆိုင်ကယ်နှင့်ကားများ ပေါများလာသည့်အတွက် မီးရထားနှင့်လာသူ နည်းပါးလာသည်ကို တွေ့ရသည်။ ကားများ၊ ဆိုင်ကယ်များကို အသုံးများလာခြင်းကြောင့် မန္တလေး-မိုးကုတ်ကားလမ်းရှိ တောင်ပြိုးလမ်းခွဲအနီးနှင့် တောင်ပြိုးလမ်းတစ်လျှောက်တွင် လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ရထားလမ်းဖြတ်သန်းရာ လယ်မြေများအား လျော်ကြေးပေးအပ်

**ဓနုဖြူ ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟင်္သာတ-ညောင်တုန်း မီးရထားလမ်းဖောက်လုပ်ရာတွင် ရထားလမ်းဖြတ်သန်းရာ ကျေးရွာအုပ်စု ၁၁ ခုမှ လယ်မြေများ ပါဝင်သွားသော တောင်သူများအတွက် မြေလျော်ကြေး၊ သီးနှံလျော်ကြေးနှင့် နေအိမ်များအတွက်လျော်ကြေး စုစုပေါင်း ကျပ်သိန်းပေါင်း ၉၇၀၀ ကျော်ကို ဓနုဖြူမြို့နယ် ကျိုက္ကလွန်ဗွန်းစေတီတော်ကြီး ဦးဖိုးရွှေတန်ဆောင်း၌ ဩဂုတ် ၂၀ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဦးလှခိုင်က ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ လယ်မြေ ၃၅၉ ဒသမ ၈၄ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၅ သိန်းနှုန်းဖြင့် မြေလျော်ကြေးငွေအဖြစ် ကျပ် ၅၃၉၇ သိန်းကျော်နှင့် သီးနှံလျော်ကြေးအဖြစ် ကျပ် ၄၁၅၆ သိန်းကျော်ကို တောင်သူများထံ ပေးအပ်ခဲ့ကာ ဖျက်သိမ်းပြောင်းရွှေ့ရသည့် နေအိမ် ၂၂ လုံးအတွက် လျော်ကြေးငွေ ကျပ် ၁၆၉ သိန်းကိုလည်းပေးအပ်ခဲ့ကြောင်း သိရသည်။

လျော်ကြေးငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လယ်မြေပိုင်ရှင် တောင်သူများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**




## ဂျပန်နိုင်ငံတွင် ပညာသင်ကြားမှုဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ဂျပန်နိုင်ငံသို့ ပညာသင်ရန်သွားရောက်ရင်း အလုပ်လုပ်၍ ဝင်ငွေရှာလိုသူ မြန်မာလူငယ်များအနေဖြင့် မြန်မာနိုင်ငံတွင် ပထမနှစ်တက်ရောက်ပြီး ဂျပန်စာသုံးလသင်တန်းကိုလည်း တက်ရောက်ပြီးသူများသည် ဂျပန်နိုင်ငံရှိ ကျောင်းများနှင့် ကောလိပ်များသို့ တက်ရောက်၍ အချိန်ပိုင်းအလုပ်များ လုပ်ခွင့်ရှိကြောင်း ရန်ကုန်မြို့ ၄၁ လမ်းရှိ Sea Green Tower ၌ ပြုလုပ်သည့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားမှုဆိုင်ရာ ရှင်းလင်းပွဲမှ သိရသည်။

"ဂျပန်နိုင်ငံမှာက တက္ကသိုလ်ဝင်တန်းပြီးတာနဲ့ အလုပ်လုပ်ခွင့်ရှိပါတယ်။ ဂျပန်လူမျိုးများသည်ပင်လျှင် ပညာသင်ရင်း အလုပ်လုပ်ကြတာပါ။ အဲဒီအချိန်မှာ အသက် ၁၈ နှစ်ပြည့်ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာက တက္ကသိုလ်ဝင်တန်းပြီးရင် အသက် ၁၈ နှစ် မပြည့်သေးတာကြောင့် မြန်မာလူငယ်တွေအနေနဲ့ ဂျပန်မှာ ပညာသင်ကြားရင်း အလုပ်လုပ်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ဘယ်ဘာသာရပ်မဆို ပထမနှစ်လောက် တက်ပြီးတဲ့အရွယ်ဆိုရင် အဆင်ပြေပါတယ်" ဟု ဂျပန်နိုင်ငံ NishiNihon International Institute မှ ကျောင်းဝင်ခွင့်တာဝန်ခံ Ms.Emiko Ono က ဂျပန်နိုင်ငံတွင် ပညာသင်ကြားမှုဆိုင်ရာ ရှင်းလင်းပွဲ၌ ပြောသည်။

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့အခြေစိုက် အဆိုပါကောလိပ်သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံတွင် ဂျပန်စာကို နာရီပေါင်း ၁၅၀(သုံးလသင်တန်း)ကို သင်ကြားထားသူများ သို့မဟုတ် ဂျပန်သံရုံးက ဖွင့်လှစ်သော ဂျပန်စာသင်တန်းများသို့ တက်ရောက်ထားသူများ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ပညာသင်ကြားရင်း အလုပ်လုပ်လိုသူများအနေဖြင့် အဆိုပါကျောင်း၌ ဂျပန်စာနှစ်နှစ်သင်တန်းကို တက်ရောက်ရမည်ဖြစ်ကြောင်း၊ ထိုနှစ်နှစ်တက်ပြီးပါက ကောလိပ်အဆင့် နှစ်နှစ်တန်းသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း၊ ကောလိပ်အဆင့်တွင် အိုင်တီနည်းပညာ၊ စီမံခန့်ခွဲမှုပညာနှင့် အခြားသော အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ သင်ယူနိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာသင်ကျောင်းများသည် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းအချိန်ခွဲ၍ ဖွင့်လှစ်ပြီး ပညာသင်ကြားသူများအနေဖြင့် ကျောင်းပြင်ပအချိန်များတွင် အချိန်ပိုင်းအလုပ် လုပ်ကိုင်လေ့ရှိသည်။ ထိုသို့ အလုပ်လုပ်နိုင်ရန် သက်ဆိုင်ရာကျောင်းများနှင့် လုပ်ငန်းရှင်များ ချိတ်ဆက်ထားလေ့ရှိပြီး အလုပ်ခေါ်စာများကို ကျောင်းများတွင် ကပ်ထားပေးသဖြင့် ကျောင်းသားများအနေဖြင့် အဆင်ပြေသည့်အလုပ်များကို ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ကြားရင်း အလုပ်လုပ်လိုသူများအနေဖြင့် ပညာသင်စရိတ်၊ စားစရိတ်နှင့် နေထိုင်စရိတ်၊ လေယာဉ်စရိတ်များအပါအဝင် မြန်မာငွေ ကျပ်သိန်း ၉၀ မှ ၁၀၀ ဝန်းကျင်အထိ ကုန်ကျနိုင်ကြောင်း သိရသည်။ **သတင်း-ကြိုတိုင်းအောင်၊ ဓာတ်ပုံ-သက္က**



# မြို့တွင်းလမ်းမကြီးများ၌ ဈေးရောင်းချမှုမရှိသည့် ပလက်ဖောင်းအချို့ကို မြင်တွေ့လာရ

ရန်ကုန်မြို့တွင်း တစ်လမ်းမောင်းလမ်းမကြီးများ၌ ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုများတွင် လမ်းဘေးဈေးသည်များ ရောင်းချခြင်းသည်လည်း အကြောင်းရင်းတစ်ခုဖြစ်သည်။ စည်းကမ်းတကျ ဈေးရောင်းချခြင်းဖြစ်လာရန် ဆောင်ရွက်မှုအားနည်းသဖြင့် ယခုကဲ့သို့ သွားလာရေးအခက်အခဲကြုံတွေ့အောင် လမ်းပိတ်ဆို့မှုများ ကြုံတွေ့လာရသည်ဟု ဝေဖန်မှုများလည်းရှိသည်။

ဈေးမရောင်းရဟု တားမြစ်စာတန်းအပါအဝင် အခြားတားမြစ်ချက် စာတန်းမျိုးစုံကို ချိတ်ဆွဲထားသည့် ပလက်ဖောင်းများ၊ လမ်းဘေးနေရာများတွင် ဈေးရောင်းချနေမှုများကိုလည်း မြင်တွေ့ခဲ့ရသည်။ ရန်ကုန်မြို့တွင်း၌ လမ်းမကြီးများဘေးရှိ လူသွားပလက်ဖောင်းများသာမက လမ်းဘေးယာဉ်ရပ်နားရန် နေရာများအထိ ဈေးခင်းရောင်းကာ ထိုမှတစ်ဆင့် ဈေးရောင်းသည့်နေရာကို ကားလမ်းမပေါ်သို့ပါ ရောက်အောင်ချဲ့ကာ ဈေးရောင်းနေသည့် ဈေးသည်မျိုးစုံကို မြင်တွေ့နေရဆဲဖြစ်သည်။

ထိုသို့ ပလက်ဖောင်းပေါ်နှင့် လမ်းပေါ်တွင် ဈေးရောင်းခြင်းကြောင့် လမ်းသွားလမ်းလာများအနေဖြင့် ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်ရာတွင် ဈေးသည်များကြားမှ ခက်ခဲစွာသွားလာရသလို ကားများမှာလည်း လမ်းမပေါ်တွင် မောင်းနှင်ရာ၌ အဆင်မပြေဖြစ်ရသည်။ အထူးသဖြင့် လမ်းမကြီးများနှင့် လမ်းသွယ်များထောင့် နေရာများတွင် ကားအဝင်အထွက်ခက်ခဲကာ ယာဉ်ပိတ်ဆို့မှုများဖြစ်ပြီး ထိုမှတစ်ဆင့် လမ်းမကြီးများပေါ်တွင်ပါ ပိတ်ဆို့မှုများ ဖြစ်ကုန်ကြသည်။

ယခုအခါ ယခင်က လမ်းဘေးဈေးသည်များ ခင်းကျင်းရောင်းချခဲ့သည့် လမ်းမတော်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်းရှိ ပလက်ဖောင်းအချို့ပေါ်နှင့် ကားလမ်းမဘေး နေရာအချို့တွင် ဈေးသည်များ ရောင်းချခြင်းမရှိတော့ဘဲ လမ်းသွားလမ်းလာများ လွယ်ကူစွာ သွားလာနိုင်သည်ကို တွေ့ရသည်။

လမ်းမတော်မြို့နယ် အနော်ရထာလမ်းမပေါ် ၁၅ လမ်းနှင့် ၁၆ လမ်းကြားရှိ အခြေခံပညာ မူလတန်းကျောင်းအနီး ပလက်ဖောင်းပေါ်၌ ယခင်က လမ်းဘေးဈေးသည်များ တစ်နေ့လုံး ရောင်းချခဲ့သော်လည်း ယခုအခါ နေ့ဘက်များတွင်

**သာမန်လက်လုပ်လက်စား လမ်းဘေးဈေးသည်များနှင့် ငွေအရင်းအနှီးများစွာမတည်ပြီး လမ်းဘေးတွင် စည်းကမ်းမဲ့ ဈေးခင်းရောင်းသူများအပေါ် ခွဲခြားရှုမြင်သင့် . . .**

ဈေးရောင်းချမှုများ မရှိတော့သဖြင့် လမ်းသွားလမ်းလာများအနေဖြင့် ပလက်ဖောင်းများပေါ်တွင် လွတ်ကင်းစွာ သွားလာနိုင်ပြီး ဈေးသည်အချို့သာ ယာဉ်ရပ်နားရာ လမ်းဘေးနေရာတွင် ရောင်းချနေကြသည်။ ညနေပိုင်းနှင့် ညဦးပိုင်းအချိန်များတွင်မူ အဆိုပါနေရာတွင် ထမင်းဆိုင်များဖွင့်လှစ်၍ ပလက်ဖောင်းပေါ်သာမက ကားလမ်းပေါ်ရှိ ယာဉ်ရပ်နားရန်နေရာတွင်ပါ စားပွဲခုံများခင်းကျင်း၍ ရောင်းချနေသည်ကို တွေ့ရသည်။

လမ်းမတော်မြို့နယ် အနော်ရထာလမ်းပေါ်နှင့် (၉)လမ်းထိပ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနံဘေးတွင်လည်း ယခုဩဂုတ်လအတွင်း ပလက်ဖောင်းပေါ်တွင် ဈေးရောင်းချမှုများ မရှိတော့သည်ကို တွေ့ရသည်။ ဒဂုံမြို့နယ် ပြည်လမ်းမရှေ့ဘက် စကားဝါလမ်းဘေးတစ်လျှောက်တွင်လည်း ဈေးမရောင်းရ တားမြစ်စာတန်းများကို ချိတ်ဆွဲထားပြီးနောက် ယခင်ကရောင်းချနေသော ဆိုင်များ မရှိတော့ကြောင်း သိရသည်။

ယခင်က ဈေးရောင်းချမှုရှိခဲ့သော်လည်း ယခုအခါ ဈေးရောင်းမှုမရှိတော့သည့် အဆိုပါနေရာများတွင် စောင့်ကြည့်အရေးယူသူများ မရှိဘဲ စည်းကမ်းလိုက်နာပြီး ဈေးမရောင်းကြခြင်းဖြစ်ရာ အတုယူသင့်သည်။ ရန်ကုန်မြို့တွင်း နေရာအများအပြားတွင် တွေ့မြင်နေရဆဲဖြစ်သော စည်းကမ်းမဲ့ဈေးရောင်းချမှုများကို အများပြည်သူ သွားလာမှုကို မထိခိုက်စေသည့် စည်းကမ်းကျနသော ဈေးရောင်းချမှုများအဖြစ်သို့ ပြောင်းလဲရာတွင် အဆိုပါနေရာများမှ ဖြစ်စဉ်များကို အလေးထားသုံးသပ်ပြီး အတုယူသင့်ပါသည်။

လူသွားလမ်းကိုပိတ်ဆို့၍ ဈေးရောင်းချခြင်း၊ ပလက်ဖောင်းပေါ်တွင် ဈေးရောင်းရာမှ လမ်းများပေါ်ရောက်သည်အထိ ခင်းကျင်းရောင်းချခြင်းမျိုးသည် ဆက်လက်ရှိနေရန် မသင့်ပါ။ သာမန်လက်လုပ်လက်စား လမ်းဘေးဈေးသည်များနှင့် ငွေအရင်းအနှီးများစွာမတည်ပြီး လမ်းဘေးတွင် စည်းကမ်းမဲ့ ဈေးခင်းရောင်းသူများအပေါ် ခွဲခြားရှုမြင် သုံးသပ်သင့်ပါသည်။ သို့မှသာ လမ်း ဘေးဈေးရောင်းချမှုအပေါ် အရေးယူဆောင်ရွက်ရာတွင် လွယ်ကူမှုရှိလာနိုင်ပါသည်။ လူစည်ကားလှသည့် ရန်ကုန်မြို့တွင်း၌ အများပြည်သူသွားလာရေးကို အခက်အခဲဖြစ်စေသည့် လမ်းဘေးဈေးရောင်းချမှုအပေါ် တာဝန်ရှိသူများအနေဖြင့် ထိရောက်သော အရေးယူမှုများဆောင်ရွက်ပြီး စည်းကမ်းကျနသော ဈေးရောင်းချမှုဖြစ်လာအောင် ပြုပြင်သင့်ပါသည်။

**ဆောင်းပါး-ခင်ဆိုင်**

# နိုင်ငံခြားသားတစ်ဦး ကျကျန်ခဲ့သော လွယ်အိတ် ကောက်ယူတွေ့ရှိသဖြင့် ပိုင်ရှင်ထံပြန်လည်အပ်နှံ

**ညောင်ဦး ဩဂုတ် ၂၅**

ပုဂံယဉ်ကျေးမှု နယ်မြေဒေသတွင် ဩဂုတ် ၂၃ ရက်က ပုဂံဒေသသို့ ဘုရားဖူးလာသည့် ပြည်တွင်းဘုရားဖူးခရီးသည်တစ်ဦးက နိုင်ငံခြားသားတစ်ဦး ကျကျန်ရစ်ခဲ့သော လွယ်အိတ်တစ်လုံးကို ကောက်ယူ တွေ့ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ လာရောက်အပ်နှံခဲ့ပြီး အဆိုပါ အိတ်အား ပိုင်ရှင်ဖြစ်သူ နိုင်ငံခြားသားထံ နေ့ချင်းပြန်လည် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ရက်က စလင်းမြို့နယ် ညောင်ဇီးကုန်းကျေးရွာအုပ်စု ရေနန်းကျေးရွာနေ မမာမာမြင့်သည် ပုဂံဒေသသို့ ဘုရားဖူး လာရောက်စဉ် သဗ္ဗညုဘုရား၏ အနောက်ဘက် မြေသားလမ်းပေါ်၌ ချည်သား အဝါရောင် လွယ်ကြိုးပါ လွယ်အိတ်တစ်လုံးကို ကောက်ယူတွေ့ရှိသဖြင့် သဗ္ဗညုဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ တာဝန်ကျ ရဲတပ်ကြပ်ကြီး ဇင်ဇင်ဝေနိုင်တို့ထံသို့ လာရောက် အပ်နှံခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူတို့က အိတ်ကို ဖွင့်ကြည့်စစ်ဆေးခဲ့ရာ အိတ်အတွင်း၌ iphone ၅ အနက်ရောင်တစ်လုံး၊ အမေရိကန် ဒေါ်လာ (၂၀)တန် (၅)ရွက်၊ (၁၀၀)တန် (၂)ရွက် စုစုပေါင်း ဒေါ်လာ (၃၀၀)၊ Cannon အနက်ရောင် လက်ကိုင်ဗီဒီယိုကင်မရာ တစ်လုံး၊ ပါဝါမျက်မှန်တစ်လက်၊ ကော်စီးကရက်တစ်ဘူး၊ အညိုရောင်သားရေအိတ်ဖြင့် ထည့်ထားသော နေကာမျက်မှန်တစ်လက်၊ လမ်းညွှန်စာအုပ် နှစ်အုပ်တို့ပါရှိကြောင်း သိရသည်။

ထို့နောက် ရဲအုပ်မျိုးညွန့်နှင့်အဖွဲ့သည် အိတ်အတွင်းပါရှိသည့် လမ်းညွှန်စာအုပ်ပေါ်မှ ဖုန်းနံပါတ်များဖြင့် ဆက်သွယ်ရှာဖွေခဲ့ရာ အီတလီနိုင်ငံသား Mr. Marioနှင့် Mrs. Bollamaria Teresa တို့နှင့် ဆက်သွယ်မိပြီး ပုဂံမြို့ဟောင်း သံတွဲဟိုတယ်တွင်တည်းခိုနေထိုင်လျက်ရှိကြောင်း၊ ၎င်းတို့နှစ်ဦးသည် သဗ္ဗညုဘုရားသို့ ပြန်လည် ရောက်ရှိလာပြီး ပစ္စည်းများသည် ယင်းတို့၏ ပစ္စည်းများဖြစ်ကြောင်း ပြောပြပြီး အိတ်အတွင်းပါ ပစ္စည်းများ၏ အမျိုးအမည်များကို မှန်ကန်စွာ ပြောဆိုနိုင်သဖြင့် ဂေါပက ရုံးခန်း၌ ကောက်ယူတွေ့ရှိသူ၏ ရှေ့မှောက်တွင် ပစ္စည်းများကို ပိုင်ရှင်ဖြစ်သူ အီတလီနိုင်ငံသားနှစ်ဦးထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ရဲသူရအောင်(ညောင်ဦး)**

## စက်မှုနှင့်သက်မွေးပညာ ကာလတိုသုံးလသင်တန်း အမှတ်စဉ်(၂)သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

ရခိုင်ပြည်နယ်၌ လူငယ်များအတွက် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် စက်မှုနှင့်သက်မွေးပညာ ကာလတို သုံးလသင်တန်းများကို စက်မှုဝန်ကြီးဌာနက အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ဖွင့်လှစ်ပို့ချလျက်ရှိရာ ကာလတိုသုံးလသင်တန်း အမှတ်စဉ်(၁)အား (၁-၁၂-၂၀၁၄) ရက်နေ့မှ (၂၇-၂-၂၀၁၅) ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးတို့အား သင်တန်းဆင်းအောင်လက်မှတ်များအပ်နှင်းပေးခဲ့ပြီးဖြစ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားကို ယင်းသင်တန်း ကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

စက်မှုဝန်ကြီးဌာနက ရခိုင်ပြည်နယ်ရှိ လူငယ်များအတွက် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် စက်မှုနှင့် သက်မွေးပညာ ကာလတိုသုံးလသင်တန်းအမှတ်စဉ်(၁) နှင့်(၂)တို့ကို ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၄၉ ဦးအား လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ထပ်မံ၍ ကာလတိုသုံးလ သင်တန်း အမှတ်စဉ်(၃)အား ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ထပ်မံဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်



## ခြင်အန္တရာယ် ကင်းဝေးစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေးပက်ဖျန်း

**ဆိပ်ဖြူ ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မိုးတွင်းကာလရောက်ရှိလာသောကြောင့် ခြင်အန္တရာယ်နှင့် ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့တို့က ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အထက ( ဆိပ်ဖြူ) နှင့်အမက (ရွာသစ်) ကျောင်းများ၌ စာသင်ခန်းများနှင့် ကျောင်းပတ်ဝန်းကျင်နေရာများအား ခြင်ဆေးပက်ဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**



ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် ယာယီပိတ်ထားရသောထက်၊ လယ်၊ မူ အခြေခံပညာကျောင်းများ ဩဂုတ် ၂၄ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အစားထိုးဖြည့်စွက်အချိန်ပိုသင်ကြားပေးစဉ်။

စိုးမင်းဦး( ပြန်/ဆက်)

## ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်

**ငါးသိုင်းချောင်း ဩဂုတ် ၂၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဩဂုတ် ၂၂ ရက်က ၂၆ ဒသမ ၇၀ ပေစိုးရိမ်ရေအမှတ်အောက် ဆက်လက်ကျဆင်းနေပြီး ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်ကျေးရွာများဖြစ်သည့် ငဝန်ရပ်ကွက်၊ ရှေ့ဆောင်ရပ်ကွက်၊ ဇီးကုန်းပိုင်းနှင့် မြို့သစ်ရပ်ကွက်ရိုးကြီးလမ်းတို့ ရှိ ရေတွင်း၊ ရေကန်၊ ရေတုံကင်များကိုသက်ဆိုင်ရာ ကျန်းမာရေးဌာနဝန်ထမ်းများက ကလိုရင်းဆေးခတ်ခြင်းနှင့် စစ်ဆေးသန့်ရှင်းခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်မြစ်ကမ်းဘေးတစ်လျှောက် ရေကြီးနစ်မြုပ်ခဲ့သော ရပ်ကွက်၊ ကျေးရွာများရှိ အမက ကျောင်းများတွင်လည်း ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး (ပြန်/ဆက်)**

## ပုန်ခုန်းရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး တံတားဆောက်လုပ်

**တနိုင်း ဩဂုတ် ၂၅**

ကချင်ပြည်နယ် တနိုင်းမြို့ ပုန်ခုန်းရပ်ကွက်တွင် ပုန်ခုန်းကျွန်းဘက်နေထိုင်သူများ မိုးရာသီအချိန်၌ သွားလာရေး အစဉ်ပြေစေရန်နှင့် ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ အဆင်ပြေသွားလာနိုင်ရေး ရည်ရွယ်ပြီး ကိုယ့်အားကိုယ်ကိုး ပျဉ်ခင်းတံတားကို ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီတွင် ပုန်ခုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချုံးကမ် ဦးဆောင်၍ ဆောက်လုပ်ခဲ့ကြသည်။

အဆိုပါတံတားမှာ ပုန်ခုန်းရပ်ကွက် တေဇလမ်းတံတားဖြစ်ပြီး တံတားအရှည်ပေ ၁၀၀၊ အကျယ် ၄ ပေနှင့် စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ်သုံးသိန်းဖြင့် ဆောက်လုပ်နေသည်ဖြစ်ကြောင်း ပုန်ခုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

"ဒီနှစ်တော့ ပျဉ်တံတားပဲ ဆောက်မယ်။ နောက်နှစ်မှ ကွန်ကရစ်တံတား ဆောက်ပေးမယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## မူဆယ်ကုန်တင်ကုန်ချလုပ်သားများက ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့

**မူဆယ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်တောင်ပေါ်ဒေသ ကုန်တင်ကုန်ချအလုပ်သမားများ နယ်စပ်ကုန်သွယ်ရေးဇုန်တွင် အလုပ်သမားဦးရေ ၈၀၀ ခန့် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အလုပ်သမားများသည် ယခုရက်ပိုင်း ကားအဝင်အထွက်နည်းမှုကြောင့် လုပ်အားခကျဆင်းခဲ့ကြောင်း သိရသည်။

လုပ်အားခကျဆင်းခဲ့ရခြင်းမှာ ပို့ကုန်သွင်းကုန်ကားများ နည်းပါးခြင်းကြောင့် ဖြစ်သည်။ ယခင်ပို့ကုန်ကားများမှာ တစ်ရက်လျှင် အစီးရေ ၃၀၀ လောက်ဝင်ရောက်ခဲ့ရာ ယခုရက်ပိုင်း အစီးရေ ၅၀ လောက်သာဝင်ရောက်ခဲ့ကြောင်း၊ အလားတူ သွင်းကုန်ကားများမှာလည်း ယခင် အစီးရေ ၃၀၀ လောက် ဝင်ရောက်မှုရှိပြီး ယခုရက်ပိုင်းအတွင်း ၁၅၀ လောက်သာ ဝင်ရောက်ခဲ့ကြောင်း၊ ယခင်အလုပ်သမားတစ်ယောက်၏ တစ်ရက်လုပ်အားခမှာ ငွေကျပ် ၁၂၀၀၀ ထိ မြင့်တက်ခဲ့ပြီး ယခုအခါ ငွေကျပ် ၇၀၀၀ အထိ ကျဆင်းခဲ့သည်။

အဆိုပါ ကုန်တင်ကုန်ချ အလုပ်သမားများသည် မိမိတို့လုပ်အားခကျဆင်းခဲ့သော်လည်း ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့မှုများပြုလုပ်ခြင်း၊ မူဆယ်ဒေသအတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် လူမှုရေးအသင်းအဖွဲ့များကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့မှုများ စဉ်ဆက်မပြတ် ပြုလုပ်နေကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## ကြည့်မြင်တိုင်မြို့နယ်၌ လုံခြုံရေးအသိပညာပေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၅**

ဩဂုတ် ၂၂ ရက်က ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးအဖွဲ့က ကြည့်မြင်တိုင်မြို့နယ်အတွင်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ရွှေဆိုင်ပိုင်ရှင်များနှင့် ပြည်သူများအား တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သည့် လုယက်မှုဖြစ်စဉ်များအား ချပြရှင်းလင်းပြီး လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် လုံခြုံရေးဝန်ထမ်းများအပြင် နည်းပညာဆိုင်ရာ လုံခြုံရေးဆောင်ရွက်နိုင်သည့် CCTV (Camera) များ တပ်ဆင်ထားကြရန်၊ တပ်ဆင်ထားသည့် CCTV (Camera)များတွင်လည်း Record စက်များ ထားရှိကြရန်၊ မြို့နယ်အတွင်း လုံခြုံရေးကို မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် အင်အားပြည့် နေ့/ညလှည့်ကင်းများဖြင့် ဆောင်ရွက်နေသော်လည်း မိမိတို့လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မသင်္ကာဖွယ်ပစ္စည်းများ၊ လူစိမ်းများ တွေ့ရှိ၍ ထူးခြားမှုရှိပါက သတင်းပေးပို့နိုင်ရန် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

**ဘော်ဂါသွေး**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် “ ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း” အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “ ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စာတိုက်ကွေ့မှာ အရှေ့ဆီ

**ဆူးငှက်**

**ယခင်အပတ်မှ အဆက်**

ထိုမင်္ဂလာဆောင်က ပြန်ထွက်လာမှ ကျွန်တော်လည်း မိမိကိုယ်မိမိ သုံးသပ်မိတော့၏။ ကဗျာဆရာ၏ ဆွေမျိုးအဝိုင်းအဝန်းကပင် မသိသော ငါပါတကားဟူ၍. . .။ ဟုတ်တော့လည်း ဟုတ်သည်။ မြန်မာပြည်သူလူဦးရေ သန်း ၅၀ နီးပါးတွင် မိမိ၏ စာတစ်ပုဒ်တလေ ပုံနှိပ်ဖော်ပြခံရသည့် မဂ္ဂဇင်းက အုပ်ရေသုံးထောင်လောက် အလွန်ဆုံးရှိမှာပေါ့။ ကံအားလျော်စွာ မိမိ၏ စာတစ်ပုဒ်ကို အပျင်းပြေဖတ်မိသူက တစ်ထောင်ပင်ပြည့်မှာမဟုတ်။ မှတ်မှတ်ရရ စွဲလမ်းသူက ဘယ်လောက်ရှိမှာလဲ။ ထိုကဲ့သို့ တွေးမိသောအခါ ‘ငါ’ ဟူသော မာနသည် အငိုစိရောက်အောင် ဖောက်ထိုးမိုးမျှော် တလိမ့်ခေါက်ကွေး ကျသွားတော့သည်။

ဤကဲ့သို့ စိတ်ဓာတ်အကျကြီးကျသည်က အကြိမ်ကြိမ်. . . .။ တစ်နှစ်ဆီကလည်း မန္တလေးရှိ တက္ကသိုလ်ကြီးတစ်ခုက စာပေဟောပြောပွဲဖိတ်၏။ သည်လိုအဆင့်မြင့် တက္ကသိုလ်ကြီးက ‘ဆူးငှက်’ကို တလေးတစား ဟောပြောပွဲဖိတ်သည်ဆိုတော့ ‘ငါ’ ဟူသောမာနက ငယ်ထိပ်ဝင်ဆောင့်တော့သည်။ ‘ငါ့စာတွေဖတ်၊ ငါ့စာဖတ်ပရိသတ်’ ကြားမှာ ‘ငါဟဲ့. . . ဆူးငှက်’ဆိုကာ ခေါင်းတမော့မော့၊ မာန်တဝင့်ဝင့် ပြရချေတော့မည်ဟူလို့. . . .။

ဤသို့ဖြင့် နေ့လယ်ပိုင်းဟောပြောပွဲစတင်သောအခါ စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီဝင် ဆရာမကြီးတစ်ဦးကို တစ်နာရီသာသာ စောင့်နေရသည်၊ ကိစ္စမရှိ။ ဟောပြောခန်းမထဲသို့ ကျောင်းသူ ကျောင်းသားတွေ အလျှိုလျှို ဝင်လာတာကိုကြည့်၍ ပီတိဖြစ်နေမိ၏။ ဆရာမကြီး ကမန်းကတန်းရောက်လာသော အခါ ဟောပြောပွဲအခမ်းအနား စတင်ပါတော့သည်။ မိမိနှင့်ဟောပြောမည့် ပုဂ္ဂိုလ်များက မိမိထက်သက်ကြီးဝါကြီး ဆရာကြီး သမားကြီးများမို့ မိမိ ကပဲ ကနဦး ဟောပြောရသည်။ ထုံးစံအတိုင်း စာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီက အမှာစကားပြောရဦးမှာမို့ ဆရာမကြီးက တာဝန်ယူ ပြောကြားသည်။ နတ်တော်လရာသီမို့ ရှေ့အစဉ်အဆက် စာဆိုတော်ကြီးများ ဂုဏ်ပြုသည့် ပွဲဖြစ်ကြောင်း၊ ယခုတက္ကသိုလ်ကြီး အစဉ်အလာအတိုင်း စာရေးဆရာကြီးများကို နှစ်စဉ်ဖိတ်ကြား၍ ဟောပြောပွဲများ မပျက်မကွက် ကျင်းပခဲ့ကြောင်း ပြည့်စုံလုံလောက်စွာ ပြောကြားသွားပါ၏။ သို့သော်. . . . .

ထိုသို့သော်က. . . စတင်ဟောပြောရန် ပြင်ဆင်အားတင်းထားသည့် မိမိအဖို့ စိတ်ဓာတ်အကျကြီးကျကာ ဟောပြောမည့်အကြောင်းအရာကို မမေ့မလျော့ အဆင်ပြေအောင် အတော် အားတင်းလိုက်ရတော့သည်။ ဆရာမကြီး၏ အမှာစကားနိဂုံး၌ “ ယခု ဟောပြောကြမည့် စာရေးဆရာကြီးများအနက် ပထမဦးဆုံး စာရေးဆရာ ‘ စူးနစ်’ အဲ . . . အဲ (စာရွက်ကို သေချာပြန်ဖတ်ပြီး) “ ဆူးနက်” က ဟောပြောပါလိမ့်မယ်ရှင်” ဟုကြေညာသွားသောကြောင့် ဖြစ်သည်။ ထို့နောက်ဆရာမကြီးက စင်မြင့်ပေါ်တက်ရန် ထိုင်ရာမှ မတ်တတ်ရပ်နေစဉ် အပြေးအလွှားအနားလာပြီး “ ဆရာ . . . ကျွန်မကို ခွင့်ပြုပါဦးနော်၊ ကလေးကျောင်းကြိုချိန်ရောက်နေလို့” ဟု တောင်းပန်ကာ ပြန်သွားချေသည်တကား။

တစ်ခါကတော့ မိမိအလုပ်နှင့် သက်ဆိုင်ပါသည်။ မြန်မာပြည်အလယ်ပိုင်း မြို့နယ်တစ်နယ်မှ မြို့နယ်မဂ္ဂဇင်းတစ်အုပ် မိမိထိုင်သော အလုပ်တိုက်သို့ လာရောက်အပ်နှံပါသည်။ မန်နေဂျာက လုပ်ငန်းနှင့်ပတ်သက်၍ အပ်နှံသူ စိတ်တိုင်းကျစေရန်အလို့ငှာ ယခုလက်ခံရိုက်နှိပ်ပေးမည့် မဂ္ဂဇင်းကို စာရေးဆရာများကိုယ်တိုင် ကြီးကြပ်စီစဉ်ပေးမှာဖြစ်ကြောင်း စကားခံကာ မိမိကို စာအုပ်အပ်နှံသူ မြို့နယ်မှ မဂ္ဂဇင်းကော်မတီများနှင့် မိတ်ဆက်ပေး၏။ ထို့နောက် အလုပ်အပ်နှံပြီး ထိုသူများပြန်သွားကြသည်။ မဂ္ဂဇင်းကို ကိုင်နေစဉ်အတွင်း ထိုပုဂ္ဂိုလ်များ မဂ္ဂဇင်းကိစ္စဖြင့် တိုက်သို့ဖုန်းဆက်တိုင်း မိမိမှာ ခေါင်းနားပန်း ကြီးရတော့၏။ အဘယ့်ကြောင့်ဆိုသော် မိတ်ဆက်ပေးစဉ်က “ ဆူးငှက်” ဆိုသော ကလောင်နာမည်ကို မှတ်မိပုံမပေါ် . . ။ “ငှက်ဆူး” ရှိပါသလားဟုချည်း ဖုန်းခေါ်လေတော့၏။ ထိုအသံကြားတိုင်း မိမိနားမှာ ‘ငှက်ဆူး’ ထက် ‘ ငှက်ဆိုး’ ဟုချည်း ကြားယောင်မိကာ ရင်တုန်ပန်းတုန် ဖြစ်ရခြေသည် တစ်မုံ့။

ပြောလက်စဖြင့် ပြောရဦးမည်။ ထိုကိစ္စကတော့လည်း သေချင်လောက်အောင် စိတ်ဆင်းရဲရသည့်အဖြစ်ပင် . . . ။ မိမိပြောခဲ့သည့် အတိုင်း စာပေနှင့် ပတ်သက်၍ ဟောပြောပွဲများတွင် ကိုယ်ရေးရာဇဝင်ရေးတိုင်း ဘယ်နှခုနှစ်ကတည်းက စာ စရေးကြောင်း၊ ဝတ္ထုတို အပုဒ်လေးငါးခြောက်ဆယ်ရေးပြီးကြောင်း၊ ဆောင်းပါးပုဒ်ရေလည်း ရာဂဏန်းရေးပြီးကြောင်း၊ ဝတ္ထုတို ပေါင်းချုပ် ဘယ်နှအုပ်ထုတ်ပြီးကာ ဝတ္ထုတိုတချို့ကို ဂျပန်မှာပင် ဂျပန်ဘာသာဖြင့် ပုံနှိပ်



ပြီးကြောင်း၊ ဘယ်မဂ္ဂဇင်းကြီး၏ ပင်တိုင်ဆောင်းပါးရှင်ကြီးဖြစ်ကြောင်း ရေးသားဂုဏ်ဖော်ရတာ အရသာရှိလှ၏။ ထိုအရသာကို အမြိန့်သား ခံစားနေစဉ်ပင် တစ်နေ့သ၌ အိမ်သို့ နယ်မှစာပေမိတ်ဆွေတစ်ဦး ဆိုက်ကားတစ်စီးဖြင့် ရောက်လာသည်။ မိမိက အိမ်ထဲမှာရှိ၏။ အပြင်မှာက မိမိအဒေါ်ကို မေးနေပုံရသည်။ ‘လိပ်စာအရတော့ ဒီအိမ်ပဲ’ဟု ဆိုက်ကားဆရာက ဖြေသည်။ သို့သော် အဒေါ်က ဒီအိမ်မှာ ဒီနာမည်မရှိဟု ငြင်းနေပုံရသည်။ ဒါမျိုးကလည်း မကြာခဏကြုံနေကျမို့ မိမိကဂရုမစိုက်မိ။ ဒီလိုနဲ့နာမည်မှန် လိပ်စာမှန်ကို သိပါက ညွှန်းလိုက်တာနှင့် ကိစ္စပြီးသွားနိုင်သည်။ ဤသို့ မှတ်ထင်မိပါ၏။ သို့သော် အဒေါ်က စိတ်တိုတိုနှင့် ဧည့်သည်ကို အော်ဟစ်ပြောလိုက်သံကြားမှ မိမိဧည့်သည်ပါလားဟု ရုတ်ခြည်းသိကာ အပြေးအလွှားထွက်ပြီး ခရီးဦးကြိုရသည်။ အဒေါ်ဖြစ်သူ စိတ်တိုတို ပြန်ဖြေလိုက်တာက-

“အဲတော့. . . ‘ကြက်ဆူး’လေ၊ ‘ငှက်ဆူး’လေတော့ မသိဘူး။ တောင်ဘက်အိမ်တော့ တစ်နေ့ကမှ တရုတ်တွေပြောင်းလာကြတာ၊ မေးကြည့်လိုက်ဦး” ဟူ၍. . .။

ဩော်. . . မိမိကိုယ်မိမိ စာရေးဆရာကြီးဟု လက်မထောင်ခဲ့မှုကို အိမ်က အတူနေ အဒေါ်အရင်းခေါက်ခေါက်ကပင် မသိပါချေတကား။

ကျွန်တော်သည် မည်သည့်အချိန်ဖြစ်စေကာမူ ဗိုလ်ဗထူးလမ်းအတိုင်း အရှေ့တက်၍ အနောက် (၄၅) တာပေါက် ရောက်တိုင်း မိတ်ဆွေ ကဗျာဆရာ့သမီး မင်္ဂလာဆောင်ကိုသတိရကာ ထိုကိစ္စများကို တသီကြီးသတိရတော့သည်။ သတိရတိုင်း စက်ဘီးနင်းရင်း ပြုံးရယ်မိသည်။ ဘယ်သူမပြုမိမိမှုဟုပဲ အောက်မေ့မိသည်။ မည်သို့ဆိုစေ မဂ္ဂဇင်းတွေထဲက မိမိရေးလိုက်သော စာလေးတစ်ပုဒ်ထဲက အကြောင်းအရာလေးတစ်ခုကိုပင် မှတ်မှတ်ရရ မေးဖော်၊ ပြောဖော်၊ သတိရဖော်၊ ရွတ်ပြဖော်ရသည့် စာဖတ်ပရိသတ် တစ်ဦးတလေလောက် တွေ့လိုက်ရသည်နှင့်ပင် ထိုကသိကအောက် ကိစ္စအားလုံးမေ့လျော့ကာ ပီတိတွေဖုံးပြီး မင်္ဂလာစုံတွဲ ထီပေါက်သူထက်ပင် ဝမ်းမြောက် ပီတိဖြစ်ရသည့် ထူးဆန်းသူများကား“စာရေးဆရာ”ဟူသော လူများ၌သာ တွေ့ရပေလိမ့်မည်။ အံ့ဩဖွယ်ကောင်းလေစွ။

ထိုနေရာရောက်တိုင်း ထိုသို့ရောက်တိုင်း ထိုသို့အမြီးအမောက် မတည့်ဖွယ်ကိစ္စများကို စဉ်းစားမိသလို၊ စိတ်ထဲဝယ် နင့်ခနဲ ခံစားခဲ့ရသည့်ဖြစ်ရပ်ကိုလည်း မေ့မရပါချေ။ ထမင်းဆိုင်လေးတစ်ဆိုင်မှာ ဖြစ်၏။ ထမင်းဆိုင်လေးက ထိုအနားလေးမှာပင် ရှိခဲ့ဖူးသည်ဟု ဆိုကြပါစို့။

တကယ်တော့ ထမင်းဆိုင်ဟုဆိုသော်လည်း စားပွဲနှင့် ကုလားထိုင် ကျကျနနမဟုတ်။ စတီးဇလုံကြီးများ၊ ကြွေရည်သုတ် ထမင်းအုပ်များ၊ ဝင်းလက်ဒန် အိုးကြီးများနှင့်လည်း ခမ်းခမ်းနားနားမဟုတ်။ ထမင်းဆိုင်လေးက ဇရပ်လေး တစ်ဆောင်၏ အဖီလေးထဲမှာ ရှိသည်။ ထမင်းဆိုင်ပုံစံထက် အိမ်ငှား တစ်ဦး၏ မီးဖိုချောင်လေးနှင့် ပို၍တူပါသည်။ မီးခိုးတအူအူ ထင်းမီးဖို၏ ဖိုခနောက်ပေါ်မှာ အိုးမည်းနှင့် ဆီချေးညှိတက်နေသော မြေအိုးသုံးလေးလုံးရှိသည်။ သူ့အိုးနှင့်သူ့စလောင်းအံမဝင်သော အိုးဖုံးတွေကလည်း ဆီချေးအထပ်ထပ်။ ခနော်ခနဲ့ စင်ကလေးပေါ်မှာ မီးဖိုပေါ်က မြေအိုးများ ထက်အနည်းငယ်အိုးမည်းနှင့် ဆီချေးနည်းသည့် ဒန်အိုးသုံးလုံးလောက်ရှိသည်။ ထိုဒန်အိုးများကလည်း ထုံးစံအတိုင်း သူ့အိုးနှင့် သူ့အဖုံး မဟုတ်တာ သေချာ၏။ အိုးဖုံးများက ‘လ’မျက်နှာပြင်လိုခွက်တာခွက်၊ မောက်တာမောက်၊ ထိုအိုးဖုံးပေါ်မှာ လက်ကိုင်မဲ့ ဟင်းခတ်ဇွန်းကြီးရှိသည်။ ပြီးတော့ ဇလုံသုံးလေးလုံးရှိမည်။ စင်အောက်ခြေမှာထမင်းလုံး၊ ဟင်းဖတ်များနှင့် ဆီဝေ့နေသည့် အင်တုံကြီးတစ်လုံး ရှိမည်။ ဒန်အိုးတွေတင်ထားသည့် ခနော်ခနဲ့ စင်ရှေ့မှာလည်း လိုက်ဖက်ညီစွာခနော်ခနဲ့ ခုံတန်းတစ်ခုရှိသည်။ ထမင်းဆိုင် အပြင်အဆင်က ဒါပါပဲ။ မလှမ်းမကမ်းမှာ အမှိုက်ပုံရှိသည်။ ဇရပ်ဟောင်း တစ်ဆောင် ရှိသည်။ ခပ်လှမ်းလှမ်းမှာ စောင်းတန်းတစ်သွယ်ရှိသည်။ အမှိုက်ပုံမှာက ဘုရားစင်အဟောင်းများ၊ စောင်းတန်းဈေးဆိုင်များမှ အမှိုက်များ မကြာမကြာ လာပစ်ကြသည်။ ထို့ကြောင့် အနားမှာ ပီနံအိတ်ဟောင်းကြီးများ လွယ်ထားသည့် ပလတ်စတစ်ကောက်သူ ကလေးငယ်သုံးလေးဦးကလည်း အမြဲရှိသည်။ ဇရပ်ဟောင်း တစ်ဆောင်ထဲမှာ ကျူးကျော်မိသားစု၊ သို့မဟုတ် အခြေအနေမဲ့မိသားတစ်စု ခေတ္တတည်းခိုနေဟန်ရှိ၏။ ထိုမိသားစု၏ ဘုစုခရု ကလေးငယ်လေးတွေက ထမင်းဆိုင်နှင့် ဇရပ်ကြားမှာ ပြေးလွှားဆော့ ကစားနေကြသည်။ အပျိုပေါက်အရွယ် ကလေးမလေးကလွဲလို့ ကျန်ကလေးတွေမှာ လက်ပြတ်စွပ်ကျယ် တိုနံ့နံ့(သို့မဟုတ်)မတန်သော ကြီးမားရှည်လျား လက်စကစွပ်ကျယ်(သို့မဟုတ်) အင်္ကျီတုံးလုံးလေးများနှင့် ဖြစ်သူချည်းသာ။ တူညီတာတစ်ခုက ဗိုက်ပူနံကား။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

---

## ဒသမအကြိမ်မြောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

မန္တလေးမြို့တော်ကြီးအား ဥယျာဉ်မြို့တော်ကြီး (Green City) ဖြစ်ပေါ်လာစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အဘက်ဘက်မှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို မြို့နယ်အလိုက်စီမံချက်ချမှတ်၍ ကျင်းပဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ ဩဂုတ် တတိယပတ်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဒသမအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂ လမ်းမှ ချမ်းမြသာစည်မြို့နယ် မန္တလေးကန်တော်ကြီးပတ်လမ်းအထိ သင်္ဂဇချောင်းတစ်လျှောက်၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအကြံပေးအဖွဲ့ခေါင်းဆောင် ဦးပိုမြင့်၊ အဖွဲ့ဝင်ဦးညွှန့်မောင်၊ စည်ပင်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့်ဌာနမှူးများ၊ စည်ပင်ဝန်ထမ်းများ တက်ရောက်၍ သစ်ပင်များကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

### ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ထောင်ဆေးစိမ်ပေး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ခြင်ထောင်ဆေးစိမ်ပေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီက မြို့မရပ်ကွက်ဘုန်းကြီးကျောင်း၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခြင်ထောင်ဆေးစိမ်ပေးခြင်းလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်(၃) ရပ်ကွက်၌ အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချန်လော(ပြန်/ဆက်)**

### ပြလို့ကျေးရွာ၌ ဝါး၊ ကြိမ်၊ အခြေခံလက်မှုသင်တန်းဖွင့်

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ရည်ရွယ်ချက်ဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျေးလက်နေပြည်သူများအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ပြလို့ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် ဝါး၊ ကြိမ် အခြေခံလက်မှုသင်တန်းကို ဩဂုတ်လ တတိယပတ်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကျေးရွာ ၁၀ ရွာမှ တစ်ရွာလျှင် သင်တန်းသား သုံးဦးစီဖြင့် စုစုပေါင်း သင်တန်းသား ၃၀ ကို သင်တန်းပို့ချလျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



### ပါလျှိုး/ကျိုင်းလပ်ဒေသ၌ လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပါလျှိုး/ကျိုင်းလပ်ဒေသကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ယခင် ၄၂ ဒသမ ၅ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဌာနဆိုင်ရာများအပါအဝင် မီးသုံးသူ ၇၃ ဦးကို ဓာတ်အားဖြန့်ဖြူးပေးထားရာမှ ဇူလိုင် ၃၀ ရက်က စတင်၍ ကတ္တပီလာ အမျိုးအစား ၂၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ကြီးဖြင့် ကျိုင်းလပ် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအပါအဝင် မီးသုံးသူ ၂၅၀ အား တိုးချဲ့ ဓာတ်အားဖြန့်ဖြူးပေးထားပြီး ထပ်မံ၍ ကျန်အိမ်ထောင်စုများကို ဓာတ်အား ပေးနိုင်ရန် အိမ်သုံးမီတာများ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး ဆွာချောင်းတံတားပေါ် ကုန်တင်ယာဉ်အချို့ ညဘက် ဖြတ်သန်းနေ၍ ဒေသခံများဝိုင်းဝန်းတားဆီးနေရ



**ရေတာရှည် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နှင့် အရှေ့ဘက်ဒေသတစ်ခွင် ကျေးရွာများနှင့် ကူးလူးသွားလာမှု အဆင်ပြေစေရန် အလှူရှင်များစုပေါင်းကာ ငါးနှစ်ကျော်ကြာ တည်ဆောက်ခဲ့ရသော လူကူးကွန်ကရစ် တံတားပေါ်မှ ညဘက်လူအများအိပ်ချိန်၌ ကုန်တင်ယာဉ်ငယ်များ ဖြတ်သန်းမောင်းနှင်သည်ကို တံတားအရှေ့ဘက်ထိပ်ရှိ ရေနီကျေးရွာ ဒေသခံများက ဩဂုတ် ၂၃ ရက် ည ၁၀ နာရီခွဲက ဝိုင်းဝန်းတားဆီးခဲ့ကြောင်း သိရသည်။

ငွေကျပ်သိန်းပေါင်း ၁၃၀၀ ကျော် အကုန်ကျခံကာ ၂၀၀၅ ခုနှစ်က စတင်၍ စုပေါင်းတည်ဆောက်ခဲ့သော အဆိုပါတံတားမှာ အိမ်စီးယာဉ်ငယ်များသာ ဖြတ်သန်းသွားလာခွင့်ပြုထားပြီး ကုန်တင်ထားသည့်ယာဉ်များအား တံတားခံနိုင်ရည်ကျဆင်းမည်စိုးသဖြင့် မောင်းနှင်ခွင့်မပြုထားကြောင်း ဒေသခံများက ပြောပြသည်။

"ဒီတံတားကြီးက အများစုပေါင်း လှူဒါန်းငွေတွေနဲ့ တည်ဆောက်ခဲ့ရတာပါ။ တံတားကို အားလုံးက ဝိုင်းဝန်း ထိန်းသိမ်းကြရမှာ ဝိသမလောဘသမားတွေကြောင့် ဒီတံတားကြီးကို အပျက်အစီး မခံနိုင်လို့ ကျွန်တော်တို့က ဝိုင်းတားတာ။ နောက်လည်း ကျွန်တော်တို့က အနီးဆုံးမှာရှိနေကြတာဆိုတော့ စောင့်ကြည့်နေရမှာပဲ"ဟု ရေနီကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ဆွာချောင်း အရှေ့ဘက်ခြမ်း ဒေသများတွင် ကျေးရွာပေါင်း နှစ်ဆယ်ကျော်ရှိကာ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများအတွက် အဓိကအားထားသွားလာလျက်ရှိကြပြီး တံတားကြီး ရေရှည် တည်တံ့စေရန် ခံနိုင်ရည်ထက်ပိုသောယာဉ်များ မောင်းနှင်မှုရှောင်ကြဉ်သင့်ကြောင်း သုံးသပ်ဝေဖန်မှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

# မိုးညှင်းမြို့၌ အသားစားဖားဈေးမြင့်လျက်ရှိ

**မိုးညှင်း ဩဂုတ် ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ အသားစားဖားရောင်းသူများ ရှားပါးသဖြင့် ဈေးကွက်တွင် ဖားတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ ဈေးအထိ စားသုံးသူနှင့် ရောင်းသူ အရောင်းအဝယ် ဖြစ်နေပြီး အိမ်မွေးသဘာဝ ကြက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဈေးဖြစ်နေရာ အသားစားဖားများလည်း ကြက်သားဈေးနှင့် တူညီလျက်ရှိကြောင်း သိရသည်။

အသားစားဖားများ ရှားပါးလာခြင်းကြောင့် လွန်ခဲ့သည့် နှစ်တွေကကဲ့သို့ လွယ်ကူစွာ မရနိုင်တော့ဘဲ ခက်ခက်ခဲခဲ ရှာဖွေရကြောင်း ဖားရှာဖွေသူတစ်ဦးက ပြောသည်။

လွန်ခဲ့သည့်နှစ် မိုးကာလတွင် မိုးညှင်းမြို့ပေါ် ရပ်ကွက်များ၌ပင် ရေမြောင်းများ၊ လမ်းမများပေါ်တွင် ဖားရိုက်ဖမ်းဆီးသူများ တစ်ဦးလျှင် အနည်းဆုံး အကောင် ၁၀၀ ကျော် ၂၀၀ အထိ ရရှိခဲ့ကြသော်လည်း မကြာမီရက်က ဖားရိုက် လူငယ်များအား မေးမြန်းကြည့်ရာ "ဖားရိုက်ဖမ်းနေတာ နှစ်နာရီကျော် ကြာပြီ။ ဖား တစ်ကောင် နှစ်ကောင်သာရလို့ တွက်ခြေမကိုက်ပါဘူး။ မနှစ်ကဆို တစ်နာရီကို အနည်းဆုံး ၅၀ ကျပ်သားကျော်တော့ ရပါတယ်။ ဒီနှစ်တော့ ဖားတွေပျောက်နေတယ်" ဟု ပြောသည်။

အသားစား ဖားများ ရှားပါးရခြင်းနှင့် စပ်လျဉ်း၍ ဟင်းရွက်သီးနှံပင်များ၊ ပန်းပင်များစိုက်ပျိုးသူတို့က လိုအပ်ချက်အရ ပိုးမွှားအန္တရာယ်ကို ပိုးသတ်ဆေးဖြင့် ကာကွယ်ဆေးဖျန်းခြင်းကြောင့် ဖားမျိုးပွားဥများ၊ ပေါက်ဖွားစ ဖားကောင်ငယ်လေးများအား ပိုးသတ်ဆေး ထိတွေ့ခံရ၍ ရှင်သန်မှု နည်းပါးရသည်ဟုလည်း အချို့က ထင်မြင်ပြောဆိုလျက်ရှိသည်။

**(ဝ၆၃)**

# ရေဘေးသင့်တောင်သူများအား မျိုးစပါးထောက်ပံ့

**မင်းဘူး ဩဂုတ် ၂၅**

မင်းဘူး(စကု)မြို့နယ်တွင် ဇူလိုင်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် မန်းချောင်းနှင့် ဧရာဝတီမြစ်ရေကြီးပြီး သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။




အဆိုပါ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သော သီးနှံစိုက်ခင်းများအနက်မှ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၏ အစီအစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အခြေစိုက် ရတနာဧရာ ကျေးလက်ဒေသ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် ချမ်းမြေ့ရေကြည်ပရဟိတအသင်းအဖွဲ့များထံမှ အကူအညီရယူ၍ မျိုးစပါးထောက်ပံ့ပေးအပ်ခြင်းများကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည်။

မျိုးစပါးထောက်ပံ့ပေးအပ်ပွဲတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျောက်စံ၊ ကံသစ်၊ ကံကုလား၊ ပေါင်းရွာ၊ လက်ခုပွင့်၊အလံပါယ်၊ မယ်ဘော့ကုန်း၊ သနပွင့်စုနှင့် ပေါက်ငုကျေးရွာအုပ်စုရှိ တောင်သူ ၃၂၂ ဦးအား မျိုးစပါးတင်း ၃၆၀ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# မြေပဲဆီဈေးနှုန်းက စားအုန်းဆီထက် ငါးဆကြီး၊ ကြက်သွန်နီပိဿာချိန်နှစ်သောင်းခန့်သာအဝင်ရှိ၍ ဈေးပြန်တက်လာနိုင်

**ရန်ကုန် ဩဂုတ် ၂၅**

ဩဂုတ် ၂၂ ရက်က ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီအလယ် လက်ကားဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၁၃၈၀ သာရှိသည်။ မြေပဲဆီ ဈေးနှုန်းမှာ လက်ကား ဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၇၅၀၀ ထိရှိရာ စားအုန်းဆီဈေးနှုန်း၏ ငါးဆအထိ ရှိနေသည်ဟု စားသုံးဆီအရောင်းဆိုင်များမှ သိရသည်။

လက်ကား ဟင်းရွက်ဆီ တစ်လီတာဘူး ၁၂ ဘူးပါ တစ်ဖာလျှင် တံဆိပ်ပေါ်မူတည်၍ ငွေကျပ် ၁၅၀၀၀ မှ ၁၆၃၀၀ အတွင်းရှိရာ လက်ကား တစ်လီတာဘူး တစ်ဘူးလျှင် ငွေကျပ် ၁၂၅၀ မှ ၁၃၆၀ အတွင်းရှိသည်။ စားအုန်းဆီကုန်ဆီမှာမူ အလေးချိန် ၆၅ ကျပ်သား တစ်လီတာလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၉၀၀ ဝန်းကျင်သာကျသင့်သည်။

စားအုန်းဆီပြည်ပ FOB တစ်တန်ဈေးနှုန်းမှာ ဩဂုတ် ၂၁ ရက်က ဒေါ်လာ ၅၄၅ ဒေါ်လာသာရှိပြီး ဗဟိုဘဏ်ငွေလဲနှုန်း ၁၂၈၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၃၂၆ ကျပ်သာရှိသည်ဟု စားအုန်းဆီနေ့စဉ် ဈေးနှုန်းများအရ သိရသည်။ နေ့စဉ်ဝယ်ယူသုံးစွဲနေရသော အခြေခံစားကုန်များတွင် စားအုန်းဆီဈေးနှုန်းသည် ပြည်ပဈေးနှုန်း အနိမ့်သို့ကျဆင်းမှုကြောင့် ပြည်တွင်းတွင် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနေရသည်ဟု ဆီရောင်းချသူတစ်ဦးက ဆိုသည်။

ဩဂုတ်လ ပထမပတ်အတွင်း မြင့်တက်ခဲ့သော ကြက်သွန်ဈေးနှုန်းများ ဩဂုတ်လ ဒုတိယပတ်ကုန်မှ စ၍ ကျဆင်းလာရာ ဩဂုတ် ၂၀ ရက်တွင် ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၅၀၀-၇၀၀-၈၀၀-၈၅၀ နှုန်းထိ ကျဆင်းလာသည်။

သို့သော် ဩဂုတ် ၂၁ ရက်က ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၇၂၀၀၀၊ ဩဂုတ် ၂၂ ရက်က၁၈၀၀၀ သာဝင်ရောက်မှုရှိသဖြင့် ဩဂုတ် ၂၂ ရက်က ၅၂၅-၇၅၀-၈၅၀-၉၂၅ ကျပ်နှုန်းသို့ ပြန်လည်မြင့်တက်လာသည်။

ဩဂုတ် ၂၂ ရက်က ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီအဝင် သိသာစွာလျော့ကျလာသဖြင့် ဖွင့်ရက် ဩဂုတ် ၂၄ ရက်တွင်ကြက်သွန်နီ အဝင်ဆက်လက်နည်းနေပါက ကြက်သွန်နီဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၀၀ နှုန်းပြန်လည်မြင့်တက်ရန် ရန်ကုန်ဈေးကွက်ရှိ ကြက်သွန်နီပွဲရုံအချို့မှ စီစဉ်နေသည်ဟု ငုဝါလမ်းရှိ ကြက်သွန်နီပွဲရုံပိုင်ရှင် ကိုမျိုးက ဆိုသည်။ ယင်းဈေးနှုန်းအတိုင်း ဈေးမြင့်တက်ခဲ့ပါက ကြက်သွန်နီဈေးနှုန်းသည် ဩဂုတ်လ ပထမပတ်ကုန် ဩဂုတ် ၆ ရက်ဈေးနှုန်းဖြစ်သော ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာငွေကျပ် ၇၀၀-၉၀၀-၁၀၀၀-၁၀၅၀ နီးပါး ပြန်လည်မြင့်တက်လာနိုင်သည်ဟု ကြက်သွန်နီဝယ်ယူနေသူတစ်ဦးက ဆိုသည်။

ဩဂုတ် ၆ ရက်က ရှမ်းအာလူးတစ်ပိဿာ ငွေကျပ် ၅၂၀-၇၂၀-၉၀၀-၉၅၀ ထိ ကြက်သွန်နီဈေးနှုန်းသို့ မြင့်တက်ခဲ့သော်လည်း ဩဂုတ် ၂၂ ရက်က ငွေကျပ် ၄၀၀-၅၀၀-၅၅၀-၅၈၀ နှုန်းသို့ ဈေးကျဆင်းလာသည်။

ပြည်ပမှ ဝင်ရောက်လာသော သကြားများ မူဆယ်နယ်စပ်သို့ အပို့များသဖြင့် ရန်ကုန်ဈေးကွက်တွင်ဩဂုတ်လ တတိယပတ်အတွင်း တစ်ပိဿာ ငွေကျပ် ၁၂၀၀ ဝန်းကျင်သို့ဈေးမြင့်တက်လာသည်။ ဩဂုတ်လဆန်းတွင် ပြည်ပမှ ဝင်ရောက်လာသော သကြားတစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၀၉၀ နှုန်းသာရှိခဲ့သည်ဟု သကြားရောင်းချသူတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**

# အရှိန်မထိန်းနိုင်သဖြင့် ပြည်လမ်းမပေါ်တွင် ယာဉ်နှစ်စီးတိုက်မှုဖြစ်

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အင်းလျားကန်နှင့် ပြည်လမ်းမီးပွိုင့်အနီး၌ ဩဂုတ် ၂၃ ရက် ည ၉ နာရီခွဲက ယာဉ်နှစ်စီး အရှိန်လွန်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ ရက် ည ၉ နာရီခွဲခန့်က ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 7H/. . . ကယ်ဒီနာဘန်ယာဉ်သည် အင်းလျားကန်နှင့် ပြည်လမ်းမီးပွိုင့်အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ ပြည်လမ်းအတိုင်း လမ်းလယ်မှ မြောက်မှတောင်သို့မောင်းနှင်လာသော 5E/. . . ယာဉ်ကို ဝင်ရောက်တိုက်မိရာ 5E/. . . . ယာဉ်မှာ လည်ထွက်သွားပြီး လမ်းလယ်ရှိ ဘလောက်တုံးဝါများအား ဆက်လက်တိုက်မိသဖြင့် ရှေ့ဦးခေါင်းပိုင်း ကြေမွပျက်စီးပြီး ဘယ်ဘက်ဘော်ဒီပိန်ချိုင့်သွားခဲ့သည်။ 7H/. . . ယာဉ်မှာ ဦးခေါင်းပိုင်း ကြေမွပျက်စီးသွားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**



# ဝက်သည်းဘေးမဲ့ကန်ကြီးတွင် တိရစ္ဆာန်များ ဖမ်းဆီးခံနေရ

**စလင်း ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန်ကြီးအား ဒေသခံ ပရဟိတများက ဝိုင်းဝန်းပြုပြင်လျက်ရှိပြီး ၁၉၅၃ ခုနှစ်ကပင် နိုင်ငံတော်အစိုးရက ဘေးမဲ့ကန်အဖြစ် သတ်မှတ်၍ ကန်တွင်းမှ သဘာဝတောရိုင်း တိရစ္ဆာန်များနှင့် ငါးများဖမ်းဆီးခြင်းအား တားမြစ်ကာကွယ်ခဲ့သည်။

သို့သော် သားငှက်များ ဖမ်းဆီးခြင်း၊ ငါးပိုက်တန်းချ၊ ကျဉ်စက်ထိုးဖမ်းဆီးခြင်းများ ပြုလုပ်နေကြ၍ ရေပျော်ငှက်များ ငါးမျိုးစိတ်များ ပြုန်းတီးနေသဖြင့် ဒေသခံများက ကန်ကြီးအား စည်းကမ်းတကျ တာဝန်ရှိသူများက ကြပ်မတ်ထိန်းသိမ်းပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်( စလင်း)**



# တန်ဖိုးနည်း ထမင်းနှင့် ဟင်းလျာများ ရောင်းချ

**ရေတာရှည် ဩဂုတ် ၂၅**

စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေကြရသောပြည်သူများကို တစ်ဖက်တစ်လမ်းမှ သက်သာမှုရရှိစေရန် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့၌ ဩဂုတ် ၂၂ ရက်က နယ်မြေခံ တပ်ရင်းမိသားစုဝင်များက တန်ဖိုးနည်း ထမင်းနှင့်ဟင်းများကို ရောင်းချခဲ့ရာ ထမင်းနှင့် သီးစုံကုလားပဲဟင်းတစ်ပွဲ ငွေကျပ် ၂၀၀၊ ထမင်းနှင့် ကြက်ဥဟင်းတစ်ပွဲ ငွေကျပ် ၂၀၀၊ ထမင်းနှင့် အသားဟင်းတစ်မျိုး ငွေကျပ် ၃၀၀ ဖြင့် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။

**ကိုလွင်(ဆွာ)**

# ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိပြီး နှစ်ဦးသေဆုံး

**ရေတာရှည် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းတွင် ဩဂုတ် ၂၃ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ အမျိုးသားနှစ်ဦး သေဆုံးခဲ့သည်ဟု သိရသည်။

ဖြစ်စဉ်မှာ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း အနောက်မှ အရှေ့ဘက်သို့ မောင်ထူး မောင်းနှင်သော ဖီကွန် ၁၁၀ ယာဉ်၏နောက်တွင် သစ်တုံးအချို့တင်ဆောင်ကာ မောင်းနှင်လာစဉ် ကန်သာယာရပ်ကွက်အနီးအရောက် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဝင်းနိုင်မောင်းနှင်ပြီး မသဲအိစံ၊ ဇော်မင်းဦး (၁၀) မိုင်ကျွန်းစိုက်ခင်းနေသူတို့ လိုက်ပါစီးနင်းလာသည့် လော်ဂျား ၂၀ယ/. . . ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ဆိုင်ကယ်နှစ်စီးစလုံး တိမ်းမှောက်သွားကာ ကိုဝင်းနိုင်၊ ကိုဇော်မင်းဦး၊ မောင်ထူးတို့မှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့သဖြင့် မသဲအိစံ၌ ဒဏ်ရာများရရှိကာ ကိုဝင်းနိုင်သည် ဆွာတိုက်နယ်ဆေးရုံအရောက် သေဆုံးသွားခဲ့ပြီး ဇော်မင်းဦးမှာ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးအရောက်တွင် သေဆုံးသွားခဲ့ရာ သာဂရနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အကောက်ခွန်မဲ့ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

**မူဆယ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် မူဆယ်ခရိုင် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် အေးရှားဝေါလ်ဂိတ်တွင် Mitsubishi Express ခရီးသည်တင်ယာဉ်ပေါ်မှ အကောက်ခွန်မဲ့ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အခဲ၊ အခြမ်း၊ ဖြတ်စ (အရွယ်စုံ)တို့ကို ဩဂုတ်လ တတိယပတ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါအကောက်ခွန်မဲ့ပစ္စည်းများမှာ ကျောက်စိမ်း၊ ကျောက်တုံး၊ ခဲ၊ ခြမ်း၊ ဖြတ်စ(အရွယ်စုံ) စုစုပေါင်း (၅၆၀ ကီလိုဂရမ်)ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၅၆၀ ခန့်ဖြစ်ပြီး ပိုင်ရှင်မဲ့ယာဉ် ကာလတန်ဖိုး ငွေကျပ်သိန်း၂၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ကျောက်စိမ်းများကို မြန်မာ့ကျောက်မျက်ရတနာကုန်စည်ဒိုင်နှင့် ယာဉ်အား အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်း

**ကျောက်တံခါး ဩဂုတ် ၂၅**

ဇူလိုင်လနှင့် ဩဂုတ်လဆန်းပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ကျောက်တံခါးမြို့နယ် အနန်းဘော် ကျေးရွာအုပ်စု အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည် တည်ဆောက်ရေးကာလ၌ လက်လုပ်လက်စား ဆင်းရဲချို့တဲ့နွမ်းပါးသူများအား မြို့ချောင်းအမြန်လမ်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ ဩဂုတ် ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့သည်ဟု သိရသည်။



အဆိုပါ ရေဘေးဒဏ်ခံစားခဲ့ရသော စစ်တောင်းမြစ်အနီး အနန်းဘော်ကျေးရွာအုပ်စု အတွင်းရှိ စုစုပေါင်းကျေးရွာ ခြောက်ရွာမှ အိမ်ထောင်စု ၄၆၃ စု၊ အိမ်ထောင်စုဝင်ပေါင်း ၂၂၀၄ ဦးအတွက် ရေသန့်၊ ခေါက်ဆွဲခြောက်၊ မုန့်ခြောက်၊ အချိုရည်မျိုးစုံတို့အား အနန်းဘော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ပြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးအလယ်ရွာနေ ဦးဝင်းဇော်နှင့် ဇနီးဒေါ်ခင်မာဝင်းမိသားစုကလည်း ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# ကျောက်မဲအဝင်၌ မူးယစ်ဆေးဝါးများဖမ်းမိ

**ကျောက်မဲ ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး(၂) စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်က အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုးမူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်နှင့် ကျောက်မဲမြို့မရဲစခန်းမှ ဒုရဲအုပ် မင်းမင်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်၌ မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် သီပေါမြို့နယ် ပန်ညကျေးရွာဘက်မှ ကျောက်မဲမြို့ဘက်သို့ သန်းထွေးမောင်းနှင်ပြီး နောက်မှ အောင်မိုးစီးနင်းလိုက်ပါလာသည့် နံပါတ်မပါ ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၃၈၀၊ အလေးချိန် ၁၃၈ ဂရမ်ခန့်တို့ကို ရှာဖွေတွေ့ရှိရသဖြင့် သန်းထွေး(၄၅နှစ်)နှင့် အောင်မိုး(၃၉နှစ်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**မလတ်(ကျောက်မဲ)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံး ပြိုင်ပွဲကျင်းပ

**ပြည် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကို ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာ (၃) ထပ်ဆောင်၌ ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်ခရိုင်အတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း (၃)ဆင့်ခွဲ၍ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၂၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၌ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ပြည်ခရိုင် ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲမှူး ခင်မောင်ဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ ကြေးမုံ၊ မြန်မာ့အလင်း၊ မြို့နယ်သတင်းထောက်များနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

**ရွှေဝင်း**

# စိုက်ခင်းတွင်း ပျဉ်းကတိုး သုံးကေခန့် တောခုတ်ဖျက်ဆီးထားသူများအား အမှုဖွင့်

**ကသာ ဩဂုတ် ၂၅**

ကသာမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမျိုးမြင့် ဦးဆောင်သည့် သစ်တောဝန်ထမ်းအဖွဲ့သည် ဩဂုတ် ၂၁ ရက်က ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းအကွက် အမှတ်(၂၄)တွင် သစ်တောဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးထားသော ပျဉ်းကတိုး စိုက်ခင်း ဧက ၄၅၀ စိုက်ခင်းအားစစ်ဆေးခဲ့ရာ စိုက်ခင်းအတွင်း ပျဉ်းကတိုးသုံးဧကခန့်မှာ ပျဉ်းကတိုးပင်များမရှိတော့ဘဲ တောခုတ်ဖျက်ဆီးထားသည်ကို တွေ့ရှိရသဖြင့် စုံစမ်းခဲ့ရာ ကသာမြို့နယ် အင်းဒရန့်ကျေးရွာနေ သိန်းဇော်နှင့်ဇော်ဝင်းတို့နှစ်ဦးဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့နှစ်ဦးအား ကသာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## စက်မှုဝန်ကြီးဌာန
## အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
## သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်
## တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်။ ထို့ပြင် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၌ စီမံကိန်းဝင်ပစ္စည်းများ ယာဉ်အောက်သို့ချခြင်း (Unloading) လုပ်ငန်းများလည်းရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၀၊ နေပြည်တော် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁ တို့သို့ အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

**တင်ဒါပုံစံစတင်ထုတ်ပေးရက်** - ၂၅-၈-၂၀၁၅ ရက်

**တင်ဒါပိတ်ရက်** - ၈-၉-၂၀၁၅ ရက် ၁၂း၀၀ နာရီ

**ထုတ်လုပ်ရေးဌာန**
**အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း**


Japan Tokyo International School (JTIS)

ကျောင်းမိတ်ဆက်ပွဲ နှင့် အထူး Promotion (Seminar) စိတ်ကြားခြင်း

ကြိုတင်စာရင်း ပေးပါရန်

▶ Tokyo မြို့ပေါ် Shinjuku ရှိ JTIS ကျောင်း၏ 2016 ပညာသင်နှစ်အတွက် အထူး Promotion

▶ 29th August 2015 (SAT), (2:00 ~ 5:00 PM)
Sule Shangri-La Hotel (Ball Room) Yangon.

▶ ဧည့်ခံကျွေးမွေး နှင့် လက်ဆောင်ပေးခြင်း အစီအစဉ် ရှိသည်။



JTIS Myanmar : NO. 411 , 4th FLoor, La Pyayt Wun Plaza Dagon Township Yangon.
Ph: 09263224856, 01 382529.
www.facebook/JTIS-Myanmar


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း
## ICTTI Advanced ICT Engineering သင်တန်းများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ JICA တို့ ပူးပေါင်းဖွင့်လှစ်သည့် Information and Communication Technology Training Institute (ICTTI) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် |
|---|---|---|---|
| (၁) | Professional Diploma in Software Engineering Course | ၂၂ ပတ် | ၂-၁၁-၂၀၁၅ ရက် |
| (၂) | Professional Diploma in Network Engineering Course | ၂၂ ပတ် | ၂-၁၁-၂၀၁၅ ရက် |
| (၃) | Advanced Web Development Course (Web Design and PHP Web Development) | ၅ ပတ် | ၂၃-၁၀-၂၀၁၅ ရက် |
| (၄) | Oracle Database 11 g Course (SQL, PL/SQL and DBA) | ၃ ပတ် | ၂-၁၁-၂၀၁၅ ရက် |
| (၅) | Cisco Learning Network Course (Routing & Switching and Voice) | ၄ ပတ် | ၉-၁၁-၂၀၁၅ ရက် |
| (၆) | Project Management Course | ၄ ပတ် | ၇-၁၂-၂၀၁၅ ရက် |
| (၇) | Advanced Server Course(Virtualization and LDAP) | ၇ ပတ် | ၂၁-၁၂-၂၀၁၅ ရက် |
| (၈) | Java Framework-based Development Course (Spring 3) | ၂ ပတ် | ၁၁-၁-၂၀၁၆ ရက် |
| (၉) | Mobile Phone System Development Course | ၄ ပတ် | ၈-၂-၂၀၁၆ ရက် |
| (၁၀) | Web and Cloud System Development Course | ၄ ပတ် | ၇-၃-၂၀၁၆ ရက် |

၂။ အမှတ်စဉ်(၁)နှင့်(၂)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ သင်တန်းကို ရွေးချယ် လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၃) သင်တန်းအတွက် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၄) သင်တန်းအတွက် Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅) သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ်(၆) သင်တန်းအတွက် IT Professional အဖြစ် အသက်မွေးဝမ်းကျောင်းမှုသက်တမ်း အနည်းဆုံး (၅)နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။

၇။ အမှတ်စဉ်(၇) သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၈။ အမှတ်စဉ်(၈) သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၉။ အမှတ်စဉ်(၉)နှင့် (၁၀) သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်းနှင့် IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၁၀။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ အချိန်ပြည့် သင်တန်းများဖြစ်သည်။

၁၁။ သင်တန်းအောင်မြင် ပြီးဆုံးပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ(JICA)တို့မှ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၁၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/ B.Tech(IT)/B.E(IT)/B.Sc(Computer Science)/M.C.Sc/M.C.Tech/ M.I.Sc/M.A.Sc/M.E(IT)/M.Sc(Computer Science) (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့(သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Professional Diploma in Network Engineering သင်တန်းအတွက် အဆိုပါ ဘွဲ့များအပြင် B.Tech(EC), B.E(EC), M.E(EC) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက် မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၁၃။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၈-၉-၂၀၁၅ (သောကြာနေ့) | Online ဝင်ခွင့်စာမေးပွဲ | နံနက် ၁၀း၀၀နာရီ | ICTTI သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၄။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း ICTTI သင်တန်းဌာနတွင် ၁၅-၉-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၅။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန ဖုန်း-၀၁-၆၆၁၇၁၄၊ ၀၁-၆၆၂၃၂၉၊ ၀၁-၆၅၂၅၄၂ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း
## IMCEITS Advanced ICT Engineering သင်တန်းများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ၊ CDAC တို့ပူးပေါင်းဖွင့်လှစ်သည့် India-Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် |
|---|---|---|---|
| (၁) | Professional Diploma in Java Programming Course (DJP) | ၂၄ ပတ် | ၂-၁၁-၂၀၁၅ |
| (၂) | Professional Diploma in MS. Net Programming Course (D.NET) | ၂၄ ပတ် | ၂-၁၁-၂၀၁၅ |
| (၃) | Professional Diploma in Wireless and Mobile Computing Course (DWMC) | ၂၄ ပတ် | ၂-၁၁-၂၀၁၅ |
| (၄) | Professional Certificate in Android Programming Course | ၈ ပတ် | ၂-၁၁-၂၀၁၅ |
| (၅) | Professional Certificate in Web Technologies Course | ၈ ပတ် | ၅-၁-၂၀၁၆ |
| (၆) | Professional Certificate in Linux Course | ၈ ပတ် | ၇-၃-၂၀၁၆ |

၂။ အမှတ်စဉ်(၁)၊ (၂)နှင့်(၃)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး Software Program များကို မိမိကိုယ်တိုင်ရေးသားနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ မိမိ၏ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၄)သင်တန်းသည် Mobile Phoneများပေါ်တွင် Mobile Application Programများကို ရေးသားနိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပေးသော သင်တန်းဖြစ်သည်။ IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming Course (DJP) (သို့မဟုတ်)Professional Diploma in Wireless and Mobile Computing Course(DWMC) သင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၅)သင်တန်းသည် Web Application များကို ရေးသားနိုင်ရန် သင်ကြားပေးသောသင်တန်းဖြစ်သည်။ Programming အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၆)သင်တန်းသည် Linux Operating System တွင် Linux Administration & Management များပြုလုပ်နိုင်ရန် သင်ကြားပေးသောသင်တန်းဖြစ်သည်။ Linux အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့် သင်တန်းများဖြစ်သည်။

၇။ သင်တန်းအောင်မြင်ပြီးဆုံးပါက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ၊ CDACတို့မှ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၈။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/ B.C.Tech/B.Tech (IT)/B.E(IT)/B.Sc (Computer Science)/M.C.Sc/M.C.Tech/ M.I.Sc/M.A.Sc/M.E(IT)/M.Sc (Computer Science) ဘွဲ့တစ်ခုခု ရရှိပြီးသူ(သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့(သို့မဟုတ်)Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၉။ သင်တန်းလျှောက်ထားသူများသည် အောက်ပါရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၉-၉-၂၀၁၅ (စနေနေ့) | Online ဝင်ခွင့်စာမေးပွဲ | နံနက် ၁၀း၀၀ နာရီ | IMCEITS သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၀။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း၊ IMCEITS သင်တန်းဌာနတွင် ၁၅-၉-၂၀၁၅ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၁။ အခြားသိရှိလိုသည်များရှိပါက IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

## INVITATION FOR OPEN TENDER(6/2015)
## TENDER NO.MPPE/HSD/T/1(2015-2016)

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Energy for the supply of High Speed Diesel (752,000±10% Barrels)
2. **Tender Closing Date & Time** - 9-9-2015,12:00Hrs
3. **Tender Opening Date & Time** - 9-9-2015,13:00Hrs
4. **Delivery Time** - October 2015 to January 2016
5. Tender documents and details information are available at the Department of Finance,Myanma Petroleum Products,Nay Pyi Taw,during our office hours commencing 26-8-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy,No(6)Complex,Nay Pyi Taw**
**Contact Phone No.**
**067-411487/411486/411280**

## ဝိဇ္ဇာတမွေးနေ့မင်္ဂလာ
## မင်္ဂလာ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ဖိုးသိန်းတန်ကျေးရွာအနီးရှိ ရေးဟောင်းသမိုင်းဝင် ရဟန္တာ(၈၀) သိမ်တော်ကြီးကျောင်းတိုက်၏ ဦးစီးပဓာန နာယက နယ်လှည့်သာသနာပြု ဆရာတော် ဘဒ္ဒန္တခေမာစာရ(မှဲ့ရှင်ဆရာတော်ကြီး)၏ (၈၃)နှစ်မြောက် ဝိဇ္ဇာတမွေးနေ့မင်္ဂလာ ပူဇော်ပွဲအား နှစ်စဉ်ကြီးကျယ် ခမ်းနားစွာ ပူဇော်ကျင်းပခဲ့သည့်အတိုင်း ယခု(၈၃)ကြိမ်မြောက် ဝိဇ္ဇာတမွေးနေ့မင်္ဂလာပူဇော်ပွဲအား တစ်ဖက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါသဖြင့် ကြွရောက်ပူဇော်သမှုပြုနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ မေတ္တာရှေ့ထားဖိတ်ကြားအပ်ပါသည်။

**ဝိဇ္ဇာတမွေးနေ့ပူဇော်ပွဲကျင်းပရေးအဖွဲ့**

### "ဝိဇ္ဇာတမင်္ဂလာအစီအစဉ်"

**မင်္ဂလာရက်** - ၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း(၁၄)ရက်
၂၉-၈-၂၀၁၅ ရက်(စနေနေ့)
**မင်္ဂလာအချိန်** - ညနေ ၇း၀၀နာရီမှ ည ၁၂း၀၀နာရီအထိ
**မင်္ဂလာအစီအစဉ်** - နယ်လှည့်သာသနာပြု မှဲ့ရှင်ဆရာတော်ကြီးအားပူဇော်သည့်အနေဖြင့် နိုင်ငံကျော်အဆိုတော် စိုးစန္ဒာထွန်း၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် မိုးပြည့်ပြည့်မောင်နှင့်အနုပညာရှင်များမှ ဦးစီးကာ ဓမ္မနှင့် တေးသံစုံများ၊ ဟာသသရုပ်ဆောင်များဖြင့် ဧည့်ခံဖျော်ဖြေပြီး ရေဘေးသင့်ပြည်သူများသို့ ရရှိသောအလှူငွေများကို ဝိဇ္ဇာတမွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ပေးလှူမည်ဖြစ်ပါသည်။
**မင်္ဂလာရက်** - ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့
၃၀-၈-၂၀၁၅ ရက်(တနင်္ဂနွေနေ့)
**မင်္ဂလာအချိန်** - နံနက် ၈း၀၀နာရီမှ ၁၁း၀၀နာရီအထိ
နယ်လှည့်သာသနာပြု မှဲ့ရှင်ဆရာတော်ကြီးမှ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ချီးမြှင့်မည်ဖြစ်ပါသည်။
**မင်္ဂလာနေရာ** - ရှေးဟောင်းသမိုင်းဝင် ရဟန္တာ(၈၀)သိမ်တော်ကြီးကျောင်းတိုက် ရွှေတောင်မြို့

### မွေးသက္ကရာဇ်မှန်

ရမည်းသင်းမြို့နယ်၊ ရွာတန်းသဲကျွန်းအုပ်စု၊ တိန်းညက်ကုန်းကျေးရွာနေ ဦးကျင်အောင်၏သား ဦးဇော်ခင် ၉/ရမသ(နိုင်)၀၇၈၆၇၁၏မွေးသက္ကရာဇ်အမှန်မှာ ၁-၁၀-၁၉၇၀ ဖြစ်ပါကြောင်း။ **ဦးဇော်ခင်**

### ဖခင်အမည်မှန်

